# မြန်မာ့အလင်း

အတွဲ (၅၄) အမှတ် (၁၇၃)

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်　　၂၀၁၅ ခုနှစ်၊ မတ် ၂၂ ရက်၊ တနင်္ဂနွေနေ့။


## မေတ္တာသည် သီတာရေစင်

မေတ္တာတရားတည်ရှိရာ ထွန်းကားရာ အရပ်များ၌ မည်သို့သော ချမ်းသာမှုမျိုးနှင့်မျှမတူသော ချမ်းမြေ့မှုများ ကိန်းဝပ်နေမြဲဖြစ်၏။

ထို့ကြောင့် သီလကို ပန်းရန့်နှင့်နှိုင်း၏။

မေတ္တာကို သီတာရေစင်နှင့် ဥပမာပြုကြသည်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး လားရှိုးမြို့ သုခဝိဟာရကန်မိန်းဓမ္မာရုံတော်ကြီးဖွင့်ပွဲတက်ရောက်



**နေပြည်တော်　မတ်　၂၁**

လားရှိုးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (လားရှိုး)၌ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ခန့်အပ်ထားသော ဆရာဝန်သစ်လွင်များအား တာဝန်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပြည်သူအားလုံးတစ်ပြေးညီ ကျန်းမာရေး စောင့်ရှောက်မှုရရှိစေရေးနှင့် ဒေသတွင်းနိုင်ငံများနည်းတူ ကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နှစ်အလိုက် ခွင့်ပြုဘဏ္ဍာငွေဖြင့် ဆေးရုံ၊ ဆေးခန်း၊ ဆေးဝါးလိုအပ်ချက်များကို ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ဒေသအားလုံး ဟန်ချက်ညီညီတိုးတက်စေရန် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ဆေးရုံ၊ ဆေးခန်းများ တိုးတက်လာသည်နှင့် အမျှကျန်းမာရေးဝန်ထမ်း ခန့်ထားရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုဆိုလျှင် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသအတွက် ဆရာဝန် ၄၂ ဦး ခန့်ထားပေးနိုင်ပြီ ဖြစ်ပါကြောင်း၊ ယခု လုပ်ငန်းခွင်ဝင်ရောက်ကြမည့် ဆရာဝန်သစ်လွင်များကလည်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စေတနာထား ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သုခဝိဟာရကန်မိန်းဓမ္မာရုံတော်ကြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)




ယနေ့ မာတိကာ

နေကြတ်ခြင်းကို ဥရောပပြည်သူများ မြင်တွေ့ရမည် — စာမျက်နှာ » ၄

ပြည်သူ၏ “သား”၊ ပြည်၏ “အား” — ဆောင်းပါး — စာမျက်နှာ » ၆

မျိုးဆက်သစ်တို့ မျှော်လင့်သံ — အမေး/အဖြေ — စာမျက်နှာ » ၉

ယာဉ်မောင်းထွက်ပြေးသွားသော ယာဉ်ပေါ်မှ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ — စာမျက်နှာ » ၁၄


## မန္တလေးမြို့၌ သင်္ကြန်မဏ္ဍပ်များတည်ဆောက်နေ

သတင်း-ဝေယံဦး

**ရန်ကုန်　မတ်　၂၁**

မန္တလေးသင်္ကြန်။ မန္တလေးနန်းမြို့ရိုးနှင့် ကျုံးရေပြင်တို့က သင်္ကြန်မဏ္ဍပ်များနှင့် နှစ်စဉ်ဒွန်တွဲနေဆဲ၊ ခွဲခြားမရသော မန္တလေးသင်္ကြန်နှင့် ကျုံးပတ်လည်သင်္ကြန်မဏ္ဍပ်များက မန္တလေးသင်္ကြန်အလှကို ရုပ်လုံးကြွစေသည်မှာ အမှန်ပင်။ လာမည့် ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ စတင်ကာ သင်္ကြန်ပွဲတော်ဆင်နွှဲရန် မန္တလေး၌ သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်နေကြပြီဖြစ်သည်။

“ဒီနှစ်သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ဖို့အတွက် ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကတည်းက မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်လွှာတွေစတင်လက်ခံပါတယ်။ ဒီနှစ်မဏ္ဍပ်ဆောက်လုပ်မှုအနေအထားကတော့ မနှစ်ကထက် မဏ္ဍပ်အရေအတွက် နည်းနည်းလျော့သွားတယ်လို့ပြောရမှာပါ”ဟု မန္တလေးမြို့စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးမြို့ နန်းမြို့ရိုး ကျုံးပတ်လည်၌ သင်္ကြန်မဏ္ဍပ်များဆောက်လုပ်မှုမှာ ကျုံးတောင်ဘက်ခြမ်း၌

*စာမျက်နှာ ၃ ကော်လံ ၁* ❀

## တပ်မတော်စစ်ကြောင်းများက ပွိုင့်-၁၅၆၄ တောင်ကုန်းအား သိမ်းပိုက်ရရှိ

**နေပြည်တော် မတ်　၂၁**

နှစ်နိုင်ငံနယ်စပ်နှင့် မီတာ ၁၅၀၀ ခန့်အကွာတွင် ရှိသော ကိုးကန့် သောင်းကျန်းသူများအတွက် စစ်နည်းဗျူဟာလိုအပ်ချက်တောင်ကုန်းများဖြစ်သည့် ပွိုင့်-၁၅၆၄ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက တိုက်စစ်ဆင်ချေမှုန်းတိုက်ခိုက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပွိုင့်-၁၅၆၄ တောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့သည်။ ထို့အတူ ရှင်ခုတ်ထန် မြောက်ဘက်တောင်ကြောရှိ ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

အလားတူ ယနေ့တွင် တပ်မတော်စစ်ကြောင်းများက ရှင်ပင်ကိုင်းကျေးရွာအနီးရှိ ပွိုင့်-၁၉၆၈ တောင်ကုန်းနှင့် ပွိုင့်-၁၉၅၁ တောင်ကုန်းများအား ရှင်းလင်းသိမ်းပိုက်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ✪




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာ့ဆန်အရည်အသွေးမြှင့်တင်

မြန်မာနိုင်ငံသည် အာရှတိုက်၏ ဆန်ရောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နှစ်စဉ် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြား ငွေရှာဖွေပေးလျက်ရှိပါသည်။ သို့ရာတွင် ငွေကြေးအရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များအရ ပြည်ပဈေးကွက်အကြိုက် ဆန်အရည်အသွေးမြှင့်တင်ရန် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ ဆန်အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်ဝေစုများ တိုးပွားလာမည်ဖြစ်သကဲ့သို့ ပြည်ပတင်ပို့မှုများ မြင့်မားလာမည်ဖြစ်ပါသည်။

ဖျာပုံပေါ်ဆန်းမွှေးနှင့် ရွှေဘိုပေါ်ဆန်းမွှေးဆန်များသည် မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံး ဆန်မွှေးများဖြစ်ပါသည်။ ဤဆန်မွှေးများကို မြန်မာနိုင်ငံ၏မူပိုင်ခွင့်ရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ဆန်၏အရည်အသွေးကို မြှင့်တင်ပေးရန် လိုအပ်ချက်များရှိနေပါသည်။ အရည်အသွေးမြင့်မားသောဆန်များ ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် စားသုံးသူများ၏ ယုံကြည်မှုရရှိကာ ဈေးကွက်ဝေစုတိုးပွားလာမည်ဖြစ်ပါသည်။

အရည်အသွေးမီသောဆန်များ ထုတ်လုပ်ရာတွင် အဓိကအားဖြင့် ခေတ်မီကြိတ်ခွဲစက်များ၊ ဆန်အရောင်တင်စက်များ၊ ဆန်အရောင်မညီရွေးထုတ်စက်များ၊ ကျောက်ခဲခွဲထုတ်စက်များ လိုအပ်မည်ဖြစ်ပါသည်။ ဤကဲ့သို့ ဆန်အရည်အသွေးသန့်စင်စက်များကို ပြည်ပမှ အလွယ်တကူမှာယူတင်သွင်းနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲတင်ပို့နိုင်ခြင်းအားဖြင့် ဈေးနှုန်းပိုမိုရရှိလာမည်ဖြစ်သကဲ့သို့ ဈေးကွက်ယှဉ်ပြိုင်မှုလည်း မြင့်မားလာမည်ဖြစ်ပါသည်။ ဤအချက်ကို သုံးသပ်လေ့လာခြင်းဖြင့် ပြည်ပသို့ဆန်တင်ပို့မှုလုပ်ငန်း တိုးတက်လာရေးသည် အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းသောဆန်များ စိုက်ပျိုးထုတ်လုပ်ရုံဖြင့်မပြီးဘဲ ကြိတ်ခွဲထုတ်လုပ်မှုအပိုင်းသည်လည်း အလွန်အရေးကြီးကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၌ ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းအများစုတွင် သာမန်ကြိတ်ခွဲထုတ်လုပ်မှုအဆင့်သာ တွေ့ရမည်ဖြစ်ပါသည်။ ခေတ်မီကြိတ်ခွဲသန့်စင်စက်များ အသုံးပြုထုတ်လုပ်မှုနည်းပါးနေဆဲဖြစ်ပါသည်။ အရည်အသွေးကောင်းသောဆန်များရရှိရန် စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရမည်ဖြစ်သကဲ့သို့ ခေတ်မီကြိတ်ခွဲသန့်စင်စက်များ အသုံးပြုနိုင်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

သို့ပါ၍ အရည်အသွေးကောင်းမွန်သောဆန်များ ထုတ်လုပ်နိုင်ရန် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ဒေသတွင်းရှိဆန်စပါးကဏ္ဍမှ အသင်းအဖွဲ့တာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များအားလုံးက ကောင်းမွန်သည့် စိုက်ပျိုးနည်းစနစ်ဖြင့် ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်းလုပ်ငန်းများကို စနစ်ကျနစွာ ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများအပိုင်းကလည်း ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

# အရည်အသွေး တိုးတက်မြင့်မားအောင် အစဉ်အမြဲ ကြိုးပမ်းအားထုတ်

**ဟားခါး မတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးသည် မတ် ၁၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခမ်လျန်ဆုမ်း၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် (ဟားခါး) စက်ရုံတာဝန်ခံ ဦးအောင်တလိန်းနှင့် မြန်မာ့ရုပ်ရှင် မြှင့်တင်ရေးဦးစီးဌာန(ဟားခါး)မှ တာဝန်ခံ ဦးဟန်ခန့်ဒါလ်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။




ထို့နောက် ဒုတိယဝန်ကြီးက မှာကြားရာတွင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ တီထွင်ကြံဆ လုပ်ကိုင်ဆောင်ရွက်တတ်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ပါးသူ၏ အကြံဉာဏ်ကို လက်ခံယူပြီး မိမိကိုယ်ကို အရည်အသွေးတိုးတက်မြင့်မားအောင် အစဉ်အမြဲ ကြိုးပမ်းအားထုတ်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ အဆင့်၊ ရာထူးများနှင့်အညီ အလုပ်တာဝန်များကို လေးစားလိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ အဆောက်အအုံနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနပိုင် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်စံပြကျေးရွာမှ ကလေးငယ်များအတွက် မဟာရန်ကုန် ဓမ္မရိပ်သာကျောင်းတိုက်၌ နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၁၉ ရက် သင်တန်းဖွင့်ပွဲနေ့တွင် သင်တန်းမှူး ဆရာတော် ဘဒ္ဒန္တဓမ္မာစာရ (ဂန္ထဝါစကပဏ္ဍိတ)နှင့် သင်တန်းသား ကလေးငယ်များအား တွေ့ရစဉ်။ (လ/၀၃၆)




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၇-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၂ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၄၈၀-၁၅၁၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၀၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၅၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း





**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ခန့်အပ်ထားသော ဆရာဝန်သစ်လွင်များအား တာဝန်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

** ရှေ့ဖုံးမှ*

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ရှမ်းပြည်နယ် လားရှိုးဒေသတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်သစ်လွင်များအနေဖြင့် မကြာမီ လုပ်ငန်းခွင်သို့ဝင်ရောက်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ကြတော့မည်ဖြစ်ရာ ဆရာဝန်သစ်လွင်များအနေဖြင့် ပြည်သူများအား ကိုယ်ချင်းစာတရားထားရှိကြရန်၊ စေတနာ၊ အနစ်နာ၊ ကရုဏာတရားထားပြီး စောင့်ရှောက်သွားကြရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ထူးချွန်သည့်ဆရာဝန်ကြီးများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် (မြောက်ပိုင်း ) လားရှိုးဒေသရှိ ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်သစ်လွင်များအား တာဝန်အပ်နှင်းလွှာများကို ပေးအပ်သည်။

ယင်းနောက် ဆရာဝန်သစ်လွင်များကိုယ်စား ဆရာဝန်သစ်လွင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ဆရာဝန်သစ်လွင်များအား မှာကြားရာတွင် တစ်နိုင်ငံလုံးအနေအထားဖြင့် ယခုချိန်အထိ ဆရာဝန်သုံးသောင်းကျော် ဆေးကျောင်းတက်ရောက်အောင်မြင်ခဲ့သော်လည်း အဆိုပါဆရာဝန်များထဲမှ အကြောင်းကြောင်းကြောင့် ပြည်ပရောက်ရှိနေသူများ၊ ဆေးပညာနယ်ပယ်တွင် မရှိတော့သူများရှိပါကြောင်း၊ ယခုအခါတွင် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ယူနေကြသူ ကျန်းမာရေးဝန်ထမ်းများ တစ်သောင်းနီးပါးမျှသာ ကျန်ရှိတော့ပါကြောင်း၊ သို့ဖြစ်၍ ဆရာဝန်များစွာ လိုအပ်နေပါကြောင်း။

ယခုဆရာဝန်သစ်လွင်များအား စာတွေ့နယ်ပယ်တွင်သာမက လက်တွေ့နယ်ပယ်တွင် လျင်မြန်စွာအတွေ့အကြုံကောင်းရရှိစေရန် ဆေးရုံကြီးများတွင် ဦးစွာတာဝန်ချပေးခြင်းဖြစ်ပါကြောင်း၊ ထို့ပြင်ဆရာဝန်သစ်လွင်များအနေဖြင့် အတွေ့အကြုံများစွာရှိသည့် ဆရာဝန်ကြီးများထံမှ လေ့လာဆည်းပူးကြစေလိုကြောင်း၊ ယခုတတ်မြောက်ပြီး ဆေးပညာအပြင် ပါရဂူဘွဲ့များရရှိအောင် ဆက်လက်ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်း၊ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအနေဖြင့် ဆရာဝန်ကျင့်ဝတ်ကို တန်ဖိုးထားထိန်သိမ်းရမည်ဖြစ်ပြီး မိမိတို့ကုသရမည့်လူနာများအား စေတနာ၊ ကရုဏာ၊ အနစ်နာဖြင့် စောင့်ရှောက်ကုသပေးကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်အတွင်း တည်ဆောက်ပြီးစီးသွားသည့် သုခဝိဟာရ ကန်မိန်းဓမ္မာရုံတော်ကြီး ဖွင့်ပွဲနှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရှမ်းပြည်နယ် တောင်ကြီးမြို့ သာသနဝိပုလ ဓာတ်တော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ပညာနန္ဒ၊ ကန်မိန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီးဒေါ်ဖြူဖြူညွန့်၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဓမ္မာရုံဂေါပကဥက္ကဋ္ဌ ဦးဆန်မန်တို့က သုခဝိဟာရကန်မိန်းဓမ္မာရုံတော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သုခဝိဟာရကန်မိန်း ဓမ္မာရုံတော်ကြီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးနောက် မင်္ဂလာကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီး အမှူးပြုသော ပရိသတ်များက လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီးက အာရာမကသံဃိကဒါနအဖြစ် သုခဝိဟာရ ကန်မိန်းဓမ္မာရုံတော်ကြီးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကန်မိန်းကျောင်း ဆရာတော်ထံ ကိုယ်တိုင်လက်ရောက်ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မာရုံအတွက်အလှူငွေကျပ်သိန်း ၁၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်မန်ထံ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဓမ္မာရုံအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဓမ္မာရုံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဗိသုကာအင်ဂျင်နီယာများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ရှမ်းပြည်နယ်တောင်ကြီးမြို့ သာသနဝိပုလ ဓာတ်တော်ကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်ဇနီးတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

*❀ ရှေ့ဖုံးမှ*

အများဆုံး တည်ဆောက်ကြသည်။ ကျုံးတောင်ဘက်အခြမ်းတွင် အယ်လ်ပိုင်းမဏ္ဍပ်၊ ပန်ဒိုရာ မဏ္ဍပ်၊ အမ်ဘီအေမဏ္ဍပ်၊ မြို့တော်ဝန်မဏ္ဍပ်၊ သင်္ကြန်မိုးမဏ္ဍပ်၊ နန်းမြို့သူမဏ္ဍပ်၊ ဆင်ခြောက်ကောင်ဖိနပ်မဏ္ဍပ်စသည့်တို့ တည်ဆောက်လျက်ရှိသည်။

မန္တလေးနန်းမြို့ရိုးတန်းအရှေ့ဘက်ခြမ်းတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန မဏ္ဍပ်၊ တပ်မတော်(လေ) မဏ္ဍပ်၊ စရဖမဏ္ဍပ်၊ ဟိုတယ်နှင့်ခရီး မဏ္ဍပ်၊ ကြံ့ခိုင်ရေးကောင်ဘိလပ်မြေမဏ္ဍပ်၊ ကိုကာကိုလာမဏ္ဍပ်စသည့်မဏ္ဍပ်များ ဆောက်လုပ်မည်ဖြစ်သည်။

မန္တလေးမြို့တွင်း၌ ယခုနှစ်သင်္ကြန်ပွဲတော်အတွက် သင်္ကြန်မဏ္ဍပ်ငါးခုဆောက်လုပ်ရန် လျှောက်ထားရာ တံခွန်တိုင်အဝိုင်းရှိ တံခွန်မောင်မယ် မဏ္ဍပ်၊ ၆၂လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားတွင် ရတနာတိုင်းပြည်မဏ္ဍပ်နှင့် ရတနာမိုးမဏ္ဍပ်အပြင် ၃၅ လမ်း၊ ၇၂ လမ်းနှင့် ၇၁ လမ်းကြား ရှိ ဒင်္ဂါးမဏ္ဍပ်၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြားရှိ ရှမ်းတိုင်းရင်းသားများ သာရေးနာရေးအသင်းမဏ္ဍပ်တို့ ဖြစ်သည်။

မန္တလေးသင်္ကြန်ပွဲတော်ကာလတွင် သင်္ကြန်မဏ္ဍပ်ကြီးများ တည်ဆောက်မှု ယခင်နှစ်ကထက် နည်းသော်လည်း နိုင်ငံကျော် ဂီတအနုပညာရှင်များ၊ ရုပ်ရှင်အနုပညာရှင်များ လာရောက်ဖျော်ဖြေမှုရှိမည်ဖြစ်ရာ စည်ကားသိုက်မြိုက်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

**ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့**

*❍ ကျောဖုံးမှ*

ယခု ဖွဲ့စည်းထားသော မလေးရှားယူ-၂၂ အသင်းမှာ အာရှခြေစစ်ပွဲအတွက်သာ ပြင်ဆင်နေခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့်အသင်း၌ အနည်းငယ်သာ ပါဝင်ဖွယ်ရှိနေသည်။

မြန်မာယူ -၂၂ အသင်းမှာ အာရှခြေစစ်ပွဲနှင့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့အတွက် တစ်ပေါင်းတည်းလေ့ကျင့်နေခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲတွင်မူ အသက်မီသည့် ကစားသမားများကို ထပ်မံအားဖြည့်သွားမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းမှာ ယခုခြေစစ်ပွဲအတွက် ပြင်ဆင်ချိန်နှစ်ပတ်ကျော်သာရှိသေးပြီး ကစားသမားများ မစုံလင်မှုကြောင့် လူစုံလေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ မြန်မာယူ -၂၂ အသင်းသည် ခြေစစ်ပွဲအကြိုခြေစမ်းပွဲ သုံးပွဲကစားထားရာ ဖီဂျီယူ -၂၀ အသင်းနှင့် ဂိုးမရှိ သရေကျခဲ့ပြီး ဂျပန် ယူ -၂၂ အသင်းကို ကိုးဂိုး - ဂိုးမရှိ ထိုင်း ယူ -၂၂ အသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ထားသည်။

ယခုခြေစမ်းပွဲတွင် ကွင်းဝင်ကြေးအဖြစ် အထူးတန်း-ငွေကျပ် ၃၀၀၀၊ ရိုးရိုးတန်းငွေကျပ် ၁၀၀၀ သတ်မှတ်ထားသည်။

မြန်မာ ယူ -၂၂ အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြ ဦးကျော်လွင်နှင့် ဦးမြင့်ကို ၊ ဂိုးနည်းပြ ဦးအောင်သက်၊ ကစားသမားများအဖြစ် **ဂိုး**-ကျော်ဇင်ဖြိုး၊ ဇော်ဇော်နိုင်၊ ရန်အောင်လင်း၊ **နောက်တန်း**- ဇော်ဝင်း၊ ဖြိုးကိုကိုသိန်း၊ တလွန်ဟုပ်ထန်း၊ စည်သူအောင်၊ ဟိန်းသီဟဇော်၊ ကျော်ဇင်လွင်၊ ကိုကိုဟိန်း၊ ဇော်ရဲထွန်း၊ **အလယ်တန်း**- နေလင်းထွန်း၊ ချစ်စုမိုး၊ လှိုင်းဘိုဘို၊ အောင်ရှိုးသာမောင်၊ ဖွန်မိုးအောင်၊ မျိုးမင်းဇော်၊ သီဟဇော်၊ **ရှေ့တန်း**- ကောင်းဆက်နိုင်၊ ရှိုင်းသူရ၊ သန်းထက်အောင်တို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

*❒ ကျောဖုံးမှ*

ယင်းခြေစမ်းခရီးစဉ်များတွင် ဟန်ဂေရီယူ -၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး အခြားခြေစမ်းပွဲများကစားရန် ကလပ်အသင်းများနှင့် ညှိနှိုင်းသွားမည်ဖြစ်သည်။

ခြေစမ်းပွဲသွားရောက်ကစားမည့် မြန်မာယူ -၂၀ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးဝင်း၊ နည်းပြချုပ်- ဂဝတ်ဖရိုင်းဒရစ်၊ နည်းပြ-ဦးညီညီလတ်၊ လက်ထောက်နည်းပြ ဦးမြကိုမင်း၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ စတီဖင်၊ အကြောပြင်နည်းပြ ဂျူးဒစ်၊ ကစားသမားများအဖြစ် **ဂိုး**-မျိုးမင်းလတ်၊ ဝေလင်းအောင်၊ ပြည့်စုံချစ်၊ ချစ်ကိုကို၊ **နောက်တန်း**- ထိုက်ထိုက်အောင်၊ နန္ဒကျော်၊ သီဟထက်အောင်၊ နန်းဝေမင်း၊ နိုင်လင်းထွန်း၊ လှိုင်မျိုးအောင်၊ အောင်မိုးထွေး၊ မျိုးဇော်ဦး၊ **အလယ်တန်း**- ငြိမ်းချမ်းအောင်၊ ကျော်မင်းဦး၊ စွမ်းထက်အောင်၊ မျိုးကိုထွန်း၊ ရန်နိုင်ဦး၊ ရန်လင်းအောင်၊ မောင်မောင်စိုး၊ ရွှေဝင်းထွန်း၊ **ရှေ့တန်း**-အောင်သူ၊ သန်းပိုင်၊ စိုးထွန်းနှင့် မောင်မောင်လွင်တို့ပါဝင်ကြသည်။

ဥရောပခြေစမ်းခရီးစဉ် သွားရောက်သည့် မြန်မာယူ-၂၀ အသင်းသည် အမာခံကစားသမားအများစုကို ဆက်လက်ရွေးချယ်ခဲ့ပြီး အသစ်ရွေးချယ်ထားသည့် လူသစ်ကစားသမားလေးဦးကို ခေါ်ယူသွားခဲ့သည်။ မြန်မာယူ-၂၀ အသင်းသည် နောက်ဆုံးကစားခဲ့သော ခြေစမ်းပွဲတွင် မလေးရှား ယူ -၂၂ အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။



ပြည်တွင်းသတင်း

# ပိဿာချိန်တစ်သောင်းတစ်ထောင်ကျော် အလေးချိန်ရှိသည့် ကြေးခေါင်းလောင်းတော်ကြီး မန္တလေး တမ္ပဝတီရပ်ကွက်တွင် လူအင်အား ၃၀၀ကျော်နှင့် ညလုံးပေါက် သွန်းလောင်း



**မန္တလေး မတ် ၂၁**

မန္တလေး တမ္ပဝတီ(ကြေးသွန်းခတ်တန်း)တွင် ပိဿာချိန် တစ်သောင်းတစ်ထောင်ကျော်ရှိ ခေါင်းလောင်းတော်ကြီးအား မတ် ၂၀ ရက်က ကြေးသွန်းပညာရှင် အင်အား ၃၀၀ကျော်ဖြင့် တစ်ညလုံး အရည်ကျိုသွန်းလောင်း၍ ၁၅ ရက်ခန့် မြေအောက်ထားရှိပြီးမှ အချောကိုင်အဆင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

မသွန်းလောင်းမီ ပေ ၂၀ ပတ်လည်နှင့်အနက် ၁၀ ပေရှိ မြေကျင်းထဲတွင် သံဖရိန်အဆင့်၊ မြေကိုင်၊ ဖယောင်းတင်၊ မြေပုံဖမ်း စသည့်အဆင့်ဆင့်တို့ကို ရှစ်လကြာ ပြင်ဆင်ပြီးနောက် ကြေးပိဿာချိန် ၁၄၀၀၀ ခန့်အသုံးပြု သွန်းလောင်းခြင်းဖြစ်သည်။

"သာယာဝတီမင်း ကုသိုလ်ခေါင်းလောင်းပုံ နမူနာယူထားတယ်။ ၁၉ ရက်နေ့ ညပိုင်းမှာ ကြေးသွန်းပညာရှင် ၃၀၀ကျော်က ကြေးရည်ကျိုတဲ့မီးဖို ၃၂ ဖိုနဲ့ တစ်ညလုံး ကျိုတယ်။ မနက်မှာ နေ့ချင်းပြီး သွန်းလောင်းတယ်" ဟု ခေါင်းလောင်းသွန်းလောင်းသူ ဦးသန်းမောင်က ပြောသည်။

အဆိုပါ ခေါင်းလောင်းတော်ကြီးကို" နိတ်ဘူတ မဟာသီတလ" ဘွဲ့အမည်ဖြင့်ထား ဝယ်မြို့၊ ရွှေတောင်စားစေတီတော်ပရိဝုဏ်တွင် ၂၅၀ နှစ်မြောက် အဖြစ်ထားရှိမှာဖြစ်၍ ကြေးပိဿာချိန် ၁၁၀၀၀ ကျော်ဖြစ်ပြီး ခေါင်းလောင်းအဝမှာ ခုနစ်ပေနှင့် ခြောက်လက်မကျယ်ဝန်း၍ နှုတ်ခမ်းသားအထူ ၁၁ လက်မနှင့် အမြင့် ၁၇ ပေရှိကြောင်း သိရသည်။

"ခေါင်းလောင်းရဲ့ အပေါ်မှာ လောကနတ် ကြေးသွန်းရုပ်လုံးနဲ့ အပေါ်ကဆွဲထားမယ့် ပုစွန်တုပ်ကိုင်းမှာ နယားရုပ်လုံးပုံတွေပါမယ်။ နောက်ထပ် ၁၅ ရက်လောက်မှာ မြေထဲကဖော်ပြီး အချောကိုင် အရောင်တင်မယ်။ တစ်လခွဲလောက်ကြာရင် လက်စသတ်ပြီးစီးမှာဖြစ်ပြီး ကုန်းလမ်းကသယ်မှာပါ" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးမြို့ တမ္ပဝတီရပ်ကွက်သည် အစဉ်အဆက် ရုပ်ပွားတော်များ၊ အခြားရုပ်တုများ၊ ခေါင်းလောင်းကြီးများ စသည်တို့ကို မြန်မာ့ရိုးရာကြေးသွန်းအတတ်ပညာဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း ဝိုင်းဝန်းကူညီကြေးသွန်းခြင်းမှာလည်း ရှေးအစဉ်အလာအတိုင်း ပညာရှင်များ ကူညီသွန်းလောင်းလေ့ရှိကြောင်း သိရသည်။

မြန်မာ့မှု ကြေးသွန်းပညာရှင်တစ်ဦးကပြောကြားရာတွင် ကြီးမားသည့် ကြေးသွန်းမှုများတွင် တစ်ဦးတည်းလုပ်ဆောင်ရန် ခဲယဉ်းသဖြင့် ကြေးသွန်းပညာရှင်များအား လိုအပ်သလောက် ဖိတ်ကြားကာအရည်ကျိုသွန်းလောင်းသည့် ဓလေ့ထုံးစံရှိသည်ဟု ဆိုသည်။

"အများလှူတဲ့ ကြေးတွေကို သန့်ရှင်းအောင် ပြန်ပြီးသန့်စင်ထားရတယ်။ ပိဿာချိန် တစ်သောင်းလုပ်မယ်ဆိုရင် ကြေးပိဿာတစ်သောင်းလေးထောင်လောက်နဲ့ လုပ်ရတာ။ ခုခေါင်းလောင်းကြီးကို ၇ နာရီလောက်ကြာအောင် ကျိုပြီး ပုံစံထဲသွန်းလောင်းတော့ ၄ နာရီကျော်ကြာတယ်" ဟု ကြေးသွန်းပညာရှင်ကပြောသည်။

တမ္ပဝတီရပ်တွင် သွန်းလောင်းခဲ့ပြီးသည့် ခေါင်းလောင်းများတွင် ကြေးပိဿာချိန် တစ်သောင်းကျော် နှစ်ခုနှင့် ပိဿာချိန်ငါးထောင်ကျော် တစ်ခုတို့ရှိခဲ့ပြီး ယခု ခေါင်းလောင်းမှာ ယခင် သွန်းလောင်းခဲ့စဉ်က အားနည်းချက်များကို ပြုပြင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လွန်ခဲ့သည့် ရှစ်လက စတင်ပြင်ဆင်ခဲ့ရကြောင်း သိရသည်။

**အောင်သန့်ခိုင်**



# ပျဉ်းမနားမြို့၌ ရထားတိုက်၍ လူတစ်ဦးသေ

**ပျဉ်းမနား မတ် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရန်ကုန်-မန္တလေး မီးရထားလမ်းမတွင် လူတစ်ဦးရထားကြိတ်၍ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၁ ရက် နံနက် ၇ နာရီခွဲက ရဲအုပ်နေလင်းအောင်သည် သတင်းအရ အခင်းဖြစ်နေရာသို့ တာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးရာ ရွာကောက်ရပ်ကွက်၊ ပန်းခင်း(၁)သစ္စာလမ်းနှင့် စံပယ်လမ်းကြား မီးရထားသံလမ်း မိုင်တိုင်အမှတ် (၂၂၆/၄၄)နှင့် (၂၂၆/၄၅) ကြား ရွာတော်ဘူတာဘက်မှ ပျဉ်းမနား ဘူတာဘက်သို့လာသည့် ရထားသံလမ်းကြားတွင် ရထားတိုက်သေဆုံးနေသည့် အောင်သူ (၂၇ နှစ်) စက်ရေတွင်းတူး မီးရထားဝန်ထမ်းလိုင်း ရွာကောက်ရပ်ကွက်နေသူ၏ အလောင်းအား ပက်လက်အနေအထားဖြင့်တွေ့ရပြီး ရထားတိုက်သောကြောင့် အောင်သူမှာ ဒဏ်ရာများဖြင့်သေဆုံးနေပြီး အမှတ် (၁၀၁) အဆန် နေပြည်တော်-ချောက် ခရီးစဉ်စာပို့ရထားစက်ခေါင်း အမှတ် D4-1234 စက်ခေါင်းမောင်း ဦးသိန်းဦး မောင်းနှင်သောရထားဖြင့် တိုက်မိကြောင်း သပြေလမ်း သံလမ်းဂိတ်အစောင့် ကိုဦးနှင့် ကိုအေးမင်းဦးတို့က ပြောပြသိရသဖြင့် သေဆုံးသူအလောင်းအား ခုတင် ၁၀၀၀ ဆေးရုံသို့ပို့ဆောင်ပြီး သေဆုံးရသည့် အကြောင်းအရင်းကို တာဝန်ရှိသူများက ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**



# လူနှစ်ဦးကို လက်ပြန်ကြိုးတုပ်ပြီး ရိုက်နှက်ခဲ့သည့် လူတစ်စုကို သာစည်ရဲစခန်းက ဖော်ထုတ်ဖမ်းဆီးလိုက်ပြီ

**သာစည် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် မတ် ၉ ရက် ညက ကန်ရှည်ကျေးရွာသွားလမ်းနံဘေးရှိ တောကျောင်းကြီးဇရပ်ပေါ်တွင် မူးပြီးအိပ်ပျော်နေကြသည့် ဆံမြိတ်ရှည်ကျေးရွာတွင် နေထိုင်သူ စိုးပိုင် (၃၆ နှစ်)နှင့် ၎င်း၏သူငယ်ချင်းဖြစ်သူ ဇော်လွင် (၄၂ နှစ်) တို့ကို လူတစ်စုက လက်ပြန်ကြိုးတုပ်ပြီး တုတ်ဖြင့် ဝိုင်းဝန်းရိုက်နှက်ကြသဖြင့် စိုးပိုင်မှာ ရရှိဒဏ်ရာဖြင့် သေဆုံးပြီး ဇော်လွင်မှာ ဒဏ်ရာများပြင်းထန်စွာ ရရှိခဲ့သည်။

အဆိုပါဖြစ်ပွားမှုနှင့် ပတ်သက်၍ ရိုက်နှက်သူလူတစ်စုကို စုံစမ်းဖော်ထုတ်၍ အရေးယူပေးပါရန် အစ်ကိုဖြစ်သူ ဦးစိုးနိုင်က တရားလိုပြုလုပ်ပြီး သာစည်မြို့မရဲစခန်းတွင် မတ် ၁၀ ရက်က အမှုဖွင့် တိုင်တန်းခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ရရှိရေးအတွက် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းမြင့်နှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန်းမြင့်ဦးတို့က ဆံမြိတ်ရှည်ရွာမှ သံသယရှိသူများကို ရဲစခန်းသို့ခေါ်ယူ၍ စစ်ဆေးခဲ့ရာ ဆံမြိတ်ရှည်ရွာတွင် နေထိုင်သူသေဆုံးသူ စိုးပိုင်၏ယောက်ဖ ကျော်ဦးက မှုခင်းဖြစ်ရပ်မှန်ကို အရှိအတိုင်း ဖော်ထုတ်ဝန်ခံလိုပါကြောင်း စခန်းမှူး ဒုတိယရဲမှူးဝင်းမြင့် ထံတင်ပြခဲ့ရာ စခန်းမှူးက လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်၍ သာစည်မြို့နယ်တရားရုံး ဒုတိယ မြို့နယ်တရားသူကြီး ဒေါ်သီဂီမြင့်ထံသို့ မတ် ၁၈ ရက်ကပေးပို့ခဲ့ရာ တရားရုံးတွင် ကျော်ဦးက ဖြစ်ရပ်များကို ၎င်း၏ဆန္ဒအတိုင်း ဝန်ခံထွက်ဆိုဖြောင့်ချက်ပေးခဲ့သည်။

သို့ဖြစ်၍ ကျော်ဦး၏ ထွက်ဆိုချက်အရ အမှုတွင် ပါဝင်ကျူးလွန်သူများဖြစ်သည့် စိုးပိုင်၏ညီအရင်း ကိုနိုင်(၃၃ နှစ်) စိုးပိုင်နှင့်ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ကိုလတ်(ခ) လတ်ကြီးနှင့် လွှမ်းမိုး(ခ) ဇော်ထွန်းတို့ကို ဆက်လက်ဖမ်းဆီးလိုက်နိုင်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

# နေကြတ်ခြင်းကို ဥရောပပြည်သူများမြင်တွေ့ရမည်

**လန်ဒန် မတ် ၂၁**

သန်းပေါင်းများစွာသော ပြည်သူများသည် ယခုနှစ်များအတွင်း လန်ဒန်နှင့် ဥရောပမြောက်ခြမ်းမှ နေအပြည့်အဝကြတ်ခြင်းကို တွေ့မြင်ရတော့မည်ဖြစ်သည်။ ကမ္ဘာမြေသည် လနှင့်နေအကြား ကျရောက်သွားမည်ဖြစ်၍ နေကိုလက ဖုံးလွှမ်းထားမည်ဖြစ်ကာ ကမ္ဘာမြေအပေါ်အမှောင်ကျရောက်ကာ နေကြတ်ခြင်းဖြစ်ပေါ်မည်ဖြစ်သည်။

ယင်းကဲ့သို့ နေကြတ်မှုဖြစ်စဉ်အတွင်း လန်ဒန်ကို ၈၃ နှင့် ၉၈ ရာခိုင်နှုန်းခန့် နေရောင်ကျရောက်ခြင်းမှ ဖုံးကွယ်သွားနိုင်ကြောင်း မိုးလေဝသပညာရှင်များက ပြောသည်။

သို့သော်လည်း နေကြတ်ချိန်မြင်ကွင်းသည် မျက်စိထိခိုက်နိုင်သဖြင့် နေကို တိုက်ရိုက်မကြည့်ကြရန် ကျွမ်းကျင်ပညာရှင်များက သတိပေးထားသည်။ လန်ဒန်မှ ယင်းကဲ့သို့ နေကြတ်ခြင်းကို ၂၀၂၆ ခုနှစ်အထိ မြင်တွေ့ရဖွယ်မရှိဟု ဆိုသည်။ လန်ဒန်ရှိနေရာအားလုံးမှ အဆိုပါ နေကြတ်ခြင်းကို အနည်းဆုံး ၈၃ ရာခိုင်နှုန်း မြင်တွေ့ရနိုင်သည်ဟု ဆိုသည်။

**(ဘီဘီစီ)**

နိုင်ငံတကာသတင်း

# စစ်သွေးကြွများက အိန္ဒိယ-ကက်ရှ်မီးယား စစ်အခြေစိုက်စခန်းကို တိုက်ခိုက်သည့်အတွက် တိုက်ပွဲများဖြစ်ပွား



**ဆရီနာဂါ မတ် ၂၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆန့်ကျင်သည့်အနေဖြင့် ဒုတိယအကြိမ်မြောက် တိုက်ခိုက်ခြင်းကို နှစ်ရက်အတွင်း ပြုလုပ်သည့်အနေဖြင့် စစ်သွေးကြွနှစ်ဦးသည် အိန္ဒိယ-ကက်ရှ်မီးယားရှိ စခန်းတစ်ခုကို စနေနေ့က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူ တစ်ဦးက ပြောခဲ့သည်။ အိန္ဒိယအစိုးရက ကက်ရှ်မီးယား အကြမ်းဖက်မှုများကို အဆုံးသတ်မည်ဟု ကတိပြုပြီးနောက် အဆိုပါတိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ရာ အိန္ဒိယအစိုးရအနေဖြင့် ကက်ရှ်မီးယားကိစ္စကို ဖိအားပေးသကဲ့သို့ ဖြစ်နေသည်။

စနေနေ့ တိုက်ခိုက်မှုသည် ကက်သူရာပြည်နယ် ရဲစခန်းမှ ၂၀ ကီလိုမီတာခန့်ဝေးသော နေရာဖြစ်သည့် ပက်သန်ကုတ်-ဂျမ်မူး အမြန်လမ်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စစ်သွေးကြွနှစ်ဦးအပါအဝင် စုစုပေါင်း ခြောက်ဦးသေဆုံးခဲ့သည်။

အဆိုပါနေရာတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသော်လည်း အစိုးရတပ်ဖွဲ့ဝင်နှင့် အရပ်ဘက်မှ မည်သူတစ်ဦးတစ်ယောက်မျှ သေဆုံးခြင်းမရှိကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး မာနစ်ရှ်မက်သာက ပြောခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွနှစ်ဦးသည် သောကြာနေ့တွင် ယင်းနေရာ၌ပင် တိုက်ခိုက်မှုပြုလုပ်သည့် တပ်ဖွဲ့မှ အဖွဲ့ဝင်များဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။ အမျိုးသား အမြန်လမ်းမကြီးကိုလည်း ပိတ်ခဲ့ရပြီး အဆိုပါ အခင်းဖြစ်ပွားရာ ဒေသတွင်းရှိ စာမေးပွဲများကိုလည်း ရပ်ဆိုင်းခဲ့ရသည်။

ကြီးမားသောတိုက်ခိုက်မှုတစ်ခုသည် ကက်ရှ်မီးယားဒေသ၌ လွန်ခဲ့သော ဒီဇင်ဘာလက ဖြစ်ပွားခဲ့သေးသည်။ အဆိုပါဒေသရှိ စစ်သွေးကြွများကို ထောက်ခံပေးနေသည်ဟူသောအဆိုကို ပါကစ္စတန်က ငြင်းဆိုခဲ့ပြီး ၎င်းအစား အိန္ဒိယနှင့်ဆယ်စုနှစ်ခြောက်နှစ်ကြာ ဖြစ်ပွားနေသော အငြင်းပွားမှုပြဿနာကို ဖြေရှင်းရန် တိုက်တွန်းခဲ့သည်။ **(ဘီဘီစီ)**

# မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပမည့် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံ




မေး/ရေး-မိုးသူဇာစိုး
ဓာတ်ပုံ-ရဲထွဋ်

**ရန်ကုန်　　မတ်　　၂၁**

လွတ်လပ်ပြီး အမှီအခိုကင်းသော သတင်းမီဒီယာသည် ရေရှည်တည်တံ့သော စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမြင့်တင်ရေးနှင့် လူ့အခွင့်အရေးထိန်းသိမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။

နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်း (International Press Institute) နှင့် သတင်းမီဒီယာအဖွဲ့အစည်းများက ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံတိုင်းနှင့် ဒေသတိုင်းတွင် စာနယ်ဇင်းကျင့်ဝတ်များတိုးတက်ရေး၊ သတင်းနှင့်အချက်အလက်များ လွတ်လပ်စွာစီးဆင်းမှု တိုးတက်ရေး၊ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့ကို ကာကွယ်စောင့်ရှောက်ရေးနှင့် စာနယ်ဇင်းလွတ်လပ်ခွင့်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လက်တွဲဝန်းရံလျက်ရှိရာ မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရွေ့တွင် အားဖြည့်လိုက်ပါလျက်ရှိသည်။

ကမ္ဘာ့သတင်းမီဒီယာမျက်နှာစာနှင့် မြန်မာ့မီဒီယာမျက်နှာစာနှစ်ခု၏ တူညီချက်၊ ခြားနားချက်၊ စံချိန်စံညွှန်းများနှင့် ကျင့်ဝတ်လိုက်နာစောင့်ထိန်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို မျှဝေနိုင်မည့် IPI ၏ စာနယ်ဇင်းဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးကို မတ် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပတော့မည်ဖြစ်ရာ အဆိုပါညီလာခံကြီး၏ ကဏ္ဍအချို့တွင် ဦးဆောင်ဆွေးနွေးသူများအဖြစ်ပါဝင်မည့် မြန်မာမီဒီယာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ ကြိုတင်ပြင်ဆင်မှုများနှင့် အားဖြည့်ဆောင်ရွက်မှုများကို မြန်မာ့သတင်းစဉ်က မျှဝေဖော်ပြအပ်ပါသည်။

**ဦးစိုးမြင့် (အယ်ဒီတာချုပ်) မဇ္ဈိမမီဒီယာဂရု**

နိုင်ငံတကာသတင်းမီဒီယာ အင်စတီကျု (International Press Institute)ဆိုတာ နိုင်ငံပေါင်း ၆၅ နိုင်ငံမှာရှိတဲ့ သတင်းစာဆရာတွေ၊ အယ်ဒီတာတွေ၊ မီဒီယာအဖွဲ့အစည်းတွေနဲ့ သတင်းခန်းစီမံခန့်ခွဲသူတွေစတဲ့သတင်းမီဒီယာဆိုင်ရာပုဂ္ဂိုလ်တွေ ပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အဓိကက သတင်းစာဆရာတွေပါဝင်တဲ့ ပုံနှိပ်၊ အသံလွှင့်၊ ရေဒီယို စတဲ့ မီဒီယာအဖွဲ့အစည်းတွေကို အခြေခံပြီး ဖွဲ့ထားတာ။ ကမ္ဘာတစ်ဝန်းက သတင်းမီဒီယာအဖွဲ့အစည်းတွေထဲမှာ သက်တမ်းအကြာဆုံးအဖွဲ့ပါ။ ဒီအဖွဲ့မှာ နိုင်ငံတကာက ထင်ရှားကျော်ကြားတဲ့ သတင်းစာဆရာတွေ၊ မီဒီယာအဖွဲ့အစည်းတွေ တော်တော်များများပါဝင်ပါတယ်။

IPI World Congress ကို IPI အဖွဲ့ဝင်တွေရှိတဲ့နိုင်ငံတွေမှာ တစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ၆၅ ကြိမ်မြောက် ညီလာခံအဖြစ် ကျင်းပမှာပါ။ မနှစ်က Cape Town မှာ၊ နောက်နှစ်ယူအေအီးမှာ ကျင်းပမှာပါ။

နိုင်ငံတကာက မီဒီယာဆိုင်ရာ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်တဲ့ အဖွဲ့အစည်းတွေကိုလည်း ဒီပွဲမှာ ဆုတွေချီးမြှင့်လေ့ရှိပါတယ်။ မဇ္ဈိမ မီဒီယာက IPI ကချီးမြှင့်တဲ့ လွတ်လပ်သော သတင်းမီဒီယာရှေ့ဆောင်ဆု (Free Media Pioneer Award) ကို ၂၀၀၇ ခုနှစ်က ရရှိဖူးပါတယ်။ ဒီနှစ်မှာလည်း ချီးမြှင့်မှာပါ။ ဒီအဖွဲ့အစည်းက မြန်မာနိုင်ငံမှာ ကျင်းပနိုင်ဖို့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့တာ၊ ကျွန်တော်တို့ မဇ္ဈိမမီဒီယာအနေနဲ့က ဒီနှစ်မှာ Local Host အနေနဲ့ ပါဝင်ထားတယ်။

မီဒီယာနဲ့ပတ်သက်လို့ နိုင်ငံတကာအဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်တွေ ပါဝင်တဲ့ပွဲတွေတော့ မြန်မာနိုင်ငံမှာ အရင်က ကျင်းပဖူးပါတယ်။ IPI အနေနဲ့ ဒါကပထမဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှာ ကျင်းပနိုင်ဖို့ ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် မြန်မာနိုင်ငံက မီဒီယာအဖွဲ့အစည်းတွေ ဝိုင်းဝန်းပြီး ကူညီပံ့ပိုးကြတာဖြစ်ပါတယ်။ နှစ်စဉ်ကျင်းပနေတဲ့ Congress ကို ဒီနှစ်က မြန်မာပြည်မှာ လာလုပ်တာဖြစ်ပါတယ်။

ဒီနှစ်မှာ ထူးခြားတာက မြန်မာနိုင်ငံကလည်း မီဒီယာပြုပြင်ပြောင်းလဲရေးကို လုပ်နေတဲ့ကာလဖြစ်တော့ မီဒီယာလွတ်လပ်ခွင့် အခြေအနေ ဘယ်လောက်ရှိနေပြီ၊ ဘယ်လောက် ရုန်းကန်လှုပ်ရှားနေရလဲဆိုတာတွေလည်း ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ နောက်တစ်ချက်က မြန်မာနိုင်ငံမှာ ဒီနှစ်က ရွေးကောက်ပွဲကျင်းပမယ့် နှစ်ဖြစ်ပြီး ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ မီဒီယာတွေအနေနဲ့ ဘယ်လို ရေးသားလို့ရမလဲ၊ ဘယ်လိုရေးသားကြမလဲဆိုတာတွေကို နိုင်ငံတကာက အတွေ့အကြုံတွေကို တက်ရောက်လာတဲ့ သတင်းမီဒီယာဆိုင်ရာ ပုဂ္ဂိုလ်တွေက ဆွေးနွေးမှာပါ။ မြန်မာနိုင်ငံက သတင်းထောက်တွေနဲ့ နိုင်ငံပေါင်း ၆၅ နိုင်ငံက IPI အဖွဲ့ဝင် ၂၀၀ လောက် တက်ရောက်ဆွေးနွေးကြမယ့်ပွဲလို့ယေဘုယျအားဖြင့်ပြောလို့ရပါတယ်။

မြန်မာနိုင်ငံမှာ ဒီနှစ်ကျင်းပတဲ့ အစီအစဉ်မှာ ထူးခြားတာက မြန်မာနိုင်ငံရဲ့ မီဒီယာလွတ်လပ်ခွင့်နဲ့ ပတ်သက်တဲ့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်း၊ အားသာချက်၊ အားနည်းချက်၊ လူမှုမီဒီယာက အမုန်းပွားစေတဲ့ စကားလုံးသုံးစွဲမှု၊ အမျိုးသမီးနဲ့ မီဒီယာအခန်းကဏ္ဍတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးမယ်။ ယေဘုယျအားဖြင့် ဒီကဏ္ဍတွေက ကမ္ဘာတစ်ဝန်းမှာလည်း ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲရေးကာလမှာ ရင်ဆိုင်နေရတဲ့ကိစ္စတွေကို ဒီကအတွေ့အကြုံတွေ မျှဝေပေါင်းစပ်ဆွေးနွေးကြတာပါ။

ဒီဆွေးနွေးပွဲမှာ အတွေ့အကြုံရှိတဲ့ အမျိုးသမီး၊ အမျိုးသား သတင်းစာဆရာတွေ ပါဝင်ပါတယ်။ ပုဂ္ဂလိကမှာဆိုရင် ကရင်သတင်းဌာနက အယ်ဒီတာ ဒေါ်နန်းဖောဝေ၊ မြစ်မခ မီဒီယာက ဒေါ်မေသကြိန်ဟိန်း၊ ဆရာဦးသီဟစော၊ NLD က အမတ် ကိုဖြိုးမင်းသိန်း ၊ အစိုးရဘက်ကဆိုရင် ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်တို့ ပါဝင်ပြီး အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံရေးပါတီတွေ၊ နိုင်ငံတကာနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ပါဝင်ဆွေးနွေးကြမှာပါ။

ဒီဆွေးနွေးပွဲမှာ နိုင်ငံပေါင်းနှစ်ဆယ်ကျော် သုံးဆယ်လောက်က တက်



ဦးစိုးမြင့်



ဦးသီဟစော

> **လွတ်လပ်ပြီး အမှီအခိုကင်းသော သတင်းမီဒီယာသည် ရေရှည်တည်တံ့သော စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမြင့်တင်ရေးနှင့် လူ့အခွင့်အရေးထိန်းသိမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။**

ရောက်ဖို့ သေချာပြီးသားပါ။ လူပေါင်း ၂၀၀ ကျော်လောက် လာကြမယ်လို့ မျှော်လင့်ထားပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံဒေသစုံကသတင်းထောက်တွေကိုလည်း ဒီမှာတက်ရောက်ဆွေးနွေးနိုင်ဖို့ ဂျာမန်အဖွဲ့အစည်း၊ အမေရိကန်သံရုံး၊ ယူနက်စကို စတဲ့အဖွဲ့တွေပါဝင်တဲ့ မြန်မာမီဒီယာဖွံ့ဖြိုးမှု အဖွဲ့အစည်းအသီးသီးက ထောက်ပံ့ကူညီမှုတွေ ပေးထားပါတယ်။ ဒီအဖွဲ့အစည်းတွေက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သတင်းထောက် ၅၀ ကို ပညာသင်ဆုလို ရွေးချယ်ပြီး တည်းခိုကျွေးမွေးရေးကအစ စီစဉ်ပေးတယ်လို့ သိရပါတယ်။

ညီလာခံ ကျင်းပနေတဲ့အတွင်းမှာ သင်တန်းအနေနဲ့က ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းကို ဒီကသတင်းထောက်တွေအတွက် ကျယ်ကျယ်ပြန့်ပြန့်ကို သင်ကြားပို့ချသွားမယ့် အစီအစဉ် ပါဝင်ပါတယ်။ ဒေသတွင်းရော နိုင်ငံတကာမှာပါ သတင်းမီဒီယာတိုးတက်မှုကို ဆောင်ရွက်နေတဲ့ မြန်မာသတင်းစာဆရာတွေအနေနဲ့ ထိတွေ့ဆက်ဆံကြတာမှာ နိုင်ငံတကာက အတွေ့အကြုံတွေ အများကြီးရစေသလို ကိုယ့်ဆီက အတွေ့အကြုံတွေ မျှဝေနိုင်ပါတယ်။ သတင်းမီဒီယာဆိုင်ရာ ကျွမ်းကျင်မှုတွေကို လေ့လာသင်ယူခွင့်တွေ ရတဲ့အတွက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့ အစည်းအလိုက်ဖြစ်စေ၊ နိုင်ငံအလိုက်ဖြစ်စေ ဒီလိုထိတွေ့ထားတာ နှစ်ဦးနှစ်ဖက်အကျိုးရှိပါတယ်။

သတင်းမီဒီယာ လွတ်လပ်ခွင့်ဆိုတာ တစ်နိုင်ငံတည်းမှာပဲ စိန်ခေါ်မှုရှိတာမဟုတ်ဘဲ နိုင်ငံတိုင်းမှာလည်း စိန်ခေါ်မှုရှိတယ်။ ဒီလိုစိန်ခေါ်မှုတွေ ရှိလာရင်လည်း ပူးပေါင်းဆောင်ရွက်မှုကို အားတက်အောင် အပြန်အလှန်ဆောင်ရွက်လို့ရပါတယ်။

**ဦးသီဟစော (ဒုတိယဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံသတင်းစာဆရာများအသင်း**

IPI Congress က တစ်နှစ်တစ်ကြိမ် ကျင်းပတာမှာ ဒီနှစ်ကို မြန်မာနိုင်ငံမှာ လာရောက်ကျင်းပတာ ဖြစ်ပါတယ်။ ဒီလိုကျင်းပတာမှာ Theme တစ်ခုရှိတာမှာ ဒီနှစ်က “On the Path to a Free Media” ဆိုတဲ့ “လွတ်လပ်သောမီဒီယာသို့ သွားရာလမ်းကြောင်း” ဆိုတဲ့ ခေါင်းစဉ်အောက်မှာ နိုင်ငံတကာက အယ်ဒီတာ၊ သတင်းစာဆရာတွေက လာရောက်ဆွေးနွေးကြမှာပါ။ မီဒီယာလွတ်လပ်ခွင့်တွေရရှိအောင် သွားနေတဲ့လမ်းကြောင်းမှာတွေ့ကြုံရတဲ့ အခက်အခဲတွေကို သတင်းသမားတွေ၊ သတင်းအဖွဲ့အစည်းတွေ ဘယ်လိုရင်ဆိုင်ကျော်လွှားကြသလဲ၊ ဘယ်လို ကျော်လွှားကြမလဲ။ ဆိုတာတွေကို ဆွေးနွေးကြမှာပါ။

ဒီမှာ သတင်းလွတ်လပ်ခွင့်တွေ ပိုရလာတဲ့အခါ MJA တို့လို သတင်းစာဆရာများအသင်းက နိုင်ငံတကာသတင်းစာများအဖွဲ့ချုပ်မှာ အသင်းဝင်ခဲ့တယ်။ ဆိုလိုချင်တာက မြန်မာသတင်းမီဒီယာအဖွဲ့အစည်းအသီးသီးက နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ထိတွေ့ဆက်ဆံမှုတွေ ပိုများလာတယ်။

ဒီဆွေးနွေးပွဲမှာ ကျွန်တော်ပြောရမယ့် အကြောင်းအရာက Hate Speech ဆိုတဲ့ အမုန်းစကားကဏ္ဍဖြစ်ပါတယ်။ ပုံနှိပ်၊ အသံလွှင့်နဲ့ ဒီဂျစ်တယ် မီဒီယာတွေမှာပါ သုံးနှုန်းတဲ့ရေးသားပြောဆိုတဲ့ အမုန်းစကားတွေကြောင့် ပြဿနာတွေ ပိုပြီးဖြစ်လာတယ်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုတာ တော့မှန်ပါတယ်။ ဒါပေမယ့် အဲဒါက အမုန်းပွားစေတဲ့ စာသားတွေ၊ အကြောင်းအရာတွေ ဖြစ်နေတာမျိုးပါ။ Hate Speech ကြောင့် ဘာတွေ ပိုဆိုးသွားလဲ။ ဒါတွေ ဘယ်လိုရှောင်ရှားကြမလဲ။ ဒီလိုပဲ ပြင်သစ်မှာဖြစ်ခဲ့တဲ့ ချာလီဟက်ဘ်ဒေါ်ဆိုတဲ့ မဂ္ဂဇင်းတိုက်က ဘာသာရေးပုတ်ခတ်တဲ့ ကာတွန်းရေးတဲ့အတွက် လာရောက်ပစ်ခတ်တာတွေ။ ဒီလိုမျိုး Hate Speech နဲ့ ပတ်သက်တဲ့ကဏ္ဍတွေကို ကျွန်တော်ဆွေးနွေးမှာပါ။

အဓိက ဒီပွဲကို IPI ကပဲစီစဉ်ပြီး ဒီက ပံ့ပိုးကူညီပေးရတာပေ့ါ။ ပြုပြင်ပြောင်းလဲရေးကို နိုင်ငံကသွားနေတဲ့ အချိန်မှာ မီဒီယာကလည်း ပွင့်လင်းစရှိသေးတယ်။ သတင်းမီဒီယာ လွတ်လပ်ခွင့်အညွှန်းကိန်း (Freedom of Press Index) ဆိုတာ ပြင်သစ်မှာအခြေစိုက်တဲ့ နယ်စည်းမခြားသတင်းစာဆရာများအဖွဲ့က ပြုစုထားတာရှိပါတယ်။ အဲဒါမှာဆိုရင် လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်လောက်က နိုင်ငံပေါင်း ၁၈၀ လောက်မှာ မြန်မာနိုင်ငံက ၁၇၂ လောက်ရှိခဲ့တယ်။ အခု ၂၀၁၄ စာရင်းအရဆိုရင် ၁၄၅ အထိ မြင့်တက်ခဲ့တယ်။ ဒါပေမယ့် ကိုယ့် အထက်မှာ ၁၄၄ နိုင်ငံရှိသေးတယ်။ သတင်းလောကမှာ အမြင့်ကြီးထိမရောက်သေးဘူး။ အတိုင်းအတာတစ်ခုအထိတော့ တိုးတက်မှုရှိလာပြီလို့ ပြောလို့ရတယ်။

တကယ်တမ်း သတင်းလွတ်လပ်ခွင့်တွေ ရှိတယ်ဆိုတဲ့ နိုင်ငံတွေက အမေရိကန်၊ အင်္ဂလန်၊ ဂျပန်တို့ မဟုတ်ဘဲ နော်ဝေ၊ ဒိန်းမတ်၊ ဆွီဒင်ဆိုတဲ့ ဥရောပနိုင်ငံတွေ ဖြစ်တယ်။ အဲ့ဒီအဆင့်တွေ ရောက်ဖို့တော့ လိုသေးတယ်။ အရှေ့တောင်အာရှမှာတော့ တက်သင့်သလောက်အပေါ်ကို ရောက်ခဲ့တယ်။ ကိုယ့်အထက်မှာ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့လောက်ပဲရှိတယ်။ ကျန်တဲ့ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှားတို့က ကျွန်တော်တို့နောက်မှာရှိတယ်။ ဒါ့ကြောင့် အရှေ့တောင်အာရှမှာတော့ အလယ်အဆင့်ကို ကျော်လာပြီ။ ဒီလိုမျိုး နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြရာမှာ ဒီကအခြေအနေကိုလည်း သိခွင့်ရတယ်။ တခြားနိုင်ငံတွေအနေနဲ့လည်း သတင်းလွတ်လပ်ခွင့်အဆင့်တွေ တိုးတက်အောင် ဘယ်လိုနည်းလမ်းတွေနဲ့ သွားသလဲ၊ ဘယ်လိုစိန်ခေါ်မှု အခက်အခဲတွေရှိလဲ၊ ဘယ်လိုဝိုင်းဝန်းဖြေရှင်း ကြသလဲဆိုတာကိုလည်း သိခွင့်ရတယ်။

ဒီလိုဆွေးနွေးပွဲတွေ ကျင်းပခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ မီဒီယာလွတ်လပ်ခွင့်နဲ့ မီဒီယာလောက တိုးတက်မှုအတွက် အထောက်အကူပြုတယ်လို့ထင်တယ်။ နောက်တစ်ခုက မီဒီယာလွတ်လပ်ခွင့်ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအတွက် အရေးကြီးတယ်လို့ ထင်တယ်။ တစ်ကမ္ဘာလုံးက ကျွန်တော်တို့နိုင်ငံကို စောင့်ကြည့်နေတာ။ ဘယ်လောက်အထိ ပြောင်းလဲနေလဲ၊ အောင်မြင်နေလား၊ နောက်ပြန်လှည့်နေပြီလား စသဖြင့် အမြင်တွေနဲ့ ကြည့်တဲ့အခါမှာ သတင်းလွတ်လပ်ခွင့် အညွှန်းကိန်းက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို တိုက်ရိုက်လွှမ်းမိုးမှုဖြစ်တယ်။ ဒါကြောင့်မို့ မီဒီယာလွတ်လပ်ခွင့်က တိုင်းပြည်အတွက် အရေးကြီးတယ်။ ကိုယ့်တိုင်းပြည်ကို ကမ္ဘာကမြင်တဲ့ ပုံရိပ်အတွက်လည်း အရေးကြီးပါတယ်။

IPI World Congress ကို သတင်းမီဒီယာဆိုင်ရာ လုပ်ငန်းများ အောင်မြင်သော အပြောင်းအလဲဆီသို့ ချီတက်နိုင်ရေးနှင့် စာနယ်ဇင်းကျင့်ဝတ်များ၊ မီဒီယာလွတ်လပ်မှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှုများကို အထောက်အပံ့ဖြစ်စေနိုင်မည့် စကြံတစ်ခုအဖြစ် ဆောင်ရွက်ကာ နိုင်ငံတကာနှင့် ဒေသတွင်းပညာဆိုင်ရာအမြင်များ ဖလှယ်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်တွင်း ပြည်ပ သတင်းစာဆရာများက သက်ဆိုင်ရာ သတင်းမီဒီယာကဏ္ဍအလိုက် ဆွေးနွေးကြမည်ဖြစ်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်၌ မတ် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

နှစ် (၇၀) ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်သူ၏ "သား"၊ ပြည်၏ "အား"

ဒို့ပြည်ထောင်စု
ဒို့ညီနောင်ထု
ဒို့တည်ထောင်မှု
ယှဉ်တုနှောင့်ယှက်၊ ဝင်စွက်ဖက်သော်
လေ့ခွက်ချည်းကျန်၊ မလျှော့မာန်နှင့်
အလံမလှဲ၊ သတ္တိဖွဲ့နှင့်
ကျူးလည်း မခံ၊ မာန်လည်းမကြောက်
ခြောက်လည်း မလန့်၊ ဟန့်လည်းမဖယ်
ဆွယ်လည်း မလိုက်၊ တိုက်လည်းမဆုတ်
ကျားကုတ်ကျားခဲ၊ အားကုန်နွှဲ၍
တုံးပဲတိုက်တိုက်၊ကျားကိုက်ကိုက်တည့်
မငိုက်ဦးခေါင်း၊ စဉ်လာကောင်းဖြင့်
ထောင်းထောင်းကြေညက်၊ မှုန်းချေဖျက်ကာ
ပြည့်တွက်စွန့်စားခဲ့ကြသည်။
သမိုင်းကြောင်းက သက်သေတည်။

**လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်**

ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဖြင့် ဖွဲ့စည်းထားရှိသည့် မြန်မာ့တပ်မတော် ဖြစ်တည်ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာ့တပ်မတော်၏သမိုင်းကြောင်းသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာခဲ့ပြီး တပ်မတော်နှင့်ပြည်သူတို့၏ အမျိုးသားရေးပေါင်းစည်းစွမ်းအားစုဖြင့် နိုင်ငံ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့နိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့ရခြင်းနှင့် နှစ်ပေါင်း တစ်ရာကျော်မျှ ကျွန်သက်ရှည်ခဲ့ရခြင်းများ၏ အဓိကအကြောင်းအရင်းတစ်ချက်သည် ထိုစဉ်က နိုင်ငံကို ကာကွယ်နိုင်စွမ်းရှိသော စနစ်တကျဖွဲ့စည်းထားသည့် အမြဲတမ်းတပ်မတော်တစ်ရပ်မရှိခဲ့၍ ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မထင်ပါ။

မျိုးချစ်စိတ်ဓာတ် မည်မျှပင် လွှမ်းခြုံပတ်ပါစေ၊ စနစ်မကျသော၊ အကွဲကွဲအပြားပြားဖြစ်နေသော မြန်မာ့တော်လှန်ရေး အင်အားစုများ၏ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများသည် မထိရောက်ခဲ့ဘဲ နှစ် ၁၀၀ ကျော်သူတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝနှင့် ကျွန်သက်ရှည်ခဲ့ကြရသည် မဟုတ်ပါလော။

ထို့ကြောင့်လည်း ခေတ်ပညာတတ်မျိုးချစ်လူငယ်များ၏ ကြံစည်ကြိုးပမ်းအားထုတ်မှုနှင့်အတူ တပ်မတော်၏ဖခင် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ဖြင့် ယနေ့ မြန်မာ့တပ်မတော်၏အစ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် စနစ်တကျ စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

**မျိုးချစ်တပ်မတော်**

ရဲဘော်သုံးကျိပ် အစပြုထူထောင်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို လွယ်ကူချောမွေ့စွာ ထူထောင်ဖွဲ့စည်းနိုင်ခဲ့ခြင်း မဟုတ်ပါ။ နယ်ချဲ့ဗြိတိသျှများကို တော်လှန်တိုက်ထုတ်ရန် စနစ်တကျဖွဲ့စည်းထားသည့် လက်နက်ကိုင် တော်လှန်ရေးတစ်ရပ်ဆင်နွှဲခြင်းဖြင့်သာလျှင် အောင်မြင်နိုင်မည်ကို သိရှိလာသည့် ဗိုလ်ချုပ်အောင်ဆန်း (ထိုစဉ်က သခင်အောင်ဆန်း) ဦးဆောင်သော မျိုးချစ်လူငယ်များက အခက်အခဲပေါင်းများစွာကို ဖြတ်သန်းကာ ဂျပန်တို့ထံတွင် စစ်ပညာများသင်ယူ၍ လက်မောင်းသွေးဖောက်ကာ သစ္စာရေသောက်၍ စတင်သန္နေတည်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့တပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေးကို အရယူပေးရန် မွန်မြတ်သောရည်ရွယ်ချက်ဖြင့် မျိုးချစ်လူငယ်တို့ဖြင့် စတင်စုစည်း ထူထောင်ခဲ့ခြင်းကြောင့် မျိုးချစ်တပ်မတော်ဟူသော အစဉ်အလာကောင်းကို ပိုင်ဆိုင်ခဲ့ပါ၏။ ခေတ်အဆက်ဆက်တွင်လည်း မျိုးချစ်တပ်မတော်ပီသစွာ မယိုင်မလဲခိုင်မြဲသော အဖွဲ့အစည်းကြီး တစ်ခုအဖြစ် ဆက်လက်ရှင်သန်လျက်ရှိပါသည်။

ထိုစဉ်က တပ်မတော်သည် နိုင်ငံ့လွတ်လပ်ရေးကို အရယူပေးလိုကြသည့် မြန်မာ့သားကောင်းရတနာများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ပြည်ထောင်စုသား သွေးချင်းများအားလုံး စုဝေးရာနေရာဖြစ်လာခဲ့ပြီး ဂျပန်တို့နှင့် ပူးပေါင်းကာ နယ်ချဲ့စနစ်ကို တိုက်ထုတ်ချေမှုန်းနိုင်ခဲ့ပါသည်။ အလားတူ ယနေ့ခေတ်တွင်လည်း ပြည်ထောင်စုသား သွေးချင်းများဖြင့် စုစည်းထားသော တပ်မတော်ကြီးကို ခေတ်မီတပ်မတော်ဖြစ်စေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။

ဂျပန်တို့ပေးခဲ့သည့် လွတ်လပ်ရေးမှာ ရွှေရည်စိမ်မျှသာဖြစ်ပြီး ဖက်ဆစ်ဝါဒအောက်တစ်ဖန် ကျရောက်ခဲ့ရပြန်ပါသည်။ ဖက်ဆစ်ဂျပန်တို့အနေဖြင့် တစ်စတစ်စ အင်အားတိုးတက်ကြီးထွားလာသော မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို စိုးရိမ်မှုရှိလာပြီး အင်အားအဆမတန် လျှော့ချစေလျက် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)အဖြစ်သို့ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပါသည်။ မည်သို့ပင် တပ်မတော်၏ အင်အားကို လျှော့ချစေကာမူ မျိုးချစ်စိတ်မာန်အရင်းခံ၍ ရှင်သန်ဆင့်ဆင့် ရင့်ကျက်ထွန်းပေါ် တပ်မတော်၏စုစည်းမှုအား၊ ပြည်သူတို့၏ ယုံကြည်ထောက်ခံမှုအားတို့ကိုမူ ရိုက်ချိုးချေဖျက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

ပြည်သူတို့ လိုလားတောင့်တသည်က အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် လွတ်လပ်ရေး၊ ဖက်ဆစ်တို့ပေးအပ်သည်က အတုအယောင် ရွှေရည်စိမ်လွတ်လပ်ရေးဖြစ်လေရာ ရက်စက်ယုတ်မာရိုင်းစိုင်းသော ဖက်ဆစ်စနစ်ဆိုးအောက်မှ လွတ်မြောက်ရန်မှာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ရန်မှတစ်ပါး အခြား နည်းလမ်းမရှိတော့သည်ကို သိမြင်လာခဲ့ပါသည်။

ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်နိုင်စွမ်းရှိသော အဖွဲ့အစည်းမှာ ပြည်သူလူထုနှင့် တစ်သားတည်းရှိနေသော၊ ပြည်သူကြားမှ ပေါက်ဖွားလာသော၊ မျိုးချစ်လူငယ် တိုင်းရင်းသားပေါင်းစုံပါဝင်သော ပြည်ထောင်စုတပ်မတော်ပင် ဖြစ်ပါသည်။

**တပ်မတော်နေ့ပေါ်ပေါက်လာပုံ**

တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော မြန်မာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်အား မြန်မာ့မြေမှ အပြီးတိုင်တိုက်ထုတ်ရန် ဆုံးဖြတ်၍ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံ၌ စစ်ထွက်အခမ်းအနား ကျင်းပကာ မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော်နှင့်အတူ တစ်တိုင်းတစ်ပြည်လုံးပါဝင်သော တော်လှန်မှုဖြင့် ဖက်ဆစ်ဂျပန်တို့အား အတိအလင်းစစ်ကြေညာ၍ တိုက်ခိုက်ခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့်၊ နယ်ချဲ့နှင့် ဖက်ဆစ်စနစ်ကို မြန်မာ့မြေမှ အပြီးတိုင်မောင်းထုတ်နိုင်ခဲ့သည့် အဓိကလက်နက်မှာ တပ်မတော်နှင့်ပြည်သူ ညီတူစွာလက်တွဲ၍ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ခိုင်ဖြိုးအင်အား

## ဝေယံမောင်

ကြီးမားလှသည့် အမျိုးသားစည်းလုံးညီညွတ်ရေးပင် ဖြစ်ကြောင်း သမိုင်းကြောင်းက မီးမောင်းထိုးပြနေပါသည်။ ထိုအစဉ်အလာကောင်းကို ဆက်လက်စောင့်ထိန်းကာ တပ်မတော်သားအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စိတ်ဝယ် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ထားများ ထက်သန်တိုးပွားစေရန် အထူးလိုအပ်လှပါသည်။ သို့မှသာလျှင် ကမ္ဘာမှာ မြန်မာဟူ၍ ဝင့်ထည်ခိုင်မတ်စွာရပ်တည်နိုင်မည်ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် ဖက်ဆစ်ဂျပန်တို့အား တွန်းလှန်တိုက်ခိုက်ခဲ့သည့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်သားများ အလေးအမြတ်ပြုရမည့်နေ့အဖြစ်ခံယူ၍ တပ်မတော်နေ့အဖြစ် ကျင်းပခဲ့ကြပါသည်။ ပြည်သူများအနေဖြင့်လည်း တပ်မတော်နှင့်အတူလက်တွဲကာ ဖက်ဆစ်တို့အား တိုက်ထုတ်နိုင်ခဲ့သည့် အထိမ်းအမှတ်အနေဖြင့် တပ်မတော်နေ့ကျရောက်တိုင်း တပ်မတော်နေ့စစ်ရေးပြဆင်နွှဲသည့် တပ်မတော်သားအပေါင်းတို့အား လေးမြတ်ချစ်ကြည်စွာ ကြိုဆိုနှုတ်ဆက်ပြီး အောင်စံပယ်ပန်းကုံးများဖြင့် ဆီးကြိုဂုဏ်ပြုကြသည့် ကြည်နူးဖွယ်ကောင်းသောအစဉ်အလာ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ကြောင့်လည်း မြန်မာ့အဘိဓာန်တွင် တပ်မတော်နေ့ကို "တပ်မတော်နှင့် ပြည်သူလက်တွဲကာ ဖက်ဆစ်စနစ်ကို တော်လှန်ခဲ့သော ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သောနေ့" ဟု ဖော်ပြထားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

**တပ်မတော်၏ စွမ်းပကား**

တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားဖော်ဆောင်ရန် လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည့် တပ်မတော်သည် စတင်ပေါ်ပေါက်ချိန်မှ ယနေ့အထိ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးအဖြစ် ခံယူလျက် အစဉ်တစိုက် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပါသည်။

### အရေးသုံးပါးအား ထိပါးကျူးကျော်လာမည့် ရန်စွယ်များ၊ တစ်နည်းအားဖြင့် မတရားသောစစ်ပွဲများကို ကာကွယ်တွန်းလှန်နိုင်ရေးအတွက် တရားသောစစ် ဆင်နွှဲနိုင်ရန် လေးနက်သော သစ္စာအဓိဋ္ဌာန်လေးချက်ဖြင့် အမြဲအသင့်ရှိနေသော ပြည်သူ့တပ်မတော်

**အရေးသုံးပါးအား ထိပါးကျူးကျော်လာမည့် ရန်စွယ်များ၊ တစ်နည်းအားဖြင့် မတရားသောစစ်ပွဲများကို ကာကွယ်တွန်းလှန်နိုင်ရေးအတွက် တရားသောစစ် ဆင်နွှဲနိုင်ရန် လေးနက်သော သစ္စာအဓိဋ္ဌာန်လေးချက်ဖြင့် အမြဲအသင့်ရှိနေသော ပြည်သူ့တပ်မတော်** ဖြစ်ပါသည်။

**တူနှိုင်းမဲ့မြတ်ဂုဏ်ဒြပ်နှင့် တပ်မတော်**

လူ့ဘဝ၏အဓိကအချက်မှာ အသက်ရှင်ရပ်တည်နိုင်ရေးပင် ဖြစ်ပါ၏။ နိယာမအရ မွေးဖွားခြင်းရှိလျှင် သေဆုံးခြင်းဟူသည် ရှိမြဲဖြစ်သော်လည်း သက်တမ်းအရ သေဆုံးရသည်မှလွဲ၍ အသက်ရှင်နေထိုင်ရာ သက်တမ်းတစ်လျှောက် ကိုယ်လက်အင်္ဂါစုံလင်စွာဖြင့် အသက်ရှည်ရာအနာမဲ့ကြောင်း ကောင်းကောင်းမွန်မွန် သက်သောင့်သက်သာ နေထိုင်လိုကြသူချည်းသာ ဖြစ်ပါသည်။ ဤသည်ကား သာမန်လူသားတို့၏ ဆန္ဒဖြစ်ပါသည်။ သို့သော် လူထဲကလူဖြစ်သည့် တပ်မတော်သားတို့မှာမူ သာမန်လူသားတို့နှင့်မတူ နိုင်ငံနှင့် လူမျိုးအတွက် အသက်ကိုပင် ပေးအပ်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုထားကြသူများ ဖြစ်ပါသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာဝယ် ပစ္စည်းဥစ္စာ၊ သားသမီး၊ မယား၊ ကိုယ်အင်္ဂါ၊ အသက်တည်းဟူသော စွန့်ခြင်းကြီး ငါးပါးကို စွန့်လွှတ်ရခြင်း၊ ပင်ပန်းဆင်းရဲအခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားရခြင်းနှင့် စွန့်လွှတ်စွန့်စားဆောင်ရွက်ရခြင်း စသည့်ပေးဆပ်မှုများဖြင့် ပြည်သူ့သားကောင်းပီသစွာ တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများ ဖြစ်ပါသည်။

" ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"ဟူသော အသက်ကိုပေးဆပ်သည့် ဂုဏ်ဒြပ်ကား တုနှိုင်းမဲ့မြတ်လှပါပေ၏။

**မြင့်မြတ်သောအစဉ်အလာများနှင့်တပ်မတော်**

စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ ကောင်းမြတ်သော အစဉ်အလာများကို စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်ခြင်းသည်လည်း တပ်မတော်၏ ထင်ရှားသောစွမ်းဆောင်ရည်ဟု မော်ကွန်းတင်ဂုဏ်ပြုရမည်ဖြစ်ပါသည်။ တပ်မတော်၏ အသက်ဝိညာဉ်ဟု ခေါ်ဆိုအပ်သော စစ်စည်းကမ်းကို အခြေခံကာ တပ်မတော်၏ အဓိကတာဝန်များဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် တိုင်းကျိုးပြည်ပြုတာဝန်များကို ခေတ်အဆက်ဆက် မပျက်မကွက်ထမ်းဆောင်နိုင်ခြင်းမှာလည်း တပ်မတော်၏ထူးခြားသော ဂုဏ်အင်္ဂါတစ်ရပ်ပင် ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် ယနေ့ကာလ ဒီမိုကရေစီအစိုးရလက်ထက်တွင်လည်း ပြည်သူတစ်ရပ်လုံးရည်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကို မိဘပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိလေရာ နိုင်ငံနှင့်လူမျိုးတို့၏ အမျိုးသားအကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ ဖော်ဆောင်နိုင်စွမ်းရှိသည့် ပြည်ထောင်စုတပ်မတော်ကြီးအဖြစ် အရှည်တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှစ် (၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

သီဖွဲ့မကုန်၊ ကျော်သည့်ဂုဏ်နှင့်
စုန်ဆန်စီးမြဲ၊ သမိုင်းထဲဝယ်
တပ်လည်း ခေတ်မီ၊ စွမ်းရည်လည်း ကောင်း
ကျိုးကြောင်းလည်း သိ၊ သတ္တိလည်း ပြောင်
အောင်ပွဲဆင်မြန်း၊ "ပြည်ချစ်ပန်း" ဟု
ပွင့်လန်းနိုင်စေ၊ တောင်းဆုခြွေသည်
မြေမိုးသက်သေ တည်စေသော်ဝ်။ ။



ပြည်တွင်းသတင်း

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထိုက်တန်သည့်ဆုတံဆိပ်များရရှိရန် ဦးတည်ချက်ထား ကြိုးပမ်းသွားရမည်

**ရန်ကုန် မတ် ၂၁**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်သည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဦးသောင်းထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာအားကစားအဖွဲ့များ ကြိုတင်လေ့ကျင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အောင်နိုင်ရေးအတွက် အားကစားနည်း ၂၂ နည်းမှ အားကစားအဖွဲ့ဝင် ၄၁၈ ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့သို့ နှစ်ဖက်အစိုးရ အစီအစဉ်အရ ပူးပေါင်းလေ့ကျင့်ရေး စီစဉ်ထားရှိမှု မျှော်မှန်းထားသည့်အတိုင်း ဆုတံဆိပ်များရရှိရေးအတွက် နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ အားကစားသမားများ စခန်းသွင်းကြိုတင်လေ့ကျင့် ပြင်ဆင်ထားရှိမှုနှင့် ပြိုင်ပွဲအတွေ့အကြုံရရှိရန် စီစဉ်ထားရှိမှု၊ စခန်းသွင်းလေ့ကျင့်စဉ်အတွင်း ထောက်ပံ့ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ စားသောက်နေထိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မြန်မာအားကစားအဖွဲ့များ အောင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများက အားကစားအဖွဲ့ချုပ်အလိုက် ကြိုတင်လေ့ကျင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။




ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတကလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မကြာမီ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို စင်ကာပူနိုင်ငံတွင် ကျင်းပတော့မည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် ထိုက်တန်သည့် ဆုတံဆိပ်များရရှိရန် ဦးတည်ချက်ထား ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ အောင်မြင်ရေးအတွက် စိန်ခေါ်မှုများစွာ ရင်ဆိုင်ရမည်ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုများကို နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဖန်တီးပေးနိုင်သော အခွင့်လမ်းကောင်းအဖြစ် ပြောင်းလဲပစ်နိုင်ရန် အားလုံးဦးထမ်းပဲ့ထမ်း တစ်စိတ်တစ်ဝမ်းတည်း ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ အစိုးရနှင့် အားကစားအဖွဲ့ချုပ်များ၊ အားကစားအဖွဲ့အစည်းများအကြား တာဝန်ရှိသူများ မကြာခဏထိတွေ့မှု၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သူတစ်ဦးချင်း၏ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများ ရှင်းလင်းစွာချမှတ်ထားမှု၊ ဘဏ္ဍာရေးနည်းစနစ်ပိုင်းအရ တာဝန်ယူမှု၊ တာဝန်ခံမှု၊ နှစ်ဦးနှစ်ဖက် လိုအပ်ချက်များကို တလေးတစား ဖြည့်ဆည်းပေးမှုစသည့် အင်္ဂါရပ်များဖြင့်ပြည့်စုံသည့် ရှင်သန်ခိုင်မာသော ဆက်ဆံရေး ထူထောင်ထားရှိသွားရန် လိုအပ်ကြောင်း၊ လာမည့်ပြိုင်ပွဲတွင် "အောင်မြင်ရမည်" ဟူသည့် စိတ်ဓာတ်ဖြင့် ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်သွားရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရမည့် ကိစ္စများကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# အကျိုးအမြတ်များများရရှိမည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၁**

"သစ်တော၊ ရာသီဥတု၊ ပြောင်းလဲမှု" ဆောင်ပုဒ်ဖြင့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့မှ ဌာနေကိုယ်စားလှယ်များ၊ အငြိမ်းစား သစ်တောအရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့၏ အဓိကဆောင်ပုဒ်သည် "သစ်တော၊ ရာသီဥတု၊ ပြောင်းလဲမှု" ဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာနှင့်အဝန်းရင်ဆိုင်နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းပေးနိုင်မည့် အထိရောက်ဆုံးနှင့် ရိုးရှင်းလွယ်ကူဆုံးလုပ်ငန်းစဉ်မှာ သစ်တောထိန်းသိမ်းရေးပင်ဖြစ်ပါကြောင်း။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၁၆၀၀ ကျော်သည် သစ်တောများအပေါ် မှီခိုနေထိုင်ကြရပါကြောင်း၊ သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်းကျော်၏ နေရင်းဒေသများဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ ရေချိုပမာဏစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကို ရေဝေရေလဲသစ်တောများက အထောက်အပံ့ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ရာသီဥတုမျှတစေရန် အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေငွေ့စိုထိုင်းဆများကို အချိုးညီမျှစေရန် ပေါင်းစပ်ပေးပြီး သက်ရှိလောကအတွက် အရေးကြီးဆုံး ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကို အထောက်အပံ့ပေးလျက်ရှိပါကြောင်း။

ကမ္ဘာတစ်ဝန်း သစ်တောပြုန်းတီးမှုသည် နှစ်စဉ်ပျမ်းမျှ ဟက်တာ ၁၃ သန်းကျော်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နှစ် ၂၀ အတွင်း နှစ်စဉ် နိုင်ငံဧရိယာ၏ ၀ ဒသမ ၅၅ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

သစ်တောများဆိုင်ရာ နယူးယောက် ကြေညာချက်တွင် ကမ္ဘာ့အပူချိန် ၂ ဒီဂရီ ဆဲလ်စီးရပ်လျှော့ချနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းအထိလျှော့ချရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုလုံးဝမရှိစေရေးရည်မှန်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရန် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်နိုင်ရန် နှစ် (၃၀) အမျိုးသားအဆင့်ပင်မစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရိုင်တစ်ခုစီတွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်တစ်ခုစီကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု၏ နယ်ပယ်ခုနစ်ခုဖြစ်သည့် သစ်တောဧရိယာ တိုးချဲ့ဖွဲ့စည်းခြင်း၊ သစ်တောဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ သစ်တောများဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ သစ်တောများ၏ လူမှုစီးပွားရေးစွမ်းရည်များ တိုးပွားစေရန် ဆောင်ရွက်ခြင်းနှင့် ဥပဒေ၊ မူဝါဒနှင့် အဖွဲ့အစည်းမူဘောင်များ စနစ်တကျရေးဆွဲခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် သစ်တောသယံဇာတ နည်းနည်းသုံးပြီး အကျိုးအမြတ်များများရရှိစေမည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို UNFPA မှ Country Director မစ္စတာ တိုင်လီကာဘာနော့က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ်စာတမ်းများကို စာတမ်းရှင်ငါးဦးတို့က ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ဟားခါး၌ကျင်းပ

**ဟားခါး မတ် ၂၁**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက်အမှာစကားပြောကြားရာ၌ သစ်တောများသည် ယနေ့ကမ္ဘာ့လူသားများအား ဒုက္ခပေးနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူချေဖျက်ပေးနေသလို လူသားတိုင်း အသက်ရှင်သန်ရေးတွင် မရှိမဖြစ် လိုအပ်သောသန့်စင်သည့် အောက်ဆီဂျင်ဓာတ်ငွေ့ကိုလည်း သစ်တောများက ထုတ်လွှတ်ပေးနေပါကြောင်း၊ သစ်တောများကို တရားမဝင် ထုတ်လုပ်မှုမရှိစေရေး၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် ကာကွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ခြင်းနှင့် သစ်မာပင်စိုက်ပျိုးမှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းထွန်းက သစ်တော သစ်ပင်များ၏ သက်ရှိလောကအတွက် အရေးပါမှုများကို ရှင်းလင်းတင်ပြပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်**(ယာပုံ)**၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဆုရစာမူများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



ပြည်တွင်းသတင်း

✳ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က အထူးစီးပွားရေးဇုန် အပိုင်း(က) ဧရိယာ ၃၉၆ ဟက်တာအတွင်း အဆင့်(၁)အတွက် (၂၁၁) ဟက်တာ၊ အဆင့်(၂)အတွက် ဟက်တာ (၁၅၀)နှင့် Residential & Commercial အတွက်(၃၅) ဟက်တာတို့ဖြင့် အပိုင်းလိုက်စီစဉ်ဆောင်ရွက်ထားရှိမှု၊ လက်ရှိကာလတွင် အဆင့်(၁)စီမံကိန်းလုပ်ငန်းများ (၇၈)ရာခိုင်နှုန်းပြီးစီးနေမှုနှင့် လက်ရှိမြန်မာအလုပ်သမား ၁၉၀၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေးထားနိုင်မှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရင်းနှီးမြှုပ်နှံနေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်လာမည့် အလားအလာများ အပါအဝင် လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက သီလဝါအထူးစီးပွားရေးဇုန် ဓာတ်အားရရှိရေးဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းတည်နေရာ၊ PACKAGE-1(33)KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့ခြင်းစီမံကိန်းဆောင်ရွက်ပြီးစီးမှု၊ (33) KV ဓာတ်အားဖြန့်ဖြူးရေးလိုင်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု PACKAGE-2 သီလဝါ (50)MW ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာ အချက်အလက်များ PACKAGE -3 (230)KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းဆောင်ရွက်နေမှု၊ သီလဝါဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် သဘာဝဓာတ်ငွေ့ ၂၀ လက်မပိုက်လိုင်း (40KM) သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် MJTD မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Takashi Yanai က လုပ်ငန်းခွင်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အအုံများ တိုးတက်လာမှုနှင့် လက်ရှိတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရန် မိမိတို့လာရောက်ရခြင်းဖြစ်ကြောင်း၊ လက်ရှိတည်ဆောက်ရေးလုပ်ငန်းခွင်များအတွင်း လုပ်သားစုစုပေါင်း ၁၉၃၆ ဦး ရှိသည့်အနက် လုပ်သား ၁၉၀၀ ဦးမှာ မြန်မာအလုပ်သမားများဖြစ်သည်ကို အားရဖွယ် တွေ့ရှိရပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် ယုံကြည်မှုအပြည့်အဝဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသူများအား ကြိုဆိုပါကြောင်း၊ အပြန်အလှန်အားဖြင့် မိမိတို့မှလည်း ကြိုတင်ခန့်မှန်းနိုင်သောအခွင့်သာသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများမှလည်း အရည်အသွေးမြင့်မားသည့် အလုပ်အကိုင် အခွင့်အလမ်းများအတွက် လမ်းဖွင့်ပေးပြီးလေ့လာသင်ယူအလုပ်လုပ်လိုစိတ် ပြင်းပြသည့် မြန်မာလုပ်သားများကို နည်းပညာနှင့် အတတ်ပညာလွှဲပြောင်းပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံအတွက် ရှေ့ဆောင်လမ်းပြ အထူးစီးပွားရေးဇုန်ဖြစ်သည့်အတွက် နိုင်ငံတကာစံချိန်မီ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ကျင့်သုံးပြီးအောင်





ဒုတိယသမ္မတ ဦးညဏ်ထွန်း သီလဝါ အထူးစီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြင်အောင် အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် အထူးစီးပွားရေးဇုန်ကြား ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သလို အထူးစီးပွားရေးဇုန်နှင့် ပြည်သူလူထုအကြားမှာလည်း ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးသော လိုအပ်ချက်များဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ခြင်းဖြင့် လူထုယုံကြည်မှုကို ရရှိနိုင်သည်ဖြစ်ပါကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နယ်ပယ်ကြီး(၃)ရပ်လုံး ဟန်ချက်ညီသည့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ရန် ကြိုးပမ်းသွားကြခြင်းဖြင့် နိုင်ငံ့စီးပွားရေး၊ နိုင်ငံသူနိုင်ငံသားများ၊ ရင်းနှီးမြှုပ်နှံသူများ အတူတကွကြီးပွားတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ မြန်မာအလုပ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဧရိယာအကျယ်အဝန်း ၃၉၆ ဟက်တာရှိသည့် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)ကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆင့်(၁)မှာလက်ရှိ ၇၈ ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီး ယခုနှစ်ဇွန်လတွင် ပြီးစီးမည်ဖြစ်သည်။ အဆင့်(၂)ကို ၂၀၁၆ ခုနှစ်လယ်အတွင်း ပြီးစီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိကာလတွင် ဂျပန်၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှား၊ စင်ကာပူ၊ ဆွီဒင်၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၃၉ ခုတို့က ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားခဲ့သည်။ ယင်းတို့အနက် ကုမ္ပဏီ ၂၁ ခုက ရင်းနှီးမြှုပ်နှံခွင့်လိုင်စင်ရရှိထားပြီး ကုမ္ပဏီခုနစ်ခုက ဆောက်လုပ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

သီလဝါ အထူးစီးပွားရေးဇုန် အပိုင်း(က) အဆင့်(၁)ကို ယခုနှစ်စက်တင်ဘာလ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စက်ရုံ(၅)ရုံ စတင်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စက်ရုံတည်ဆောက်မှုများ ပြီးစီးမည်ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းပေါင်း လေးသောင်းနီးပါးကို ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နေစွမ်းအင်သုံး Solar Impulse -2 လေယာဉ်လာရောက်လေ့လာသူများပြား

သတင်း-ကျော်ထိုက်စိုး
ဓာတ်ပုံ-မင်းမင်းဇော်

**မန္တလေး မတ် ၂၁**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရောက်ရှိနေသော နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 အား ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြသည်။

ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ လာရောက်လေ့လာနိုင်ရန် သက်ဆိုင်ရာ ကျောင်းများ၊ ဌာနများမှ စီစဉ်ပေးထားကြောင်း သိရသည်။ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ပေးထားပြီး မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီထိ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ပေးထားသည်။

ယနေ့လာရောက်လေ့လာ ကြသူများတွင် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းနှင့် ကျောင်းသားကျောင်းသူ ၆၂ ဦး၊ မန္တလေးမြို့ ဖောင်တော်ဦး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ၊ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၁၈၅ ဦး၊ မန္တလေးမြို့ အထက (၁၈) မှ ကျောင်းသားကျောင်းသူ ၁၁၉ ဦး၊ အလက(၂)မှ ကျောင်းသားကျောင်းသူ ၂၀၊ မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်း (ရှမ်းတဲ) မှ ၂၂ ဦး၊ ပြင်ဦးလွင်မြို့စစ်တက္ကသိုလ် စာပေဌာနမှ ၅၀၊ ပြည်ကြီးတံခွန်မြို့ အထက (၂၇) နှင့် အထက (၂၉)မှ ကျောင်းသားကျောင်းသူ ၈၅ ဦးနှင့် ပြည်သူတစ်ထောင်ကျော် ပါဝင်သည်။

ကျောင်းသား ကျောင်းသူများသည် Mobile hangar အတွင်းရှိ ဆန်းသစ်သော နည်းပညာဖြင့် တည်ဆောက်ထားသည့် နေစွမ်းအင်သုံး Solar Impulse-2 လေယာဉ်အား မလေ့လာမီ ယာယီစခန်း၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် နေရောင်ခြည်တစ်မျိုးတည်းကိုသာ လောင်စာအဖြစ်သုံးစွဲကာ ပျံသန်းပုံ၊ ကမ္ဘာတစ်ပတ်ပျံသန်းရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများ၊ ဆိုလာလေယာဉ်ပျံသန်းရာတွင် ရာသီဥတု၏ အရေးပါပုံ၊ ဆင်းသက်ရာ နိုင်ငံအစိုးရများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ဆိုလာလေယာဉ်မှူးများ ဖြစ်သည့် ဘာထရန်ပက်ကဒ်နှင့် အန်ဒရီဘော့ချ်ဘတ်ဂ်နှင့် ဆိုလာလေယာဉ်ပျံသန်းရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးတို့က ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ အရှေ့တောင် အာရှနိုင်ငံများအနက် အဘယ်ကြောင့် မြန်မာနိုင်ငံကို ရွေးချယ်ဆင်းသက်ရသလဲဟူသော ကျောင်းသူတစ်ဦး၏ စိတ်ဝင်စားစရာမေးခွန်းကို ဆိုလာလေယာဉ်မှူး ဘာထရန်ပက်ကဒ်က မြန်မာနိုင်ငံအား ချစ်မြတ်နိုးသောကြောင့်ဟု ဖြေကြားမှုက ကျောင်းသား ကျောင်းသူများအား ဘဝင်ကျသွားစေခဲ့သည်။





ဆိုလာလေယာဉ်အား စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူများနှင့်ပြည်သူများအား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)မှ မြန်မာ့အလင်း၊ ကြေးမုံနှင့် ဂလိုဘယ် နယူးလိုက်အော့ဖ် မြန်မာသတင်းစာများ နေ့စဉ်အခမဲ့ဖြန့်ဝေလျက်ရှိသည်။ ထို့အတူ ကိုကာကိုလာ ကုမ္ပဏီကလည်း ကိုကာကိုလာ အချိုရည်ဘူးများ၊ ရေသန့်ဘူးများ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် မန္တလေးမြို့မှ တစ်ဆင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံကျင်းနှင့်နန်ကျင်း မြို့များသို့ ဆက်လက်ပျံသန်းမည် ဖြစ်ပြီး မထွက်ခွာမီ ရွှေဟောင်း မြို့တော်ပုဂံ၏ ကောင်းကင်ယံအထက်၌ ပျံသန်းကာ ရှုခင်းအလှ အပများကို ကြည့်ရှုသွားမည်ဖြစ်ကြောင်းသိရသည်။

# သကြၤန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေး ပညာပေးဟောပြော

**ရန်ကုန် မတ် ၂၁**

မြန်မာနှစ်သစ်ကူးပွဲတော်ကာလအတွင်း စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါးများ သုံးစွဲမှုကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ကာယိန္ဒြေပျက်စီးမှုများ၊ သေဆုံးမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲကိုယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ရှေ့ဦးစွာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့ခွဲ-၃၊ တပ်ဖွဲ့ခွဲမှူး၊ ဒုတိယရဲမှူးကြီး မြင့်အောင်က အမှာစကားပြောကြားသည်။

ယင်းနောက် မူးယစ်တပ်ဖွဲ့စု (၄၂)၊ တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်သိန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ သကြၤန်ကာလအတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ မြို့နယ်အတွင်းရှိလူငယ်များ၊ ရပ်မိ ရပ်ဖများ တက်ရောက်ကြသည်။ အဆိုပါမူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲကို ကျောက်တံတား၊ စမ်းချောင်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ မရမ်းကုန်း၊ လမ်းမတော်နှင့် လသာမြို့နယ်တို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်အား ကြည့်ရှုလေ့လာ

**မန္တလေး မတ် ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ဒုတိယဝန်ကြီးဦးဇင်ယော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရပ်နားလျက်ရှိသည့် နေရောင်ခြည် စွမ်းအင်သုံးလေယာဉ် Solar Impulse -2 လေယာဉ်အား ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လေ့လာနေမှုများကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌသည် အပြည်ပြည်ဆိုင်ရာလေဆိပ် Mobile Hangar အတွင်းထားရှိသည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse - 2 အား ကြည့်ရှုပြီး ယာယီစခန်း( Event Tent) အတွင်း Solar Impulse Team အုပ်ချုပ်မှု ဒါရိုက်တာ မစ္စတာနီကိုလပ်ပီဗင်က နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဆိုင်ရာအကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနေမှုများ၊ လေ့လာသူ ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်းဖြေကြားမှုများအား ကြည့်ရှုအားပေးသည်။





**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး Solar Impulse - 2 လေယာဉ်အား ကြည့်ရှုစဉ်။** (သတင်းစဉ်)





**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား Solar Impulse- 2 လေယာဉ်မှူးက ရှင်းလင်းပြောပြစဉ်။** (သတင်းစဉ်)

အလားတူ ညနေ ၃ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယာယီစခန်း( Event Tent) အတွင်း နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ဆိုင်ရာ အချက်အလက်များအား ပရိုဂျက်တာဖြင့်ပြသရှင်းလင်းမှု၊ Mobile Hangar အတွင်း ထားရှိသည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse-2 နှင့် လေ့လာနေသည့်ပြည်သူများအား အားပေးကြည့်ရှုသည်။

အဆိုပါ နေရောင်ခြည် စွမ်းအင်သုံးလေယာဉ် Solar Impulse-2 လေယာဉ်မှူး နှစ်ဦးနှင့် တာဝန်ရှိသူများအား First Myanmar Investmentနှင့် Yoma Strategic Holdings ကုမ္ပဏီက ယာယီစခန်းအတွင်းညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

# မျိုးဆက်သစ်တို့ မျှော်လင့်သံ

**အမေး/အရေး - မင်းမင်းဇော်**
**ဓာတ်ပုံ - ကျော်ထိုက်စိုး**

နေရောင်ခြည် စွမ်းအင်သုံး လေယာဉ် Solar Impulse-2 သည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ရပ်နားလျက်ရှိသည့် နည်းတူ ဆိုလာလေယာဉ်မှူးများနှင့် တာဝန်ရှိသူများကလည်း သန့်ရှင်းသည့် သဘာဝစွမ်းအင်ဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်နိုင်သည်များကို လေ့လာသူများအား ဟောပြောလျက်ရှိသည်။

လေ့လာသူများက မိမိတို့သိလိုသည်များကို လွတ်လပ်စွာ မေးမြန်းရသည့်အတွက် ကျေနပ်ဝမ်းမြောက်သည့်အသံများကို မြင်တွေ့ကြားသိနေရသည်။

ဆန်းသစ်တီထွင်လိုမှု၊ စိတ်အားထက်သန်မှုဟူသည့် အပြန်အလှန်ပြောဆိုသံများကလည်း လေဆိပ်ဧရိယာ တစ်ဝန်းပျံ့နှံ့လျက်ရှိသည်။ ထိုထက်သန်မျှော်လင့်နေကြသည့် အသံများနှင့်ပတ်သက်၍ မျှဝေခံစားနိုင်ရန် ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**ဦးတင်အေး ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲ**
**ကော်မရှင်**

ဆန်းသစ်တဲ့နည်းပညာတွေနဲ့ ရောက်လာတဲ့ လေယာဉ်ပျံကို ကြိုဆိုရမယ်။ အတတ်ပညာတွေကို လေ့လာဆည်းပူးရမယ်။ လေ့လာသင်ယူတတ်ဖို့လိုအပ်တယ်။ တို့တစ်တွေလည်း ဒီလိုဘယ်လိုလုပ်မလဲ ဆိုတဲ့အတွေးအမြင်တွေရပြီး ဆန်းသစ်တဲ့နည်းပညာတွေ ရအောင် ကြိုးစားသွားဖို့လိုတယ်။ လေ့လာပြီး မေ့လိုက်တယ်ဆိုတာ အကျိုးမရှိဘူး။ လေ့လာပြီးရင်လုပ်နိုင်အောင် ကြိုးစားရမယ်။

**ဆရာမ ဒေါ်ငွေငွေ**
**ဖောင်တော်ဦးပရဟိတ**
**ဘုန်းတော်ကြီးသင်**
**ပညာရေးကျောင်း၊ မန္တလေး**

ဆိုလာလေယာဉ်အကြောင်းကို သတင်းစာတွေ တီဗွီတွေထဲမှာ ကြားဖူးနေတာကြာပါပြီ။ ပါရမီစွမ်းအင်အဖွဲ့ရဲ့ကူညီမှုတွေနဲ့ ဒီကို လာရောက်လေ့လာဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသား ၁၈၀ ကျော်နဲ့ လာရောက်လေ့လာခြင်းဖြစ်ပါတယ်။ ကျွန်မတို့ ကျောင်းက ကလေးတွေ ကိုယ်တိုင်မြင်တွေ့လေ့လာရတော့ သူတို့စိတ်တွေထဲမှာ တီထွင်ဆန်းသစ်လိုမှုတွေ ဖြစ်ပေါ်နေမှာ အမှန်ပါပဲ။ သူတို့ကို မေးကြည့်ရင် တစ်နေ့မှာ ငါတို့လည်း ဒီလို တီထွင်ဆန်းသစ်နိုင်ရမယ်ဆိုတဲ့ အသံတွေကို ကြားသိရမှာဖြစ်ပါတယ်။

**မဟေမာစိုး**
**ကျောင်းသူ**
**ဖောင်တော်ဦးပရဟိတ**
**ဘုန်းတော်ကြီးသင်ပညာရေးကျောင်း**

ကျွန်မတို့ကျောင်းကနေ ဆိုလာလေယာဉ်ကို လေ့လာဖို့စီစဉ်ပေးလို့ လာရောက်လေ့လာ ခြင်းဖြစ်ပါတယ်။ အရင်က ဆိုလာရဲ့ ကောင်းကျိုးတွေကို စာအုပ်တွေထဲမှာပဲ လေ့လာခဲ့ရတယ်။ နေရောင်ခြည်စွမ်းအင်နဲ့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ကောင်းကျိုးပြုစေတဲ့အကြောင်းတွေရောပေါ့။ လူတွေက ဆိုလာနဲ့ ကောင်းကင်မှာ ပျံသန်းဖို့ဆိုတာ မယုံကြည်ခဲ့ကြဘူး။ အဲဒါကိုဒီနေ့ လက်တွေ့မြင်တွေ့ရတော့ တအံ့တဩလေ့လာမိတယ်။ ကိုယ်တိုင် စီးဖူးချင်တယ်။ ကိုယ်တိုင် တီထွင်ချင်လာတယ်။ အဓိကကတော့ ပညာပေါ့လေ။ နည်းပညာတွေကို အဆက်မပြတ် လေ့လာနေဖို့လိုပါတယ်။

**ဆရာမ ဒေါ်ရွှေရည်ဦး**
**ဖောင်တော်ဦးပရဟိတ ဘုန်းတော်ကြီး**
**သင်ပညာရေးကျောင်း၊ မန္တလေး**

သတင်းစာတွေမှာ ဖတ်ရလို့ ဒီဆိုလာလေယာဉ်အကြောင်းကို တော်တော်လေး သိထားပါတယ်။ ဆရာတော်ကလည်း သေချာလေ့လာဖို့ တိုက်တွန်းတယ်ရှင့်။ ကျွန်မကိုယ်တိုင်ကလည်း လေ့လာချင်လို့ ဒီကိုရောက်လာတာပေါ့။ ဒီကို ရောက်တော့ သိချင်တာတွေကို လွတ်လွတ်လပ်လပ် မေးမြန်းခွင့်ရတယ်။ သူတို့ကလည်း စိတ်ပါလက်ပါ ဖြေပေးတော့ ကျွန်မတို့ တော်တော်လေးဗဟုသုတလည်းရ၊ ဝမ်းလည်းသာကြတယ်။ ဒီဆိုလာစွမ်းအင်နဲ့ ပတ်သက်လို့ ကျောင်းသား ကျောင်းသူတွေကို သင်ပေးသင့်တယ်ဆိုတဲ့ အသိတွေလည်းဝင်လာတယ်။ လူငယ်တွေက ဒီလိုအလုပ်တွေဆက်လက်လုပ်နိုင်မှာ ဖြစ်တဲ့အတွက် ကောင်းမွန်တဲ့အခွင့်အလမ်းတွေရဖို့ လိုအပ်ပါတယ်။ ဆန်းသစ်တီထွင်လိုစိတ်တွေ ဖြစ်ပေါ်စေနိုင်တဲ့စာသင်နည်းတွေလည်းလိုအပ်ပါတယ်။



**ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး ဖြေကြားစဉ်။**

**မအိဇင်မွန်**
**အဖွဲ့ခေါင်းဆောင်**
**ဖောင်တော်ဦးပရဟိတ ဘုန်းတော်ကြီး**
**သင်ပညာရေးကျောင်း လေ့လာရေး**
**အဖွဲ့**

အခုကျွန်မတို့လေ့လာရေးအဖွဲ့မှာ ဆရာဆရာမတွေအပါအဝင် ကျောင်းသား ကျောင်းသူ ၁၈၀ ကျော်ပါဝင်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံကိုပဲ ဆင်းသက်တာဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ အပြင်မှာ လက်တွေ့လေ့လာခွင့်ရတဲ့အတွက် ကျွန်မတို့ဟာ ကံကောင်းတဲ့သူတွေဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ အခုကျွန်မတို့ကျောင်းမှာ နေရောင်ခြည်စွမ်းအင်နဲ့ပတ်သက်ပြီး သင်ကြားပေးနေပါတယ်။ ကျွန်မတို့ ကျောင်းသား ကျောင်းသူတွေဟာ စာတွေ့တင်မဟုတ်ဘဲ အပြင်မှာလက်တွေ့ လေ့လာခွင့်ရနေကြတာဖြစ်ပါတယ်။ ဒါဟာတိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမယ့် သဘောတရားလည်းဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတိုင်းကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုစွမ်းရည်တွေ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်ဒါဟာ ကျွန်မတို့တစ်တွေရဲ့ တိုးတက်မှုပဲဖြစ်ပါတယ်။

**မအေးချမ်းအောင်**
**အမှတ်(၂၉) အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်**

ဒီနေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို လက်တွေ့လေ့လာရတော့ ကျွန်မအံ့သြမိတယ်။ ဓာတ်ဆီ ဒီဇယ် လေယာဉ်ဆီတွေမပါဘဲ ဘယ်လိုပျံသန်းနိုင်သလဲဆိုတာကိုပေါ့၊ လေ့လာမိသလောက်ကို ကျောင်းက သူငယ်ချင်းတွေကို ပြန်ပြီးပြောပြရှင်းပြမယ်။ ကျွန်မတို့လည်း ဒီလို တီထွင်နိုင်အောင်ကြိုးစားမယ်။

**ဆရာမ ဒေါ်ထိုက်ထိုက်ဝင်း**
**အမှတ်(၂၉) အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်**

ကျွန်မကိုယ်တိုင်လည်း လေ့လာချင်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေကို နေရောင်ခြည်စွမ်းအင်နဲ့ လေထဲမှာပျံသန်းလို့ရတယ်ဆိုတာကို ရှင်းပြချင်လို့ပါ။ ကျွန်မမှာ သားသုံးယောက်ရှိတယ်။ ကျွန်မသားတွေ၊ ကျွန်မတပည့်တွေကို တီထွင်ဆန်းသစ်လိုမှုတွေရှိအောင် သွန်သင်သွားမှာပါ။ အဆင့်မြင့်စွမ်းအင်တွေနဲ့ လောကကြီးကို တည်ဆောက်နေပြီဆိုတာကို ပြောကြားသွားမှာ ဖြစ်ပါတယ်။



ဆရာမဒေါ်ငွေငွေ



မဟေမာစိုး



ဆရာမဒေါ်ရွှေရည်ဦး



မအိဇင်မွန်



မအေးချမ်းအောင်



ဆရာမ ဒေါ်ထိုက်ထိုက်ဝင်း

## မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ထူးခြားသည့် နေ့အပူချိန်များမှာ သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့၊ ဘော်လခဲမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟသ်ာတမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

ပြည်တွင်းသတင်း

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ အရင်းအနှီးဖြစ်ပါတယ်

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ပနိုင်ငံများမှ ချေးငွေအထောက်အပံ့ရယူမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တွေ့ဆုံမေးမြန်းပြောကြားချက်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

ဒေါက်တာကံဇော်

**(ယမန်နေ့မှအဆက်)**

**ဒေါက်တာကံဇော် ပြည်ထောင်စုဝန်ကြီး**

ပြည်တွင်းစုဆောင်းမှုအနေနဲ့ ပြည်တွင်းမှာ တကယ်လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အပြည့်အဝ မဆောင်ရွက်နိုင်သေးပါဘူး။ ဒါကျွန်တော်တို့ နိုင်ငံသာမဟုတ်ပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အားလုံးမှာ၊ ဘယ်နိုင်ငံမှာမှ ပြည်တွင်းစုဆောင်းမှုကနေ ပြည်တွင်းလိုအပ်ချက် ရင်းနှီးမြှုပ်နှံမှုကို ဖြည့်ဆည်းနိုင်တယ်ဆိုတာ မရှိပါဘူး။ အဲဒီလို ပြည်တွင်းစုဆောင်းမှုက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အပြည့်အဝ မဖြည့်ဆည်းနိုင်တဲ့အချိန်မှာ ကျွန်တော်တို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ရရှိအောင် ဆောင်ရွက်ဖို့အတွက် ရှာဖွေကြရပါတယ်။

ဒီနေ့ဒီအချိန်ခါမှာ လိုအပ်တဲ့အရင်းကို ရှာဖွေဖို့အတွက် ကူညီပေးနေတဲ့၊ ငွေထုတ်ပေးနေတဲ့နိုင်ငံတွေ အများကြီးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ **ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို တစ်ကမ္ဘာလုံးက အလွန်မှအားရတာဖြစ်သလို ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ကမ္ဘာလုံးက သိပ်ပြီးတော့ အားတက်ဂုဏ်ယူပံ့ပိုးကြဖို့ရှိပါတယ်။**

**ဒါကြောင့် ဒီအခြေအနေပေါ်မှာ မူတည်ပြီးတော့ မြန်မာနိုင်ငံကို နိုင်ငံတကာကနေပြီးတော့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလို့ခေါ်တဲ့ FDI (Foreign Direct Investment ) လုပ်လာကြပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ Foreign Direct Investment လုပ်နေတဲ့ နိုင်ငံ ၄၀ လောက်ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရှိနေတဲ့သယံဇာတနဲ့ လူ့စွမ်းအားအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်ဆိုတာမှာ ကျွန်တော်တို့နိုင်ငံမှာ အသက် ၁၅ နှစ်ကနေ ၆၀ ကြား အလုပ်လုပ်နိုင်တဲ့ လူဦးရေဟာ စုစုပေါင်း လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းလောက် ရှိပါတယ်။**

ကျွန်တော်တို့နိုင်ငံမှာ Population Bonus လို့ခေါ်တဲ့ လူဦးရေဆိုင်ရာ ဆုလာဘ်ကြီးရနေတယ်လို့ ပြောပါတယ်။ ဘာလို့လဲဆိုတော့ အလုပ်လုပ်နိုင်တဲ့ လူဦးရေက အများအပြားရှိနေပါတယ်။ အလုပ်လုပ်နိုင်တဲ့လူဦးရေက များနေတဲ့အတွက် နိုင်ငံရဲ့ထုတ်လုပ်မှုစွမ်းအား သိပ်ကောင်းတဲ့အခြေအနေ ဖြစ်ပါတယ်။

ဒါဟာ နှစ်ပေါင်း ၂၀၊ ၃၀ လောက် ရှိဦးမှာဖြစ်တဲ့အတွက် ဒီထုတ်လုပ်မှုစွမ်းအားကောင်းတဲ့ လူငယ်တွေရှိတဲ့ နိုင်ငံဟာ နုပျိုနေပါတယ်။ နုပျိုတဲ့နိုင်ငံ၊ စွမ်းအားရှိတဲ့နိုင်ငံ ဖြစ်နေပါတယ်။ ဒီနုပျိုမှု၊ စွမ်းအားရှိမှုဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက်၊ နိုင်ငံတကာကနေ ပေးလိုတဲ့အကူအညီတွေ၊ ဖွံ့ဖြိုးမှုပူးပေါင်းပါဝင်မှုတွေ၊ ဒီဖွံ့ဖြိုးမှု ပူးပေါင်းပါဝင်မှု လုပ်ချင်တဲ့သူတွေအတွက်က သိပ်ကိုအားကောင်းနေတဲ့ အချိန်ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ဒီအချိန်အခါမှာဆိုရင် နိုင်ငံတော်ရဲ့ နိုင်ငံရေးမျက်နှာစာမှာ အောင်မြင်မှုတွေရလာသလို၊ စီးပွားရေးမျက်နှာစာမှာလည်း အောင်မြင်မှုတွေရနိုင်ဖို့အတွက် နိုင်ငံတကာကနေပြီးတော့ အပြည့်အဝ ပါဝင်လာနိုင်အောင် ကျွန်တော်တို့ အောင်မြင်စွာကျင်းပပြီးစီးခဲ့တဲ့ မြန်မာ့ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်ရဲ့ အောင်မြင်မှုတွေက ဖော်ပြပြီးဖြစ်ပါတယ်။ တစ်ဖက်ကလည်း နိုင်ငံတော်မှာ စီးဝင်နေတဲ့ အရင်းအနှီးတွေ၊ ဒီအရင်းအနှီးတွေနဲ့ ခုနကပြောတဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု၊ **နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာ တရားဝင်ဖွံ့ဖြိုးမှုချေးငွေများ** Official Development Assistance **ကို တကယ်တော့ ချေးငွေလို့မခေါ်ပါဘူး။ သူတို့က** Official Development Assistance (ODA) **နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု၊** Official Development Assistance (ODA)**မှာ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့** (ODA) **ချေးငွေပဲဖြစ်ပါတယ်။ နှစ်ပေါင်း ၄၀ ကြာမှ ပေးဆပ်ရမှာဖြစ်ပါတယ်။**

သူ့ရဲ့အတိုးနှုန်းဟာဆိုရင် ၀ ဒသမ ၀၁ ရာခိုင်နှုန်းပဲရှိပါတယ်။ တကယ်တော့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာ အခြေခံအဆောက်အအုံ တည်ဆောက်ဖို့ လမ်းတို့၊ တံတားတို့၊ သင်္ဘောဆိပ်တို့၊ လေဆိပ်တို့၊ နောက်တစ်ခါ နိုင်ငံရဲ့လိုအပ်ချက်ဖြစ်တဲ့ သင်္ဘောကြီးတွေဝယ်လို့ရသည်အထိ ဒါဟာ Official Development Assistance နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။

Official Development Assistance စီးဝင်မှုဟာလည်း ကျွန်တော်တို့ဆီမှာ အလွန်မှကောင်းတဲ့အခြေအနေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ Official Development Assistance အနေနဲ့ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ တရုတ်၊ အီတလီ၊ ကူဝိတ်၊ ဆားဘီးယား စတဲ့နိုင်ငံတွေအပြင် ဥရောပသမဂ္ဂနဲ့ အမေရိကန်နိုင်ငံတွေက ရရှိနိုင်ပါတယ်။ လက်ရှိအားဖြင့်တော့ အာရှမှာရှိတဲ့ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယ အစရှိတဲ့ နိုင်ငံတွေကနေပြီးတော့ ဆောင်ရွက်ပေးနေတာ အလွန်မှ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

အောင်မြင်နေတဲ့ Official Development Assistance ဖြစ်ပါတယ်။

တကယ်တော့ အထောက်အပံ့အဖြစ် Official Development Assistance ဆိုတာနဲ့ ချေးငွေ (Loan) ဆိုတာကို ခွဲခြားသိဖို့လိုအပ်တယ်။ Loan ဆိုတာကတော့ တကယ့်ချေးငွေကိုပြောတာဖြစ်တယ်။ Official Development Assistance ကတော့ ချေးငွေ(၄)မျိုးဖြစ်တဲ့-

(၁) Official Development Assistance (ODA) - နှစ် (၄၀)
(တရားဝင် ဖွံ့ဖြိုးမှုအကူအညီချေးငွေ)
အတိုးနှုန်း ၀. ၀၁%

(၂) Concessional Loan- (၁ - ၂) %
(အတိုးနှုန်း သက်သာသောချေးငွေ)

(၃) Commercial Loan - (၄- ၅) %
(ကူးသန်းရောင်းဝယ်ရေး ချေးငွေ)

(၄) Special Loan
(အထူးချေးငွေများ)

**ပိုမိုသက်သာတဲ့အတိုးနှုန်းနဲ့ ချေးတာဖြစ်တယ်။ နောက်တစ်ခါ ကူးသန်းရောင်းဝယ်ရေးအတွက် ပေးတဲ့ ချေးငွေ (Commercial Loan)၊ နောက်အထူးချေးငွေ၊ ချေးငွေဆိုတာက အမျိုးမျိုးရှိတဲ့အတွက် ဘယ်ချေးငွေဟာ ပိုပြီးတော့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အခြေခံအဆောက်အအုံမှာ သုံးရမလဲ။ ဘယ်ချေးငွေကတော့ နိုင်ငံရဲ့ပြန်ရချက်မြန်တဲ့၊ နောက်တစ်ခါ အမြတ်အစွန်းရမယ့်လုပ်ငန်းတွေမှာ သုံးရမလဲဆိုတာ သက်ဆိုင်ရာငွေကြေးလိုအပ်တဲ့ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေက ဆောင်ရွက်ရမှာဖြစ်ပါတယ်။**

ချေးငွေတွေချေးယူတဲ့အခါ၊ နိုင်ငံတကာကနေပြီးတော့မှ အရင်းအနှီးတွေကို စုဆောင်းနေရတဲ့အချိန်မှာ ချေးငွေများကို နိုင်ငံတော်ကနေပဲ တိုက်ရိုက်ချေးတာဖြစ်ပြီး နိုင်ငံတော်ကနေပြီးတော့ပဲ အာမခံပြီးတော့ ချေးပါတယ်။ ဒါပေမယ့် ကျန်တဲ့နိုင်ငံတွေမှာတော့ နိုင်ငံတော်က တိုက်ရိုက်အာမခံရတာ မဟုတ်သလို ပုဂ္ဂလိကဘဏ်က ချေးငွေများကို တိုက်ရိုက်ရယူတဲ့စနစ်ရှိနေပါပြီ။ အခြားနိုင်ငံတွေမှာ ပုဂ္ဂလိကဘဏ်ကနေ တိုက်ရိုက်ချေးတဲ့ (Business Investment) ပေါ့လေ။ သက်ဆိုင်ရာ အခြားနိုင်ငံ ဘဏ်တွေကနေပြီးတော့ သက်ဆိုင်ရာနိုင်ငံအတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကို ချေးငှားတဲ့ Commercial Loan တွေလည်း ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ ဒါဟာ မကြာခင်ကာလအတွင်းမှာ Commercial Loan တွေ ပွင့်လင်းလာမယ်လို့ မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘဏ်လုပ်ငန်းတွေ တိုးတက်လာလို့ပါ။

ပုဂ္ဂလိကကဏ္ဍဆန်ဆန် လုပ်လာတဲ့လုပ်ငန်းမျိုးတွေဆိုရင် ဥပမာအားဖြင့် ပုဂ္ဂလိကလျှပ်စစ်လုပ်ငန်းတွေ လုပ်တယ်။ မြန်မာနိုင်ငံမှာ အခုဆိုရင် (IPP)ဆိုရင် မော်လမြိုင်မှာလုပ်နေတဲ့ (IPP)၊ အခြားဒေသတွေမှာ လုပ်တဲ့ (IPP)တွေလည်းရှိတယ်။ (IPP)မှာဆိုရင် အဓိကအားဖြင့် သူတို့တွေ (PPA)လို့ခေါ်တဲ့ (Power Purchasing Agreement)ကို အပေါင်ထားပြီးတော့ အဲဒီ (Agreement)ကတစ်ဆင့် တိုက်ရိုက်အသုံးပြုရတဲ့ ချေးငွေတွေလုပ်တာလည်းရှိတယ်။ အဲဒီလုပ်ဆောင်မှုတွေဟာ ပွင့်လင်းလာတဲ့ နိုင်ငံမျိုးကို အရင်းစီးဝင်မှုတွေဖြစ်ပါတယ်။

ဒီအရင်းစီးဝင်မှုတွေဟာ ဘာလို့အရေးကြီးသလဲဆိုတော့ ကမ္ဘာ့နိုင်ငံတိုင်း ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံတိုင်းမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြန်လည်တည်ဆောက်၊ ပြန်လည်တည်ဆောက်မှုကနေတစ်ဆင့် တိုးတက်မှု၊ တိုးတက်မှုကမှ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို သွားရတာ ဖြစ်ပါတယ်။

အဲဒီလိုသွားခဲ့သလို ကမ္ဘာ့နိုင်ငံအားလုံးမှာ အကောင်းဆုံးလို့ပြောတဲ့ ဂျပန်နိုင်ငံလိုမျိုး၊ နောက်ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးဟာဆိုရင် အရင်းအနှီး တည်ဆောက်မှုကနေတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိရတာဖြစ်တဲ့အတွက် အရင်းစီးဝင်မှုဟာ ကမ္ဘာ့နိုင်ငံတိုင်းမှာ ပြည်တွင်းအရင်းစုဆောင်းမှု၊ အပြည်ပြည်ဆိုင်ရာ အရင်းအနှီးရရှိမှုအပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အပြည်ပြည်ဆိုင်ရာ အရင်းအနှီးရွေ့ပြောင်းမှုဟာ ကမ္ဘာမှာ အရေးကြီးတဲ့ ဖွံ့ဖြိုးမှုကို ဦးတည်တာ ဖြစ်တယ်။

**အရင်းအနှီးများများစီးဝင်ခြင်းဟာ အဲဒီနိုင်ငံအပေါ်မှာ များများယုံကြည်ခြင်းလို့ ဆိုရမှာဖြစ်တယ်။ ဥပမာ အဓိပ္ပာယ်တစ်ခုကို စဉ်းစားကြည့်ပါ။ ငွေချေးမယ်ဆိုရင် ပြန်မဆပ်နိုင်ဘူးလို့ယူဆရင် ဘယ်သူကမှ ထုတ်ချေးမှာမဟုတ်ပါဘူး။ ချေးမယ်ဆိုကတည်းက ပြန်ဆပ်နိုင်မယ်၊ အချိန်တန်ရင် ပြန်ဆပ်မှာပဲဆိုပြီးတော့ သေချာလည်း ယုံကြည်တယ်၊ နောက်တစ်ခါ ပြန်ဆပ်မယ်ဆိုတဲ့ သူ့ရဲ့ ချမ်းသာမှု၊ ကြွယ်ဝမှု၊ သယံဇာတ၊ သူ့ရဲ့ပညာ၊ သူ့ရဲ့အသိပညာ၊ သူ့ရဲ့လုပ်ငန်းပေါ့၊ အဲဒီဟာတွေအားလုံး သေချာမှသာလျှင် ချေးတာမျိုး ဖြစ်ပါတယ်။**

ဒါကြောင့် ငွေချေးငှားမှုနဲ့ပတ်သက်လို့ အခု အချိန်မှာဆိုရင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ကူဝိတ်၊ ဆားဘီးယားစတဲ့နိုင်ငံတွေကနေ ချေးငှားတာတွေ ရှိပါတယ်။ ဒါ့ပြင် အဓိကအားဖြင့်တော့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ဘဏ်မှာတော့ အဖွဲ့အစည်းတွေအများကြီး ရှိတာပေါ့လေ။ နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးရန်ပုံငွေအဖွဲ့တွေက ချေးငှားပေးပါတယ်။

နိုင်ငံရဲ့ အခြေအနေကို ကြည့်ပြီးတော့ ပြန်ဆပ်နိုင်မှာ သေချာတယ်၊ သူတို့ရဲ့ငွေပြန်ဆပ်မှုသမိုင်းမှာကြည့်ရင်လည်း တာဝန်ရှိမှု၊ တာဝန်သိမှုနဲ့ ချေးထားတဲ့ငွေတွေကိုလည်း စနစ်တကျပြန်ဆပ်တယ်၊ Project Document မှာလည်း အရင်းကျေကာလ၊ ဘယ်တော့ အရင်းကျေမလဲဆိုတာ သေချာဖော်ပြထားပါတယ်။

ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (Internal Rate of Return – IRR) ဘယ်လောက်ရှိတယ်ဆိုတာ ဖော်ပြတယ်။ အဲဒီဟာကိုလည်း မှန်မှန်ကန်ကန်ရအောင် ကိုယ်က လုပ်နိုင်ရမယ်။ နောက်ကျွန်တော်တို့က Cost Benefit ( ကုန်ကျမယ့်စရိတ်) ပြန်ရလာမယ့် အကျိုးကျေးဇူးတွေရှိမယ်။ အဲဒါတွေကို တွက်ဆကြည့်ရမယ်။

အကျိုးအမြတ်နဲ့ စရိတ်အချိုးမှာ အကျိုးအမြတ်များမှ စရိတ်နည်းပြီး ဒီလုပ်ငန်းက လုပ်လို့ရမယ်။ အကျိုးပြန်ရချက်ကလည်း ကောင်းရမယ်၊ ပြန်ရချက်ကို ပြန်လည်ပေးဆပ်နိုင်တဲ့အခြေအနေလည်း ရှိရမယ်။ နောက်တစ်ခါ အရင်းကျေကာလကလည်း မြန်မြန်အရင်းကျေနိုင်မှ ကိုယ့်အတွက်လည်း အကျိုးအမြတ်က ရလာမယ်။ ဒါတွေကို ချေးငှားသူက စိစစ်ပြီးမှ သေချာလို့ ချေးငှားတာ ဖြစ်ပါတယ်။

**အဲဒီတော့ အဲဒီကောင်းတဲ့ အခြေအနေတွေမှာ တကယ်လက်တွေ့ အကောင်အထည်ဖော်တဲ့၊ တကယ်ရရှိခံစားနေရတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရှိမယ်၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေရှိမယ်။ ဒီအဖွဲ့အစည်းတွေကတော့ စရိတ်ကို အနည်းဆုံးဖြစ်အောင် လုပ်မယ်၊ ပြန်ရချက်ကို အကောင်းဆုံးဖြစ်အောင်လုပ်မယ်။ ခုနကပြောတဲ့ အရင်းကျေကာလကို မြန်မြန်ရနိုင်ဖို့အတွက် Delay မဖြစ်ဖို့ လိုတယ်။ လုပ်ငန်းတွေက သူပေးရမယ့်အချိန်ကို ပေးကိုပေးရမယ်။ စံချိန်စံညွှန်းအပြည့်အဝ စစ်ဆေးခံနိုင်ရမယ်။ အဲဒီအခြေအနေတွေနဲ့ အားလုံးပြည့်စုံရင် ဒါဟာ သူ့ရဲ့ International Facts မှာ အကုန်လုံးဝင်သွားမယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ မအောင်မြင်တဲ့ကိစ္စတွေ ရှိလာစရာမရှိဘူး။**

အရင်းအနှီးသုံးစွဲနိုင်မှုနဲ့၊ နည်းပညာရရှိနိုင်မှု။ နည်းပညာဟာ ထပ်မံပြီးတော့ တိုးချဲ့ရမှာ ဖြစ်တဲ့အတွက် အခုအချိန်မှာဆိုရင် နိုင်ငံနဲ့အဝန်း အရည်အသွေးမြှင့်တင်ရေးတွေ လုပ်နေပါတယ်။ နည်းပညာဆိုင်ရာ လက်မှတ်ရသင်တန်းတွေ၊ နိုင်ငံတကာနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေတဲ့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းတွေလည်း လုပ်နေတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ကတော့ မိမိရဲ့နိုင်ငံသားတွေကို ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် ပညာအရည်အချင်းအားဖြင့် လည်းကောင်း၊ နည်းပညာအားဖြင့် လည်းကောင်း၊ ကျွမ်းကျင်မှုအားဖြင့် လည်းကောင်း၊ လုပ်ခလစာ တိုးတက်လာခြင်းအတွက် လည်းကောင်း လုပ်နေပါတယ်။ ကိုယ့်ရဲ့ထုတ်လုပ်မှုစွမ်းအားမြင့်ရင် လုပ်ခလစာကလည်းတိုးမှာ ဖြစ်ပါတယ်။

ကမ္ဘာမှာတိုင်းတာနေတာက လုပ်ခလစာကို ထုတ်လုပ်မှုစွမ်းအားနဲ့ ချိန်တယ်။ လူတစ်ဦးချင်းရဲ့ ထုတ်လုပ်မှုစွမ်းအား မမြင့်မချင်း သူ့ရဲ့လုပ်ခလစာဟာ သာမန်အခြေအနေမှာပဲရှိမယ်။ ကိုယ်ဖြစ်နိုင်တာထက်ပိုတဲ့ လုပ်ခလစာ ဘယ်ကမ္ဘာမှာမှ သတ်မှတ်ထားတာ မရှိဘူး။

**ဒါကြောင့် Rate ကို သတ်မှတ်တဲ့အခါမှာလည်း အဓိကအားဖြင့် ထုတ်လုပ်နိုင်မှုစွမ်းအားနဲ့ Rate က တိုက်ရိုက်သွားပြီး ပတ်သက်နေတယ်။ ဒါအခြေခံပဲ။ လုပ်ခလစာအခြေခံသည် တစ်ဦးချင်းစီရဲ့ ထုတ်လုပ်မှုစွမ်းအားနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။**

ဒါ ကမ္ဘာမှာ သီအိုရီအရ လည်းကောင်း၊ လက်တွေ့အရ လည်းကောင်း ဒီအခြေခံအတိုင်းသွားမှာပဲ။ ဒါကြောင့် အဲဒီလိုဟာတွေ တိုးမြှင့်လာဖို့အတွက် နိုင်ငံတော်အနေနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊ (၅)နှစ်စီမံကိန်းကနေ ယခုနောက်ဆုံး ၂၀၁၅-၂၀၁၆ မှာ ပထမဆုံး ပြုပြင်ပြောင်းလဲရေးဖြစ်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ ဒုတိယပြုပြင်ပြောင်းလဲရေးဖြစ်တဲ့ စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲရေး၊ တတိယအဆင့်ဖြစ်တဲ့ ကောင်းမွန်သော အုပ်ချုပ်မှု၊ သန့်ရှင်းသော အစိုးရ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုဖြစ်တဲ့ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု (Public Administration Reform)၊ နောက်တစ်ခုက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီအပေါ်မှာ အခြေခံပြီးတော့ အခု ပဥ္စမနှစ်မှာဆိုရင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ ဒီရည်မှန်းချက်ကြီးကိုရအောင် နည်းလမ်းရှာဖွေပြီးတော့ တကယ်အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ရမယ့်နှစ်ဖြစ်တယ်။

ဒီအခြေအနေတွေအပေါ် အခြေခံပြီးတော့ အပြည်ပြည်ဆိုင်ရာ အရင်းအနှီးစီးဝင်မှုတွေအပေါ်မှာ ကြိုဆိုပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေက ပိုပြီးတော့ တိုးမြှင့်လာဖို့ လိုပါတယ်။ ကျွန်တော်တို့ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ်မှာ အရင်းအနှီးလိုပါသေးတယ်။ ဒီထက်ကို အများကြီး အရင်းအနှီးလိုပါတယ်။ ဒီအရင်းအနှီးတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ချေးငွေ ခံနိုင်ရည်ရှိမှုနဲ့ ချိန်ဆပြီး ဆောင်ရွက်သွားရင် မအောင်မြင်နိုင်စရာမရှိဘူး။ အောင်မြင်လည်း အောင်မြင်လာနေပြီဆိုတာ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆောင်းပါး

# ဝိသေသသုံးစကားလုံး၊ ယေဘုယျသုံးစကားလုံး (၂)

မောင်ခင်မင်(ဓနုဖြူ)

"ကဲ. . . ရှေ့ကပြောခဲ့တာတွေကို ဆက်စပ်ကြည့်ကြဦးစို့။သားတို့ သမီးတို့ကို အကောင်အထည်ပြ စကားလုံးနဲ့ သဘောပြ စကားလုံးအကြောင်း အရင်ပြောပြီးပြီ။ ပြီးတော့ ဝိသေသသုံး စကားလုံးနဲ့ ယေဘုယျသုံးစကားလုံး အကြောင်းဆက်ပြောတယ်။ ဟုတ်တယ် မဟုတ်လား"

" ဟုတ်ပါတယ် ဆရာ"

"အဲဒီစကားလုံးနှစ်မျိုးစီကို ဆက်စပ်ကြည့်ရအောင်။ ဒီလိုဆိုရင် အကောင်အထည်ပြစကားလုံးနဲ့ ဝိသေသသုံးစကားလုံးက ထင်သာမြင်သာတဲ့ စကားလုံးတွေမို့ အဲဒီနှစ်မျိုးကို တစ်တွဲတွဲလိုက်မယ်။ သဘောပြစကားလုံးနဲ့ ယေဘုယျသုံး စကားလုံးကလည်း မမြင်သာတဲ့ ဒြပ်မဲ့သဘောကို ပြတာများလို့ အဲဒီနှစ်မျိုးကို တစ်တွဲတွဲတာပေါ့"

"ဟုတ်ကဲ့ပါ"

" ဒီလိုတွဲပြီး ပြောမယ်ဆိုရင်ဒြပ်မဲ့သဘောတွေကို ယေဘုယျဖော်ပြတဲ့စာမျိုးဟာ လေးလေးပင်ပင်ရှိတတ်တယ်။ နားလည်ဖို့ခက်တတ်တယ်။ အကောင်အထည်တွေကို ဝိသေသပြုပြီး သီးသီးသန့်သန့်ဖော်ပြတဲ့ စာမျိုးက ပေါ့ပေါ့ပါးပါးရှိပြီး နားလည်ဖို့လွယ်တယ်လို့ ပြောနိုင်တာပေါ့ကွယ်။ စာအရေးအသားနဲ့ပတ်သက်ပြီး လမ်းညွှန်တဲ့စာတွေမှာလည်း အဲဒီလို ပြောလေ့ရှိတယ်ကွဲ့"

"မှတ်ထားပါမယ် ဆရာ"

"အကောင်အထည်ပြ စကားလုံးတွေ များများသုံးရင် မြင်သာတာ မှန်ပေမယ့် ယေဘုယျသုံးစကားလုံးတွေဖြစ်နေရင် အကောင်အထည် ထင်းခနဲ မပေါ်ဘဲ ခပ်ဝါးဝါးဖြစ်နေတတ်တယ်။အဲ. . . အကောင်အထည်တွေကို ပုံပန်းသဏ္ဌာန်၊ အရောင်အသွေးတွေနဲ့ ဝိသေသသုံးစကားလုံးတွေသုံးပြီး ပြောရင်တော့ ထင်းခနဲမြင်သာတာပေါ့ကွယ်"

"ဟုတ်ကဲ့. . . 'ရွှေတိဂုံစေတီတော်ကြီးသည် သိင်္ဂုတ္တရကုန်းထက်တွင် စံပယ်တော် မူနေသည်'လို့ ရေးတာမျိုးထက် 'ရွှေတိဂုံစေတီတော်ကြီးသည် ရွှေတောင်ကြီးကဲ့သို့ ရွှေရောင်တဝင်းဝင်းဖြင့် သိင်္ဂုတ္တရကုန်းထက်တွင် စံပယ်တော်မူနေသည်'လို့ ရေးတာက 'ရွှေတောင်ကြီးကဲ့သို့'ဆိုတဲ့ ဝိသေသစကားလုံးနဲ့ ဥပမာပေးထားတာမို့ စာဖတ်သူရဲ့စိတ်ထဲမှာ ထင်းခနဲ မြင်ယောင်လာနိုင်တာပေါ့နော် ဆရာ"

"သားပေးတဲ့ သာဓကကောင်းပါတယ်။ အကောင်အထည်ကို ဖော်ပြတာဖြစ်ပေမယ့် ယေဘုယျသုံး စကားလုံးတွေများနေရင် ခပ်ဝေးဝေးကမြင်ရတဲ့ မြင်ကွင်းလို မသဲမကွဲဖြစ်နေမှာပေါ့။ ဝိသေသသုံးစကားလုံးတွေနဲ့ ဖော်ပြလိုက်တော့ အနီးကပ်မြင်ကွင်းကို မြင်ရသလို ပေါ်လွင်လာတာပေါ့ကွယ်"

" ဟုတ်ကဲ့ပါ"

"သားတို့ သမီးတို့ သင်ဖူးမယ်ထင်တယ်။ မဟာဇနကဝတ္ထုတော်ကြီးထဲက ကောက်နုတ်ချက်တစ်ခုပါ။ ဇနကမင်းသားဟာ သင်္ဘောနဲ့ခရီးသွားရင်း သင်္ဘောပျက်တော့ သမုဒ္ဒရာထဲမှာ ဖွဲမလျှော့တမ်း ကူးခပ်တဲ့အကြောင်းလေ"

"သင်ဖူးပါတယ် ဆရာ၊ 'ဇနကမင်း၏လုံ့လ'ဆိုတဲ့ ကောက်နုတ်ချက်ပါ"

"အေး. . . အဲဒီလို ဇနကမင်းသားရေကူးနေတဲ့ မြင်ကွင်းကို ဘယ်လို ဥပမာ ပေးထားသလဲ။ မှတ်မိလား"

"မမှတ်မိပါဘူး ဆရာ"

" 'မြခုံလောက်ကြားမှ ရွှေတုံးကဲ့သို့'တဲ့၊ 'ခုံလောက်'ဆိုတာ ဖိုခုံလောက်ကို ခေါ်တဲ့ ရှေးစကားပေါ့။ ဒီတော့ မြခုံလောက်ဆိုတာက မြကျောက်သုံးလုံး ဆိုင်ထားတဲ့ ဖိုခုံလောက်ပေါ့ကွယ် ။ အဲဒီဖိုခုံလောက် သုံးလုံးဆိုင်ကြားက ရွှေတုံးလိုပဲလို့ ဥပမာပေးထားတာလေ"

"ဩော် . . . မှတ်မိပါပြီဆရာ။ သမီးတို့ကျောင်းမှာ သင်ရတုန်းက ဆရာမကရှင်းပြပါတယ်။ စိမ်းနေတဲ့ သမုဒ္ဒရာရေပြင်မှာ ဝင်းဝါတဲ့အသား အရောင်နဲ့ ကူးခပ်နေတဲ့ ဇနကမင်းသားကို အစိမ်းရောင်မြခုံလောက်ကြား က အဝါရောင်ရွှေတုံးနဲ့ ဥပမာပေးထားတာပါ ဆရာ"

"အေး . . . ဟုတ်တယ်။ ဝိသေသသုံး စကားလုံးတွေနဲ့ အရောင် အသွေးခြယ်ပြီး သရုပ်ဖော်ထားတာပေါ့ကွယ်။ သတိရလို့ ကဗျာကလေးတစ်ပုဒ် ကို သာဓကပေးချင်သေးတယ်။ ဆရာကြီး မင်းသုဝဏ်ရေးတဲ့ 'လယ်စောင့် တဲ'ဆိုတဲ့ ကဗျာလေ။ ရကြတယ်မဟုတ်လား"

"ကျွန်တော်ရပါတယ် ဆရာ။ ဆိုကြည့်ပါ့မယ်။ . . . 'မိုးရေတက်ရေ တဖွေးဖွေး၊ ကွင်းကျယ်အဝေးဝေး၊ လယ်စောင့်တဲလေးခြေတံရှည်၊ မိုးကုပ် အောက်မှာတည်၊ ကြာနီတစ်ပွင့်၊ ဖြူတစ်ပွင့်၊ တဲနှင့်ပန်းတင့်'ပါ ဆရာ"

"အေး . . . အဲဒီကဗျာကလေးဟာ ပန်းချီကားလေးတစ်ချပ်ကို မျက်စိ ထဲမှာ ထင်းခနဲမြင်ယောင်လာနိုင်တဲ့ ကဗျာကလေးပဲကွဲ့။ အဲဒီကဗျာမှာ အကောင်အထည်မမြင်သာတဲ့ သဘောပြစကားလုံးဆိုလို့ 'ပန်းတင့်'ဆိုတဲ့ စကားလုံးတစ်လုံးပဲပါတယ်။ 'လိုက်ဖက်တင့်တယ်တယ်'လို့ အဓိပ္ပာယ်ရတဲ့ စကားလုံးပဲ။ကျန်တဲ့ စကားလုံးတွေအားလုံး အကောင်အထည်ပြ စကားလုံး တွေချည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ မိုးရေတက်ရေ၊ တဖွေးဖွေး၊ ကွင်းကျယ် အဝေး ဝေး . . .၊ လယ်စောင့်တဲလေးခြေတံရှည်၊ မိုးကုပ်အောက်တည်၊ ကြာနီ၊ ကြာဖြူအားလုံး အကောင်အထည်ပြစကားလုံးတွေပါ ဆရာ"

> **ဒြပ်မဲ့သဘောတွေကို ယေဘုယျဖော်ပြတဲ့စာမျိုးဟာ လေးလေးပင်ပင် ရှိတတ်တယ်။ နားလည်ဖို့ ခက်တတ်တယ်။ အကောင်အထည်တွေကို ဝိသေသပြုပြီး သီးသီးသန့်သန့်ဖော်ပြတဲ့စာမျိုးက ပေါ့ပေါ့ပါးပါးရှိပြီး နားလည်ဖို့လွယ်တယ်လို့ ပြောနိုင်**

"သမီးလည်းပြောပါ့မယ်။ ကွင်းကျယ်၊ ခြေတံရှည်၊ ကြာနီ၊ ကြာဖြူဆိုတဲ့ စကားလုံးတွေက ဝိသေသသုံးစကားလုံးတွေပါ ဆရာ"

"ဟုတ်ပြီ ဟုတ်ပြီ။ ဒီတော့ ဒီကဗျာကလေး ခုလိုမျက်စိထဲမှာ သရုပ်ပေါ်လာတာဟာ အကောင်အထည်ပြစကားလုံးတွေ၊ ဝိသေသသုံးစကားလုံး တွေကြောင့်ဆိုတာ ထင်ရှားပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒီစကားလုံးတွေကို တွဲဆက်ထားပုံကလည်း ဘယ်လောက်အချိုးကျသလဲ။ စဉ်းစားကြည့်လေ။ ဟိုး. . . မိုးကောင်းကင်ကြီးအောက်က မိုးရေတက်ရေတွေဖွေးနေတဲ့ ကွင်းကျယ်ကြီးကိုနောက်ခံထားပြီး ခြေတံရှည် လယ်စောင့်တဲကလေးက ကြာနီတစ်ပွင့် ကြာဖြူတစ်ပွင့် တစ်ဖက်တစ်ချက်စုံပြီး ကန့်ကလျ ရပ်နေတဲ့ ပုံကလေးပေါ်မလာဘူးလား။ ချစ်စရာပန်းချီကားကလေး ပေါ့ကွယ်"

"ဟုတ်တယ်နော် ဆရာ။ 'ကွင်းထဲမှာ လယ်စောင့်တဲကလေး တစ်တဲ ရှိပါသည်'လို့ ပြောတာမျိုးနဲ့ယှဉ်ကြည့်ရင် သိပ်ကွာခြားသွားတာပဲနော်"

"သားတို့သမီးတို့က စာသမားတွေဆိုတော့ မြင်ကွင်းတစ်ခုကို သရုပ်ဖော် တဲ့ ကဗျာတစ်ပိုဒ်ကို သာဓကပေးချင်သေးတယ်။ ဆရာကြီး ဒဂုန်တာရာရဲ့ 'မတ်လတော်လှန်ရေး'ဆိုတဲ့ ကဗျာအစပိုဒ်လေ"

"ဒီစာပိုဒ်ကို သမီးသိပ်ကြိုက်ပါတယ်။ ရလည်းရပါတယ် ဆရာ"

"ဟုတ်ပြီကွယ်။ ကဲ. . . ဆိုပြစမ်းပါဦး"

"ဟုတ်ကဲ့ပါ။ 'မိုးကုပ်ကုပ်ဝယ်၊ အို. . . ရုတ်တရက်၊ မျဉ်းဖြူစက်၍ ကွဲအက်ကြောင်းရာ၊ ဟဟလာပြီး၊ မိုးပြာကိုဖြတ်၊ ပတ္တမြားရည်၊ စီးလည် အဟုန်၊ နီမြန်းကုန်သည်၊ အရုဏ်ပေါ်စ ဝိုးတဝါး' "

"ဖက်ဆစ်တော်လှန်ရေးစတင်တဲ့ မတ်လ ၂၇ ရက်နေ့ မနက်အရုဏ် တက်ချိန် မြင်ကွင်းလို့ ဆိုရမှာပေါ့။ အရှေ့မိုးကောင်းကင်မှာ မျဉ်းဖြူစက် ကလေးတွေ ရုတ်တရက်ပေါ်လာပုံ၊ မျဉ်းကြောင်းကလေးဖြစ်ပြီး အက်ကြောင်း ရာကလေး တဖြည်းဖြည်းဟဟလာပုံ၊ ပြီးတော့ အပြာရောင်မိုးကောင်းကင် ကိုဖြတ်ပြီး ခုနအက်ကြောင်းကလေးထဲက ပတ္တမြားရည်တွေ ဟောခနဲအရှိန်နဲ့ စီးထွက်ပြီး ကောင်းကင်တစ်ခုလုံးနီသွားပုံကို ရုပ်ရှင်ရိုက်ပြသလို လှုပ်ရှားမှု ပေါ်အောင် သရုပ်ဖော်ထားတဲ့ အဖွဲ့ကလေးပဲကွဲ့"

"ကောင်းလိုက်တာနော် ဆရာ။ ကိုယ်တိုင်မျက်စိရှေ့မှာ မြင်လိုက်ရသလို ပါပဲ"

"အေး. . . အဲဒီအဖွဲ့မှာလည်း ကဗျာဆရာကြီး တအံ့တသြအသံထွက် သွားတဲ့ 'အို. . .'ဆိုတဲ့ အာမေဍိတ်ကလွဲရင် ကျန်တဲ့စကားလုံးတွေဟာလည်း အကောင်အထည်ပြစကားလုံးတွေ၊ ဝိသေသသုံးစကားလုံးတွေချည်းပဲလေ"

" ဟုတ်ကဲ့ပါ"

"ကဗျာစာဆိုကြီးဟာ အရောင်အသွေးတွေကို အထူးအာရုံပြုလေ့ရှိတာ မို့ ဒီကဗျာပိုဒ်မှာလည်း အရောင်တွေခြယ်ထားတာတွေ့မှာပေါ့။ 'မျဉ်းဖြူ' တဲ့၊ 'မိုးပြာတဲ့ ' 'ပတ္တမြားရည်'တဲ့ 'နီမြန်း'တဲ့ ။ အရောင်ပြတဲ့ ဝိသေသသုံး စကားလုံးတွေပေါ့ကွယ် ။ အဲဒီစကားလုံးတွေကို လှလှပပတွဲစပ်ပြီး သရုပ်ဖော် ထားတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဆရာက ကဗျာတွေနဲ့ သာဓကပြပေမယ့် သားတို့သမီးတို့ အများဆုံး ရေးနေတာ စကားပြေမဟုတ်လား။ သတင်းပဲရေးရေး၊ ဇာတ်လမ်းပဲရေးရေး၊ ကိုယ်ရေးတဲ့စာကို ပရိသတ်စိတ်ဝင်စားအောင် ကြိုးစားရေးနေကြတာပဲလေ။ အဲဒီလိုရေးတဲ့အခါ ခုပြောကြတဲ့အချက်တွေကို လိုအပ်သလို သုံးနိုင်တာ ပေါ့ကွယ်"

"ဟုတ်ကဲ့ပါဆရာ မှတ်ထားပါ့မယ်"

"ဝိသေသသုံးစကားလုံးတွေက ခုပြောခဲ့တဲ့ အရောင်အသွေးတို့ ပုံသဏ္ဌာန်တို့၊ အရွယ်ပမာဏတို့အပြင် နာမည်တို့၊ ခုနှစ်တို့၊ ကိန်းဂဏန်းတို့ ဆိုတဲ့ သီးသန့်အချက်တွေကို ဖော်ပြတဲ့စကားလုံးတွေပဲ။ ကဲ. . . ဒီလောက် ဆိုရင် သားတို့ သမီးတို့ သဘောပေါက်လောက်ပါပြီ။ နိဂုံးချုပ်ကြစို့"

"ကျေးဇူးအများကြီးတင်ပါတယ် ဆရာ"

# ဆွေးနွေးရန်ခက်ခဲခဲ့သည့် နိုင်ငံရေးဆိုင်ရာ အာမခံချက်များခေါင်းစဉ်ပါ အခန်းအားနှစ်ဖက်အဖွဲ့များ သဘောတူဆွေးနွေးနိုင်

**ရန်ကုန် မတ် ၂၁**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေး အဖွဲ့ (NCCT)တို့ (၇)ကြိမ်မြောက် ဆွေးနွေးလျက်ရှိသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ပဋ္ဌမမြောက်နေ့ ဆွေးနွေးပွဲတွင် နိုင်ငံရေးဆိုင်ရာ အာမခံချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးနိုင်ခဲ့သည်ဟု ဆွေးနွေးပွဲအပြီး ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

UPWC နှင့် NCCT တို့၏ ငါးရက်မြောက်နေ့ ဆွေးနွေးပွဲအား မတ် ၂၁ ရက်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

NCA စာချုပ်၏ ပဋ္ဌမမြောက် အခန်းဖြစ်သည့် **"နိုင်ငံရေးဆိုင်ရာ အာမခံချက်များ"** အခန်းတွင် (၁) နိုင်ငံရေးလမ်းပြမြေပုံ (Road Map) ချမှတ်ခြင်း၊ (၂) နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းနဲ့ (၃)အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းဟူသည့် ခေါင်းစဉ်ခွဲသုံးခုပါရှိပြီး ယနေ့ကျင်းပသည့် ဆွေးနွေးပွဲတွင် ပြီးပြတ်အောင် ဆွေးနွေးနိုင်ခဲ့သည်ဟု MPC မှ ဦးလှမောင်ရွှေက ပြောကြားသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)အခန်း (၅) **နိုင်ငံရေးဆိုင်ရာ အာမခံချက်များ** ခေါင်းစဉ်အောက်တွင် ပါဝင်သည့် နိုင်ငံရေးလမ်းပြမြေပုံ (Road Map) ချမှတ်ခြင်း၊ နှစ်ဖက်ကိုယ်စားလှယ်များ ညှိနှိုင်းရန်ခက်ခဲ့သည်။ ၂၀၁၄ စက်တင်ဘာ နောက်ပိုင်းမှစ၍ ပြန်လည် တွေ့ဆုံဆွေးနွေးရန်အတွက် ခြောက်လကြာတိုင် ကြန့်ကြာခဲ့ရသည့်အခန်းဖြစ်သည်။ ယနေ့ဆွေးနွေးပွဲ၌ နိုင်ငံရေးလမ်းပြမြေပုံ (Road Map)ပါ အချက်(၇)အား သဘောတူနိုင်ခဲ့သည်။ ထို့ကြောင့် နှစ်ဖက်ခေါင်းဆောင်များ ပြန်လည်ဆွေးနွေးရန် လိုအပ်သည့် အပိုဒ်ခွဲနှစ်ခုမှလွဲ၍ အခန်း (၅)အား သဘောတူဆွေးနွေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



NCCT အဖွဲ့ဝင် ဒေါ်စောမြရာဇာလင်းက "ဒီနေ့ အထူးအောင်မြင်တဲ့အချက်တွေရှိပါတယ်။ အခန်း (၅)ကို အောင်အောင်မြင်မြင်နဲ့ ကျော်ဖြတ်နိုင်ခြင်းဟာဆိုရင် ကျွန်မတို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းထားတဲ့ NCCT နဲ့ UPWC က ခေါင်းဆောင်များရဲ့ တစ်ဦးအပေါ်တစ်ဦး စိတ်ရှည်သည်းခံ အနစ်နာခံမှုကြောင့်ပါ။ ဆွေးနွေးပွဲဟာ အောင်မြင်ရပါလိမ့်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ထားခဲ့လို့ အခန်း (၅)ကို ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု ဆွေးနွေးပွဲအပြီး သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

(၇)ကြိမ်မြောက် ဆွေးနွေးလျက်ရှိသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ဆွေးနွေးပွဲအား မတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ အခန်း(၆)၊ NCAစာချုပ် လက်မှတ်ရေးထိုးပြီးနောက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အခန်း (၇)၊ အထွေထွေတို့ကို ဆက်လက်ဆွေးနွေးသွားမည် ဖြစ်သည်။

ဆဋ္ဌမနေ့တွင် ဆက်လက်ဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍ "ကျွန်မတို့ တိုင်းပြည်ကြီးကို ဘယ်လိုတည်ဆောက်ကြမလဲ၊ လက်နက်ကိုင် တော်လှန်ရေးမှာရှိနေတဲ့တိုင်းရင်းသားတွေ၊ နိုင်ငံရေးပါတီထဲမှာရှိနေတဲ့ တိုင်းရင်းသားတွေ အပြင် အခြားတိုင်းရင်းသားတွေကို ပါဝင်လာနိုင်ဖို့အတွက် ပါဝင်ထိုက်သူများ အားလုံးပါဝင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို ဘယ်လို အကောင်အထည်ဖော်မလဲ။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီးတာနဲ့ အနာဂတ်မှာလည်း နိုင်ငံရေးမူဘောင်ကိုရေးဆွဲဖို့ အချိန်ကျရင် ဘယ်လိုပုဂ္ဂိုလ်မျိုးတွေကို ဖိတ်ခေါ်သွားမလဲ ဆိုတဲ့ အချက်တွေကျန်သေးတယ်။ အဲဒီအချက်တွေက စိုးရိမ်စရာမရှိဘူး။ မနက်ဖြန် ပြီးပြတ်နိုင်တယ်"ဟု NCCT အဖွဲ့ဝင် ဒေါ်စောမြရာဇာလင်းက ပြောသည်။

(သတင်းစဉ်)

## ပြည်တွင်းသတင်း

# စိတ်ကြွရူးသွပ်ဆေးပြားသုံးသိန်း လွိုင်လင်မြို့၌ ဖမ်းဆီးရမိ

**လွိုင်လင် မတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပန်ခေါက်ပိုးကျေးရွာအနီး ပန်ခေါက်ပိုးဘုန်းကြီးကျောင်းရှေ့တွင် မတ် ၂၀ ရက် နံနက် ၁၁ နာရီက မြို့မ ရဲစခန်းမှူးစခန်းမှူး ဒုရဲမှူးဌေးအောင် ဦးဆောင်သောအဖွဲ့သည် မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်များကို ပိတ်ဆို့စစ်ဆေးရေးဆောင်ရွက်နေစဉ် နမ့်စန်မြို့ဘက်မှ ယာဉ်မောင်း စိုင်းအောင်ညွန့်မောင်းနှင်လာပြီး စိုင်းစံချို လိုက်ပါလာသောယာဉ်အမှတ် 6A/----- TOYOTA YARIS NCP-51 HATCH BLACK (4-2) (R) အဖြူရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်မောင်းဒက်ဘုတ်အောက်၊ ယာဉ်နောက်ခန်း၊ ယာဉ်၏ရှေ့အင်ဂျင်ပိုင်း ဘော်ဒီများအတွင်းမှ အဝါရောင်တိတ်များဖြင့်ပတ်လျက် အတွင်း၌ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ် ၁၀ အိတ် (တစ်အိတ်လျှင် ဆေးပြား ၂၀၀ စီပါ) အထုပ်ပေါင်း ၁၅၀ အတွင်း ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၀၀၀၀၀ အလေးချိန် ၃၀ ကီလိုဂရမ်ခန့် တစ်ပြားလျှင် ကာလတန်းဖိုး ၄၀၀၀ နှုန်းဖြင့် သိန်းပေါင်း ၁၂၀၀၀ ခန့်ကို ရှာဖွေတွေ့ရှိခဲ့၍ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ယာဉ်မောင်းနှင့် ယာဉ်ပေါ်၌လိုက်ပါလာသူ နှစ်ဦးအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမင်းသန်း(iprd)**



# လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ




**ရှေ့ဖုံးမှ**

ကိုးကန့်သောင်းကျန်းသူများသည် မြေအနေအထားအသာစီးရမှုကို အခွင့်ကောင်းယူ၍ တောင်ကုန်းများပေါ်တွင် အခိုင်အမာခံကတုတ်များ ဆောက်လုပ်ကာ ဆက်သွယ်ရေးမြောင်းများ၊ ဗုံးခိုကျင်းများနှင့် ပစ်ကျင်းများတူးထားပြီး လောင်ချာ၊ လက်ပစ်ဗုံး၊ စက်သေနတ်ကြီးနှင့် တိုက်မိုင်းများဖြင့် တပ်မတော် စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း တိုက်စစ်ဆင်နေသည့် တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူပစ်အားများရယူ၍ ဟန်ချက်ညီစွာ ရှုပ်ရှုပ်ချွံချွံ ထိုးဖောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် အခိုင်အမာခံစစ်ယူထားသော တောင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ပွဲများတွင် ကိုးကန့်သောင်းကျန်းသူ အလောင်းသုံးလောင်း၊ လက်နက်ငယ် ငါးလက်၊ ကျည်အိမ်တစ်ခု၊ ကျည်မျိုးစုံ ၃၃၅ တောင့်၊ တိုက်မိုင်း ၁၁ လုံး၊ အီနာဂါဗုံးသီး နှစ်လုံး၊ လောင်ချာဗုံးသီး တစ်လုံး၊ လက်ပစ်ဗုံး သုံးလုံး၊ လုပ်သေနတ်ပြုလုပ်မည့် ဆက်စပ်ပစ္စည်းများ၊ **MNDAA** လက်မောင်းတံဆိပ်ပါ ယူနီဖောင်းရှစ်စုံ၊ စစ်စိမ်းရောင်ဘောင်းဘီနှစ်ထည်နှင့် အသုံးအဆောင်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ အရာရှိ၊ စစ်သည် ၁၁ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**


## ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

အမှတ်(၃၇)၊ ကမ္ဘာအေးဘုရားလမ်း၊ အင်းယားလိတ်ဟိုတယ်ဝင်း၊ မရမ်းကုန်းမြို့နယ်၌၊ ဖွင့်လှစ်လုပ်ကိုင်လျှက်ရှိသော Japfa Comfeed Myanmar Pte Ltd. အား (၁-၄-၂၀၁၅) ရက်နေ့မှစ၍ အမှတ်(၂၆၄)၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်ဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း၉၅-၉-၇၃၂၃၅၅၂၇ သို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၆၁၉၆၆၊ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက် ၅/စကန(နိုင်)၂၂၄၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊မြေကွက်အမှတ်(၁၃၄)၊မြေကွက်တည်နေရာအမှတ်(၁၃၄)၊စံပယ်လမ်း၊(၄၇)ရပ်ကွက်၊ဒဂုံမြောက်၊ဦးစိုးမောင်(AC-၀၃၂၆၂၆) အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးစိုးမောင်ထံမှအရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်တင်ထွေးလှိုင်(၆/ကသန(နိုင်)၀၄၃၇၄၄) မှပါမစ်မပြည့်စုံဖြင့်တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောက်လုပ်ရန် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်ဝင်းအတွင်း (၉၇ပေ×၅၄ပေ × ၁၄ပေ + ပေ၂၀×ပေ ၂၀) အရွယ်ရှိ (RC တစ်ထပ်)၊ အစည်းအဝေးခန်းမ တစ်ခုအား ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်သွားမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူ လုပ်ငန်းရှင်များအား တင်ဒါစနစ်ဖြင့်ရွေးချယ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ လုပ်ငန်းရှင်များသည် ပဏာမအရည်အချင်းဆန်းစစ်ရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest)တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို အဆိုပြုဖော်ပြလျက်လိုအပ်သော အထောက်အထားအချက်အလက်များနှင့်အတူ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ပုသိမ်ကြီးမြို့သို့ ၆-၄-၂၀၁၅ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ပါသည်။ပဏာမအရည်အချင်းဆန်းစစ်၍ အရည်အချင်းပြည့်မီသည့်လုပ်ငန်းရှင်များကိုသာ တင်ဒါဝင်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် ၂၃-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း အောက်ပါအတိုင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း** - ၀၂-၅၇၀၃၈၊ ၀၂-၅၇၀၃၅၊ ၀၉-၄၅၁၂၃၉၆၅၈၊ ၀၉-၄၃၀၁၃၂၆၁

**လိပ်စာ- အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ ပုသိမ်ကြီးမြို့**

## Happy Birthday "စုံစုံ"

ဘိုးဘိုးကြီး မုံရွာဆရာမိုး၏ တတိယမြောက် မြေးရတနာလေးဖြစ်သော မောင်မိုးပြည့်စုံဟိန်း(ခ)စုံစုံလေးရဲ့ ၂၂-၃-၂၀၁၅ရက်တွင် ကျရောက်သော (၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ဘိုးဘိုး၊ ဖေဖေ၊ မေမေ၊ ကိုကိုနှစ်ယောက်နှင့်အတူ သာယာချမ်းမြေ့သောဘဝကိုပိုင်ဆိုင်ပြီး အမျိုး၊ ဘာသာ၊ သာသနာအကျိုးသယ်ပိုးထမ်းဆောင်နိုင်သော သားကောင်းရတနာအလိမ္မာလေးဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**ဘိုးဘိုး - မုံရွာဆရာမိုး**
**ဖေဖေ - ဗိုလ်မှူးကျော်ကိုကိုရှိန်း**
**မေမေ - ဒေါ်မိုးပြည့်ပြည့်ဖြိုး**
**ကိုကို - မောင်ကျော်ကိုကိုဆက်နိုင်(အောင်ဆန်းသူရိယလှသောင်းကျောင်း)**
**ကိုကို - မောင်သုဝေယံရှိန်(TOTAL-Parami)**
**မမ - မဂျူးဂျူးခင်(အထက-၁၊ မ/ဥက္ကလာ)**
**ဘဘမြင့်၊ မေသက်၊ ဘဘ--မေသူဇာ၊ ဖေကြီး-မေကြီး၊ မေမော်၊ ဖေသော်-လေးပိုဆု၊ မေသင်း၊ တီလေးနှင့် မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု**

City & Guilds

တကမ္ဘာလုံးအသိအမှတ်ပြု/ အောင်မြင်သူများနှင့် ညီမျှသည့်အရည်အချင်း

အင်ဂျင်နီယာနှင့်ကွန်ပျူတာဒီပလိုမာသင်တန်းများတက်ရောက်နိုင်



- Civil
- Electrical & Electronic
- Plumbing
- Air-Con & Refrigeration
- Electrical Installation
- Fabrication & Welding
- Maintenance
- Mechanical Manufacturing
- Software Developer(IT)
- IT System Support (IT)

မေဂျာအလိုက် သက်ဆိုင်ရာ လက်တွေ့သင်တန်းများကို လက်တွေ့ပစ္စည်းစုံလင်စွာဖြင့် သင်ကြားပို့ချသည်။

မတ်လ(၂၄)ရက် စမည်။
မတ်(၂၄)ရက်မတိုင်မီအပ်နှံပါက ၂၀% Discount

Myanmar TECH Institute(ယခင် TECH Training Centre)

Campus 1 အမှတ်(၁၁)၊အောင်မြေသာစည်လမ်း၊ဆင်ရေတွင်းမှတ်တိုင်၊ကမာရွတ်။ဖုန်း-၀၁ ၅၂၃၅၇၇၊ ၀၁ ၂၃၀၄၀၅၅၊၀၉ ၇၃၀၄၃၆၈၁
Campus 2 အမှတ်(၁၉၂)အေး၊မွေ့သုခကျောင်းလမ်းနှင့်ရန်ကုန်-အင်းစိန်လမ်းထောင့်၊သံလမ်းမှတ်တိုင်အနီး၊လှိုင်။ဖုန်း-၀၉ ၄၉၃၄၁၅၉၄

ပြည်တွင်းသတင်း

# ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း (Combined Fleet Exercise) ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်

**နေပြည်တော် မတ် ၂၁**

တပ်မတော်(ရေ) စစ်ရေယာဉ်များသည် မတ် ၂၇ ရက်မှစပြီး ၆ ရက်အတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များလေ့ကျင့်ပစ်ခတ်ခြင်းများအား မာန်အောင်ကျွန်းအနောက်ဘက်ရေပြင်တွင် လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လေ့ကျင့်ခန်းဧရိယာအဖြစ် Point AA မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၅မိနစ်၊ Point BB မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅မိနစ်၊ Point CCမြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၅မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅မိနစ်၊ Point DD မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၂၅မိနစ်၊ အရှေ့လောင် ဂျီတွဒ် ၉၂ ဒီဂရီ ၁၅မိနစ်စသည့် Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအားသတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်သည်။

သို့ဖြစ်ရာ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါ ဧရိယာမှ ၅ မိုင် ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ရည် ညွှန်း ချက်**

လေ့ကျင့်ခန်းဧရိယာ

AA- 19 °00'N, 92 °15' E
BB- 19 °00'N, 93 °15' E
CC- 18 ° 25'N,93 °15' E
DD- 18 ° 25'N.92 °15' E

**Combined Fleet Exercise ပြုလုပ်မည့် လေ့ကျင့်ခန်းဧရိယာပြပုံ**




## မန်စီးတီး ဝက်စ်ဘရွန်းကို ဂိုးပြတ်နိုင်

**မန်ချက်စတာ မတ် ၂၁**

ပရီမီယာလိဂ်ပွဲစဉ် (၃၀) စနေနေ့ပွဲစဉ်ဖြစ်သည့် မန်စီးတီးနှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် မန်စီးတီးက သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိသည်။

ပွဲစပြီး ၂ မိနစ်တွင် ဝက်စ်ဘရွန်းမှ မက်အောလေးတိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသဖြင့် မန်စီးတီးတို့ အသာရခဲ့သည်။ မန်စီးတီးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် တိုက်စစ်မှူး ဘိုနီက ဖာနန်ဒို၏ ဖန်တီးပေးမှုမှ တစ်ဆင့်သွင်းယူပေးခဲ့သည်။ မိနစ် ၄၀တွင် ဖာနန်ဒိုက ဒုတိယဂိုး သွင်းယူပေးသည်။

ဒုတိယပိုင်းတွင်လည်း မန်စီးတီးတို့က ဖိကစားခဲ့ပြီး ၇၇ မိနစ်တွင်ဆေးဗားလ်က တတိယဂိုးသွင်းယူပေးခဲ့သည်။ မန်စီးတီးတို့ ရမှတ် ၆၁ မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်ဆဲ ဖြစ်သည်။

သီဟ

# အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆန္ဒပြမှုအပေါ် ရှင်းလင်းထိန်းသိမ်းခဲ့မှုအား ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် မတ် ၂၁**

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆန္ဒပြမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းထိန်းသိမ်းခဲ့မှုအား ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်မှုများကို ယနေ့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ ကျင်းပခဲ့သည်။

မန္တလေးမြို့တွင် ယနေ့ နံနက် ၉ နာရီခန့်က အင်အား ၁၂၀ ခန့်သည် ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် လမ်းလျှောက်ဆန္ဒဖော်ထုတ်ခြင်းကို (၈၄×၃၅ )လမ်း မြတောင်ကျောင်းတိုက်အနီးမှစ၍ လမ်း ၈၀ အတိုင်း (၃၀ ×၈၀ ) လမ်းဆုံ၊ ယင်းမှ လမ်း ၃၀ အတိုင်း (၃၀×၈၄) လမ်းဆုံ၊ ယင်းမှ ၈၄ လမ်းအတိုင်း (၃၄×၃၅) လမ်းကြားအထိ ခွင့်ပြုချက်ရယူခဲ့ပြီး မွန်းတည့် ၁၂ နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့တွင် တာမွေမြို့နယ် ဟစ်တိုင်ကွင်း၌ ခွင့်ပြုထားရှိသော်လည်း ယနေ့ ညနေ ၄ နာရီခွဲခန့်က အင်းယားကန်ပေါင်ပေါ်တွင် အင်အား ၆၀ ခန့်သည် မိုးပျံပူဖောင်းများနှင့် ဆိုင်းဘုတ်အချို့ကိုင်ဆောင်၍ ကဗျာရွတ်ဆိုခြင်း၊ ဟောပြောခြင်း၊ ကြွေးကြော်ခြင်းများ ပြုလုပ်ခဲ့ပြီး ညနေ ၆ နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

(၀၀၉)



**အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီး အဖွဲ့(၁)နှင့် လေယာဉ်ကွင်းအထူးအဖွဲ့(၄)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တာလေ-ပါလျှိုး ကျိုင်းလပ်လမ်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) ဘိလပ်မြေ (ဆင်တံဆိပ်)
(ခ) ခွဲကျောက်ရွယ်စုံ
(ဂ) မြစ်သဲ
(ဃ) သဲရောချောင်းကျောက်

၂။ လျှောက်လွှာပုံစံများအား ၂၄-၃-၂၀၁၅ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်အင်ဂျင်နီယာရုံး၊ ကျိုင်းလပ်မြို့တွင် ၇-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လေယာဉ်ကွင်းအထူးအဖွဲ့ (၄)၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၁၆၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**တင်ဒါစတင်တင်သွင်းနိုင်သည့်ရက်** - ၂၅-၃-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၄-၂၀၁၅ ရက်

**အိတ်ဖွင့်တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့၊ ကျိုင်းလပ်မြို့**

**နည်းပညာတက္ကသိုလ်များအတွက်**
**Lap Equipments များအား Open Tender ခေါ်ယူခြင်း**

၁။ နည်းပညာတက္ကသိုလ်များတွင် အသုံးပြုမည့် အောက်ပါ Lap Equipments ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) Water Resources Lab Equipment
(ခ) Soil Mechanic Lab Equipment
(ဂ) Strength of Material Lab Equipment

၂။ Open Tender ပုံစံများကို ၂၃-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၂၁) တွင် တစ်စုံလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၉-၄-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးအဖွဲ့**

ဓာတုဗေဒသင်ပြကြမည့် ဆရာ၊ဆရာမများ၊ Guide များအတွက် သိပ္ပံပညာချွန်ဆုရ

**ဆရာဦးသန်းထွန်း (ဓာတုဗေဒ)**

၁၀-တန်း ဓာတုဗေဒသင်ခန်းစာများ အစမှအဆုံး

သင်တန်းအမှတ်စဉ်(၁၀) ဧပြီ(၁)မှ(၂၉)ထိ၊ နံနက်(ဂ)နာရီမှ မွန်းလွဲ(၁း၃၀)အထိ

(တက္ကသိုလ်ဝင်ခွင့်အတွက်ကျောင်းသား/သူများတက်နိုင်)

Ph: 01-570178, 570371, 09 50 29606

**ပျောက်ဆုံးကြောင်း**

နန်းခမ်းတွီ (ဘ)စိုင်းဆိုက် ၁၃/ကတန(နိုင်)၀၀၉၃၈၃၏ ပတ်စ်ပို့နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၀၃၅၃၄၅

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ အမှတ် ၂၂/၂၄၊ စမုံလမ်း၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်ဟုခေါ်တွင်သည့် (၈)ခန်းတွဲ(၆)ထပ်တိုက်၏ အခန်းအမှတ် (3A+ 3B)၊ တိုက်ခန်းနှစ်ခန်းတွဲအား လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်ခင်ငွေးမြင့် ၁၂/ဒဂန(နိုင်)၀၀၈၉၈၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှဝေ** | **ဒေါ်ဖြိုးဖြိုးမြင့်** |
| **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ** | **ဒေါ်ဝေဖြိုးအောင်** |
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |

**အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၄၃၁၁၅၄၃၂**

**MCC Orientation Programme**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုထားကြသော ကျောင်းသား/သူများအတွက် တက္ကသိုလ်အကြို ပြင်ဆင်မှုသင်တန်း



**General Orientation**
- Foundation of English
- Foundation of Computing
- Soft Skills

**Foundation for Computing Diploma**
- Introduction to Computer Technology
- Introduction to Computer Programming

(or)

**Foundation for Engineering Diploma**
- Introduction to Engineering Mathematics
- Basic Engineering Science

(or)

**Foundation for Business Diploma**
- Introduction to Business Accounting
- Introduction to Business Administration



ENROLL NOW!

**Hot Line - 01-246634, 01-2304156**
**Opening Date - 23 March 2015**

MCC.i (Yangon Campus) - 01-245762, 249152, 395512
MCC.i (Mandalay Campus) - 09-402671562, 09-91034062, 011-202113
MCC.i (Yatanarpon Campus) - 02-5178112, 02-5178113, 02-5178132
MCC.i (Naypyitaw Campus) - 09-31354842, 09-254148940

www.facebook.com/mcc.institute

ပြည်တွင်းသတင်း

# နံနက်စောစောအမှိုက်သိမ်းသူအား ယာဉ်တစ်စီးမှတိုက်ပြီး မောင်းပြေး

**ရန်ကုန် မတ် ၂၁**

မတ် ၂၁ ရက် နံနက် ၄ နာရီ လမ်းမီး၊ အိမ်မီး၊ လျှပ်စစ်မီးများ ပြတ်တောက်ချိန်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဗားကရာချောက် မီးပွိုင့်အနီး အောက်ကြည့်မြင်တိုင်လမ်းမပေါ်တွင် အမှိုက်သိမ်းလှည်းဖြင့် အမှိုက်များသိမ်းဆည်းနေသူ အမျိုးသမီးငယ်နှစ်ဦးကို အငှားယာဉ်တစ်စီးကတိုက်ပြီး ထွက်ပြေးမောင်းနှင်သွားမှု ဖြစ်ခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် စည်ပင်သန့်ရှင်းရေးဝန်ထမ်းများ ဖြစ်ကြသော ဖခင်ဦးသံလုံး၊ မိခင်ဒေါ်ခင်သန်းဝင်းတို့ နေမကောင်းသည့်အတွက် သမီးဖြစ်သူ မဇာခြည်ဝင်း (၂၀နှစ်)နှင့် အကူဖြစ်သူ မအိအိဖြူ (၁၅ နှစ်)တို့က မိဘများကိုယ်စား သတ်မှတ်ဧရိယာအောက် ကြည့်မြင်တိုင်လမ်းအတွင်းလှည်းဖြင့် အမှိုက်များလိုက်လံသိမ်းဆည်းပေးခဲ့သည်။

အမှိုက်သိမ်းပြီး လှည်းတွန်းပြန်လာစဉ် အောက်ကြည့်မြင်တိုင်လမ်းမအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသည့် အငှားယာဉ် အဖြူရောင်နှင့် အက္ခရာ AA သာ မှတ်မိလိုက်သည့် ကားတစ်စီးကတိုက်ပြီး ထွက်ပြေးမောင်းနှင်သွားသည်ဟု အတိုက်ခံရသူ မဇာခြည်ဝင်း၏ ပြောပြမှုအရ သိရသည်။ အငှားယာဉ်နှင့်အတူ အမှိုက်လှည်း၏ရှေ့ဘီးပါ ချိတ်ပါသွားသည်ဟု သိရသည်။

အနီးရှိ ရာအိမ်မှူး ဦးသန်းဝင်းက ပြောကြားရာတွင် "ကျွန်မတို့ကိုကားတိုက်သွားလို့ပါ၊ ကူညီကြပါဦးလို့ အော်သံကြားလို့ ထွက်ကြည့်တာ အခုလိုပဲ လမ်းဘေးမှာ အမျိုးသမီးနှစ်ဦး လဲနေတာတွေ့ရတာပဲ"ဟု ပြောသည်။

ယာဉ်တိုက်မှုကြောင့် အမှိုက်သိမ်းလှည်းမှာ ပျက်စီးသွားခဲ့ပြီး မဇာခြည်ဝင်း၏ ညာဘက်ပေါင်ကျိုးသွားခဲ့ကာ အကူဖြစ်သူ မအိအိဖြူမှာ ညာဘက်ခြေထောက်တွင် ဒဏ်ရာများရရှိသွားခဲ့သည်။

အနီးပတ်ဝန်းကျင်နှင့် လာရောက်သော လှည့်ကင်းရဲတပ်ဖွဲ့၏ အကူအညီဖြင့် ဒဏ်ရာရရှိသူနှစ်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ နံနက် ၄ နာရီ ၄၅ မိနစ်တွင် ကြက်ခြေနီယာဉ်ဖြင့် ပို့ဆောင်ပေးနိုင်ခဲ့သည်။

**ဘော်ဂါသွေး**



# မကွေးမြို့၌ ကားခိုးမှုကို ချက်ချင်းဖမ်းဆီးရရှိ

**မကွေး မတ် ၂၁**

မကွေးမြို့နေ ဦးစန်းမောင်သည် မတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက ၎င်းပိုင် Toyota Belta Saloon ကားအမှတ် 1F/----- အား သံဃရာမဘုန်းကြီးကျောင်းသို့ ဆွမ်းပို့ကာ ပြန်လာပြီး မကွေးမြို့ ရန်ဝေးရပ် မဲထီးလမ်း အောင်မင်္ဂလာတွင်ခုံရှေ့တွင် သော့တန်းလန်းဖြင့် ကားရပ်ထားပြီး နေအိမ်အပေါ်ထပ်တွင် အိပ်နေခဲ့ကြောင်း၊ ညနေ ၄ နာရီခွဲတွင် သားဖြစ်သူ ဟန်သာဖြိုးဝေက အပြင်သွားရန် ကားကိုကြည့်စဉ် ကားမရှိတော့သဖြင့် ပျောက်ဆုံးကြောင်း ဦးစန်းမြင့်က မကွေးမြို့ နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် မကွေးနယ်မြေရဲစခန်းကအမှုဖွင့်ကာ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး မင်းဟန်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဌေးဦးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက စုံစမ်းရာ မကွေးမြို့ အောင်မေတ္တာ(က)ရပ်ကွက်၊ (၆)လမ်း ထိပ်အရောက်တွင် ခိုးယူသွားသည့်ယာဉ်နှင့် ယာဉ်ခိုးသူ ရဲထက်ကျော်(၁၉နှစ်)၊ အမှတ်(၂)ရပ်ကွက်၊ မင်းဘူး(စကု)မြို့နေသူအား ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**



# ကလေးမြို့ ထူးစက်သုံးဆီအရောင်းဆိုင်တွင် မီးလောင်မှုဖြစ်ပွား

**ကလေး မတ် ၂၁**

ကလေးမြို့မှ နှစ်မိုင်ဝေးသော မြို့အဝင်မုခ်ဦးအနီး ချမ်းမြေ့အောင်စည်ရပ်ကွက် သဖန်းအိုင်လမ်းခွဲဘေးရှိ ဦးကျော်မိုးပိုင်ဆိုင်သော ထူးစက်သုံးဆီအရောင်းဆိုင်တွင် မတ် ၂၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် အလုပ်သမား ဦးထိန်လင်းက ပီပါထဲတွင် ဆီလှယ်ရာမှ သံသံချင်းထိမိ၍



မီးပွင့်ကာ မီးလောင်မှုဖြစ်ပွား သည်။

အဆိုပါ မီးလောင်မှုတွင် ကလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့၏ ဦးဆောင်မှုဖြင့် ခရိုင်မီးသတ်တပ်ဖွဲ့မှ မီးသတ် ၃၂ ဦး၊ ပြည်သူ ၄၅ ဦးတို့က မီးသတ်ယာဉ်လေးစီး၊ မီးသတ်ဆေးဘူး ၁၅ ဘူး၊ Foam ဆေးရည်ဂါလန် ၂၀ နှင့် ရေဂါလန်၂၄၀၀ အသုံးပြုကာ မီးငြိမ်းသတ်ကြပြီး ညနေ ၆ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့သည်။

ယင်းမီးလောင်မှုကြောင့် ဆီဂိုဒေါင် အာရ်စီတစ်ထပ်တိုက်နှင့် အောက်တိန်းဆီ ဂါလန် ၅၀၀ မီးလောင်ဆုံးရှုံးပြီး ဆီထည့်အလုပ်သမား ဦးထိန်လင်း (၃၆နှစ်)ကို ကလေးမြို့နယ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဂျူနိုင်း**

# ယာဉ်မောင်းထွက်ပြေးသွားသောယာဉ်ပေါ်မှ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**နောင်ချို မတ် ၂၁**

စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ Mobile Team ညွှန်ကြားရေးမှူး ဦးမြင့်သူရ (စီးပွားကူးသန်း)လှုပ်ရှား (၁) ဦးစီးသော ပူးပေါင်းစစ်ဆင်ရေးအဖွဲ့တို့သည် နောင်ချိုမြို့ အဝင်အေရှားဝေါလ်တိုးဂိတ်အနီးတွင် မတ် ၂၁ ရက် နံနက် ၉နာရီက မန္တလေးဘက်မှ လားရှိုးမြို့သို့ မောင်းနှင်လာသောယာဉ်ငယ် 3F/ ----- ယာဉ်အား ရပ်တန့်စစ်ဆေးကြစဉ် ယာဉ်ငယ်မောင်းနှင်သူမှာ ထွက်ပြေးသွားပြီးနောက် ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံးအရွယ်မျိုးစုံ ၁၃၀ ကီလိုခန့် ရှာဖွေသိမ်းဆည်းရမိသဖြင့် အကောက်ခွန်အမှုတွဲ ဖွင့်လှစ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဇဝ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အနင်းကျေးရွာမြောက်ပိုင်းနေ မအိစွမ်း(မှတ်ပုံတင်လျှောက်ထားဆဲ)၏ ဖခင် အမည်မှန်မှာ ဦးသန်းတီ(ခ) ဦးစံတီး ၁၀/ သဖရ(နိုင်) ၀၆၅၄၄၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းတီ(ခ)ဦးစံတီး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုရဲမြင့်အောင်(၁၂/ဒဂမ(နိုင်) ၀၂၄၉၂၅)၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၉၇၅၈၄၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6501 (Nissan Wingroad S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်သင်းဦး ၉/မတရ(နိုင်)၁၂၇၄၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ Japan ODA Loan(JICAချေးငွေ -Loan Agreement No.MY-PI)ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် လိုအပ်သောဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat)ဖြင့် အပ်နှံလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၃-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၄-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၅၃၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၃-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍအချပ်ပို (က) တွင် ပါရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စနှင့် ဆွမ်းပဒေသာပင် အလှူရှင်စာရင်း ကြော်ငြာပါ **၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှ ၃၁ရက်အထိအစား ဖေဖော်ဝါရီ၁ရက်မှ ၂၈ရက်**အထိဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ဘူးဖယ် (ဘ)ဦးလော်မာ ၁၃/ကတန(နိုင်)၁၅၁၃၉၈ ၏ ပါတ်စ်ပို့နံပါတ်(MA-294734) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၃၆၁၀၅၇၀၈**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၂၃၆၁၆ Traulergi ယာဉ်လက်ဝယ်ရှိသူ ဦးဝေဝေကို ၁/ဗမန(နိုင်) ၉၆၆၉၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဗန်းမော်)၊ ဗန်းမော်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဒေါ်အေးအေးသန်း နှင့် (၁) ဦးအောင်ဝင်း
(၂) ဦးသောင်းရွှေ(ခ)ဦးသောင်းရှင်

**တရားလို** **တရားပြိုင်များ**

အမှတ်(၅၃၅)၊ တောင်သရက်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ တရားပြိုင်ဦးအောင်ဝင်း (ယခုနေရပ်လိပ်စာမသိ)နှင့် အမှတ်(၄၀၉)၊ ဦးအောင်ဇံဝေလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ တရားပြိုင်ဦးသောင်းရွှေ(ခ)ဦးသောင်းရှင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်အေးအေးသန်းက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၂၀အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၁ရက် (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီခုနစ်ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သရက်မြို့၊ အ.န.တ ဗိုလ်ချုပ်လမ်းနေ ဦးဇော်ဝင်း-ဒေါ်ခင်အုန်းမြင့်တို့၏သမီး မရတနာဇော် (ကပစ-၁၂) ၈/သရန(နိုင်)၀၆၁၈၁၅ သည် မိဘနှင့်ဆွေမျိုးများကို အရှက်ရစိတ်ဆင်းရဲအောင်ပြုလုပ်သွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအားလုံးတာဝန်ယူမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **မိခင်- ဒေါ်ခင်အုန်းမြင့် ဗိုလ်ချုပ်လမ်း၊ သရက်မြို့**

UNIQUE MARINE TRAINING CENTER

အောက်ပါသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်

(1) Workshop Skills Training-(4.5.2015)
(2) E.E.R(Efficient Engineroom Rating)-(4.5.2015)
(3) B.S.T (4-Tackets) -(4.5.2015)
(4) S.S.A (Ship Security Awareness)-(4.5.2015)

ရွာသစ်ချောင်းလမ်း(ကမ်းနား)၊ ဆိပ်ကမ်းမြို့နယ်
(သခင်မြပန်းခြံအနီးTaxiလုပ်ငန်းလိုင်စင်ရုံးဘေးမှဝင်ရန်)
ဖုန်း- ၀၉၄၃၉၂၄၇၃၉၇၉ ၊ ၀၉၄၃၉၆၅၀၇၇၇

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်အတွင်းရှိ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ သီပေါမြို့နယ်၊ မန်တုံမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မိုင်းငေါ့မြို့နယ်၊ မိုင်းလုံမြို့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဖြုန်းကျောက်၊ ကျောက်ရောမြေ၊ အုတ်၊ သဲ၊ သစ်မာခွဲသား(ရွယ်စုံ)၊ တောသစ်ခွဲသား (ရွယ်စုံ)၊ ကျွန်းသစ်ခွဲသား (ရွယ်စုံ)၊ ဘိလပ်မြေ၊ သံချောင်း(ရွယ်စုံ)၊ ကာကွယ်တိုင်၊ ရိုက်သံ၊ သွပ်နန်းကြိုး၊ အထပ်သား၊ ထင်း၊ စုတ်တံ၊ ရေဆေး၊ သစ်မာမျော(ရွယ်စုံ)၊ ပလတ်စတစ်ပိုက်(ရွယ်စုံ)၊မူလီ(ရွယ်စုံ)၊ ဝါရှာ(ရွယ်စုံ)၊ ကွန်ကရစ်တိုင်၊ မြေသယ်တောင်း စသည့်လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူလိုသည့် လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်မဲခရိုင်၊ကျောက်မဲမြို့တွင် ၂၃-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၁) (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်**

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၄-၂၀၁၅ ရက်၊ ၁၆:၃၀ နာရီ
၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၄-၂၀၁၅ ရက်၊ ၁၀:၀၀ နာရီ
၃။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၈၂-၄၀၇၇၆
၄။ အသေးစိတ်အချက်အလက်များသိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

သုတအတွေးသုတအမြင်

# သင်္ကြန်အကြိုမတိုင်မီရက်များနှင့် သင်္ကြန်အတက်ပြီးနောက်ရက်များ ရေကစားခြင်းမပြုကြစေလို

အောင်ဝင်း(ဖျာပုံ)

သင်္ကြန်သည် မြန်မာလူမျိုးတို့၏ ခုံမင်မြတ်နိုးဖွယ်ရာ ပွဲတော်ဖြစ်သည်။ နှစ်ဟောင်းက အညစ်အကြေးများကို နှစ်သစ်တွင် ပါမလာအောင် သင်္ကြန်ရေနှင့် လူတို့၏စိတ်နှလုံးကို ဆေးကြောသန့်စင်ခြင်းဖြစ်သည်။ လူကြီးများကလည်း ဘာသာတရား အဆုံးအမများနှင့်အညီ သင်္ကြန်ရက်များအတွင်း စိတ်ကောင်းနှလုံးကောင်း မွေးမြူကြပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ကာ နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုကြသည်။

မြတ်နိုးခုံမင်ဖွယ် ကောင်းလှသည့် မြန်မာတို့၏ သင်္ကြန်ပွဲတော်နည်းတူ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူနှင့်တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့မှာလည်းသင်္ကြန်ပွဲများ ကျင်းပလျက်ရှိရာ ထိုင်းတွင် ဧပြီ ၁၃ ရက်မှ ၁၅ ရက်ထိ၊ လာအိုတွင် ဧပြီ ၁၂ ရက်မှ ၁၅ ရက်ထိ၊ ကမ္ဘာဒီးယားတွင် ဧပြီ ၁၄ ရက် မှ ၁၆ ရက်ထိ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများတွင် ဧပြီ ၁၄ ရက် တစ်ရက်သာ ကျင်းပကြသည်။ ကျင်းပပုံကျင်းပနည်း နေ့ရက်များသတ်မှတ်ကွဲပြားမှုရှိကြသော်လည်း နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်ကို ပါမလာအောင် ဆေးကြောသန့်စင်သည့် ရည်ရွယ်ချက်များ တူညီနေသည်ကို လေ့လာသိရှိရသည်။

ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကိုဧပြီ ၁၃ ရက် (အကြိုနေ့) နှင့် ဧပြီ ၁၆ ရက်(အတက်နေ့) လေးရက်ကျင်းပရန် သတ်မှတ်ထားရှိသည်။ မြန်မာနိုင်ငံမှအပ အရှေ့တောင်အာရှ နိုင်ငံများတွင် ရက်အချိန်တိတိကျကျ ရေကစားကြသော်လည်း မြန်မာနိုင်ငံတွင် သင်္ကြန်အကြိုမတိုင်မီ ၁၅ ရက်ခန့် ကြိုတင်ပြီး ရထား၊ ကားနှင့်ခရီးသွားများကို ရေပက်ဖျန်းကြသကဲ့သို့ သင်္ကြန်အတက်ရက်များ၏ နောက်ပိုင်းတို့တွင်လည်း တစ်ပတ်ခန့် ရေကစားပက်ဖျန်းမှုများကို စာရေးသူ ပြီးခဲ့သည့်နှစ် ရန်ကုန်-မန္တလေး အသွားအပြန် ခရီးစဉ်တွင် ကိုယ်တွေ့ကြုံခဲ့ရသည်။

သင်္ကြန်မတိုင်မီနှင့် သင်္ကြန်အပြီးရက်များတွင် ရေပက်ဖျန်းမှု မခံရအောင် သွားလာကြခြင်းဖြစ်သည်ကို အလေးထားဂရုမပြုကြပေ။ ခရီးသွားလာကြသူများထဲတွင် အရေးကြီး စာရွက်စာတမ်းများယူဆောင်ပြီး တာဝန်ဖြင့် ခရီးသွားသည့် ဝန်ထမ်း၊ သက်ကြီးရွယ်အိုနာမကျန်းသူများ၊ အရေးပေါ်ဆေးဝါးကုသရမည့် လူနာများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အဝတ်အစားအပိုမပါဘဲ အရေးပေါ်ခရီးသွားလာသူများနှင့် နိုင်ငံခြားသားခရီးသွားများ ပါဝင်လျက်ရှိကြသည်။

သင်္ကြန်မတိုင်မီ ရက်များနှင့် သင်္ကြန်အတက်နေ့ နောက်ပိုင်းရက်တို့တွင် ခရီးဝေးပြေးဆွဲနေကြသည့် မီးရထား၊ အဝေးပြေးကားနှင့် ခရီးသွားများကို ကလေးလူကြီးတို့က သန့်သောရေ၊ မသန့်သောရေတို့ဖြင့် ဝုန်းခနဲ ရုတ်တရက် ရေပက်ကြသည်မှာ မြတ်နိုး ခုံမင်ဖွယ်ကောင်းလှသည့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို အကျည်းတန် အရုပ်ဆိုးစေပါသည်။ နိုင်ငံခြားသားတို့ကလည်း အခြားနိုင်ငံများကဲ့သို့ စည်းကမ်းနှင့်အညီ မကျင်းပ၊ မဆင်နွှဲသည့် မြန်မာ့သင်္ကြန်ပွဲတော်ကို အထင်အမြင်လွဲမှားပြီး စည်းကမ်းမဲ့သော မြန်မာသင်္ကြန် ဟု အသိအမှတ်ပြုသွားနိုင်သည်ကို သတိပြု ဆင်ခြင်ရန် လိုအပ်လှပေသည်။

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်သည် နိုင်ငံခြားသားခရီးသွားများကို ဆွဲဆောင်မှုရှိသော ပွဲတော်များတွင်အပါအဝင်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ယခင်နှစ်များကထက် နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်လည်ပတ်လျက်ရှိရာ သင်္ကြန်ပွဲတော်တွင်လည်း နိုင်ငံခြားသားတို့ ပါဝင်ဆင်နွှဲကြဦးမည်ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် လူအများစု လက်ခံကိုးကွယ်သည့် ဘာသာတရားအဆုံးအမ၊ အစဉ်အလာများနှင့် ဆင်ယင်ကျင်းပသောပွဲတော်ဖြစ်သည်။ မိမိတစ်ဦးတစ်ယောက် မဆင်ခြင်မှုအပေါ် မြန်မာလူမျိုးတွင်မကဘဲ ဘာသာတရားကိုပါ အထင်အမြင်လွဲမှားစေမည်ဖြစ်သည်။ သို့ပါ၍ လူတိုင်းလူတိုင်း အသိတရားကိုယ်စီထားပြီး သင်္ကြန်အကြို မတိုင်မီရက်များနှင့် သင်္ကြန်အတက်နေ့ နောက်ပိုင်းရက်များတွင် ရေပက်ကစားခြင်း မပြုရန် သတိထားဆောင်ရွက်ကြဖို့လိုအပ်ပါသည်။

အဆင့်ဆင့် တာဝန်ရှိသူတို့ကလည်း လူတစ်ဦး၊ တစ်ယောက်၊ တစ်စု၊ တစ်ဖွဲ့စည်းမဲ့ကမ်းမဲ့ရေကစားခြင်းဖြင့် လေးစားခုံမင်မြတ်နိုး အတုယူဖွယ်ကောင်းလှသည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကို ပျော်ရွှင်ချမ်းမြေ့စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေးလိုအပ်သလို စည်းမျဉ်းစည်းကမ်းများကိုလည်း အချိန်မီသတ်မှတ်ပေးနိုင်ပါရန် အသိပေးတင်ပြ ရေးသားအပ်ပါသည်။



မော်လမြိုင်ကျွန်းမြို့ အောင်ဇေယျလမ်းမကြီးရှေ့ အဖြူရောင် နှလုံးသားအခမဲ့အထွေထွေရောဂါကုဆေးခန်းရှေ့တွင် ၁၆ ခုတင်ဆံ့မြို့နယ် တိုင်းလင်းဆေးရုံကို ဇန်နဝါရီ ၃ ရက်မှစတင်ပြီး ဒီပါဝဒီဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိရာ မတ် ၁၈ ရက်အထိ ၈၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်ကို တွေ့ရစဉ်။

မော်ကျွန်းမြင့်အောင်

## IBEC ဗုဒ္ဓဘာသာပညာရေးစင်တာမှ နွေရာသီသင်တန်းများ ဖွင့်လှစ်မည်

**စစ်ကိုင်း မတ် ၂၁**

စစ်ကိုင်းတောင်ရိုး IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ ပဓာန နာယကကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တသောဘိတ ဦးဆောင်၍ဆရာတော်ဦးသုန္ဒရ၊ ဆရာမဒေါ်ငြိမ်းအိစံ(ဒါရိုက်တာ IBEC English Access Program) ဆရာမ ဒေါ်နန်းကြည်ဖြူအောင်ချို(သင်ကြားရေးမှူး)နှင့် ဆရာမ ဒေါ်မိုးမိုးသန်း၊ ဆရာမဒေါ်သီရိတို့ ကြီးကြပ်သင်ကြားပေးမည့် ၂၀၁၅/၂၀၁၆ ပညာသင်နှစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ ဆရာမများအား ဆရာဖြစ် သင်တန်းဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သင်တန်းကာလမှ မတ် ၂၂ ရက်မှ ၂၈ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းနှင့်အသုံးချအင်္ဂလိပ်စာသင်တန်းများကိုလည်း မူလတန်းအဆင့်မှ တက္ကသိုလ်ဝင်တန်းအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ ၂၉-၄-၂၀၁၅ မှ ၁၁-၅-၂၀၁၅ အထိဖြစ်ကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**



## နွေရာသီအမျိုးသမီးကရာတေးဒို အခြေခံသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြို့နယ်အတွင်းရှိ အမျိုးသမီးငယ်လေးများအား ကိုယ်လက်ကျန်းမာကြံ့ခိုင်စေရေးနှင့် မိမိကိုယ်ကိုကာကွယ်နိုင်စွမ်းရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်နှင့် ပူးပေါင်းကာ နွေရာသီ ကရာတေးဒိုအခြေခံသင်တန်းကို အောင်ဆန်းအားကစားပြိုင်ကွင်းရှိ ကရာတေးဒိုအဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမတွင် မတ် ၉ ရက်မှ ၂၅ ရက်ထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

မတ် ၁၇ ရက်တွင် အရှေ့ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းနှင့် ခရိုင်အမှုဆောင်အဖွဲ့ဝင်များက သင်တန်းဖွင့်လှစ် သင်ကြားနေမှုကို လာရောက်အားပေးကြည့်ရှုပြီး သင်တန်းထောက်ပံ့ငွေအဖြစ် ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လက်ခံယူသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သင်တန်းသူများအား ပဲနို့အချိုရည်များတိုက်ကျွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို
(၃-၄-၂၀၁၅)တွင် ဖွင့်လှစ်ပါမည်။
လစဉ်တန်းခွဲသစ်များရှိပါသည်။
အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၉၈၃၇၊ Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၁၀/မလမ(နိုင်)၁၆၉၉၆၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

### အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်ခင်မမ(ဘ)ဦးပြူး ၁၂/ဗတထ(နိုင်)၀၁၆၅၄၇၊ ဦးဆံနီ(ခ)ဦးအောင်နိုင်(ဘ)ဦးပြူး ၁၂/ပဇတ(နိုင်)၀၀၃၂၆၁၊ ဒုဗိုလ်မှူးကြီးဇော်လင်း(ငြိမ်း)(ဘ)ဦးပြူး ၆/ကသန(နိုင်)၀၀၀၉၅၂၊ ဒေါ်စန္ဒာမြင့်(ဘ)ဦးပြူး ၁၂/ဗတထ(နိုင်)၀၂၀၇၈၇၊ မရွှေစင်ဝင်းနိုင် (ဘ)ဦးဝင်းနိုင်(ခ)ဦးဇော်ဦး ၁၂/ဗတထ(နိုင်)၀၀၇၂၇၅နှင့် ဒေါ်သန်းသန်း(ဘ)ဦးအောင်သိန်း ၉/မရမ(နိုင်)၀၂၃၁၅၃ တို့က ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် အရှေ့ရပ်ကွက်၊ သုခမလမ်း၊ အမှတ် (၂၈/ဘီ)နေ ဒေါ်ဝေဝေအောင်(ဘ) ဦးခင်မောင်အေး ၁၂/ဗဟန(နိုင်)၀၉၃၇၅၈ အား ပေးအပ်ထားသော ကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၂၇၈နှင့် ၁၈၂၇၉တို့အား ၁၉-၃-၂၀၁၅ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဒေါ်ဝေဝေအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၊ မြေကွက်အမှတ် ၃၂၀၊ မြေကွက်တည်နေရာအမှတ် ၃၂၀၊ သစ္စာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးခင်မောင်) ၁၂/ပဇတ(နိုင်)၀၂၅၄၈၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၅၀/၂၀၁၄)တရားလို ဦးဟန်တင်က တရားပြိုင် ဦးခင်မောင်အပေါ် ကတိပဋိညာဉ် အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုစွဲဆိုရာ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂)၊ လူနေရပ်ကွက်(နွယ်အေး)၊မြေကွက်အမှတ်၃၂၀၊ နှစ် ၆၀ မြေငှားဂရန်မြေ၊ သစ္စာနွယ်လမ်း၊ ဧရိယာ (၂၅'×၅၀')ရှိသည့်အနက် အနောက်ဘက်အခြမ်းရှိ ဧရိယာ (၁၂ $\frac{၁}{၂}$'×၅၀')ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးစေရန် ချမှတ်သည့် ၃၀-၉-၂၀၁၄ ရက်စွဲပါ စီရင်ချက်ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၃၈/၂၀၁၄)အမိန့်တို့တင်ပြလျက် တရားရှိုး (ဦးခင်မောင်)ကိုယ်စား ဒေါပုံမြို့နယ်တရားရုံးဘီလစ်ဦးဆောင်းလွင်ဦးက အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အမည်ပြောင်း

ရွှေပေါက်ကံမြို့သစ်၊ ဦးပေါ်ဦးလမ်း၊ အမှတ် ၁၆/၉၉၁ နေ ဦးမင်းမင်းထွန်း၏သား မောင်သော်ဇင်အား မောင်သော်ဇင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သော်ဇင်လင်း**

ပြည်တွင်းသတင်း

# ရန်ကုန်တိုင်းဒေသကြီး ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ သံဃာတော်များနှင့် သီလရှင်များ ဝင်ရောက်ဖြေဆိုကြမည်

**ရန်ကုန် မတ် ၂၁**

၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၃ရက်အထိ လည်းကောင်း၊ ပထမပြန် စာမေးပွဲကို ဧပြီ ၁ ရက်မှ ၇ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်း ဓမ္မာစရိယစာဖြေဌာန ငါးဌာနနှင့် ပထမပြန်စာဖြေဌာန ၄၂ ဌာနတို့၌ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများသို့ သံဃာတော်များနှင့် သီလရှင်များ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဓမ္မာစရိယစာဖြေဌာနငါးခုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်မှ သံဃာတော် ၃၃၅ ပါး၊ အနောက်ပိုင်းခရိုင်မှ ၂၁၄၂ ပါး၊ မြောက်ပိုင်းခရိုင်မှ ၇၂၁ ပါး၊ တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ ၂၀၉ပါး နှင့်ခရမ်းမြို့နယ်မှ ၂၂ ပါးစုစုပေါင်း သံဃာတော် ၆၄၄၀ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ပထမပြန်စာမေးပွဲ စာဖြေဌာန ၄၂ခုအတွင်း ရဟန်းသာမဏေ ၁၄၈၈၅ ပါး၊ မွန်သံဃာတော် ၁၀၂ ပါး၊ သီလရှင် ၁၂၃၈ ပါး စုစုပေါင်း ၁၆၂၂၅ ပါးနှင့် လူပုဂ္ဂိုလ် ၁၂ ဦးတို့ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ **သတင်းစဉ်**

# ကလိချောင်းကူးတံတားကြီး အပြီးတည်ဆောက်မည်

**ပဲခူး မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှောင်လမ်းပေါ်ရှိ ကလိချောင်းကူးတံတားကြီး တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းမှာ ယခုလကုန်အပြီး တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။



ကလိချောင်းကူးတံတားကြီး စီမံကိန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄ ခုနှစ် မေ ၁၀ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကလိချောင်းကူး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစား ဖြစ်ကြောင်း၊ တံတားအရှည်ပေ ၃၀၀ ဖြစ်ပြီး ယာဉ်သွားလမ်း ၂၄ ပေနှင့် လူသွားလမ်း အကျယ်တစ်ဖက်လျှင် သုံးပေစီပါဝင်ကြောင်း၊ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပြီး စီမံကိန်းခွင့်ပြု တန်ဖိုးငွေကျပ် သန်း ၈၁၀ ခန့်ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ပဲခူးမြို့သည် ဖွံ့ဖြိုးတိုးတက်စည်ကားလာသည်နှင့်အညီ စက်တပ်၊ စက်မဲ့ ယာဉ်မျိုးစုံဆိုင်ကယ်မျိုးစုံတို့ဖြင့် ယာဉ်ကြောရှုပ်ထွေးလျက်ရှိရာ ရှုပ်ထွေးမှုအခက်အခဲကို လျှော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် မြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ မြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးပါက ပဲခူးမြို့လယ်ယာဉ်ကြောရှုပ်ထွေးမှုကို လျှော့နည်းစေပြီး ပြည်သူများ ခရီးလမ်းပန်းသွားလာမှုတွင် လျင်မြန်၍ အဆင်ပြေသွားမည်ဖြစ်သည်။

**သတင်းနှင့်**
**ဓာတ်ပုံ - ပိန်းဇလုပ်(သိန်းညွန့်)**

# မြေနှင့် သီးနှံလျော်ကြေးငွေပေးအပ်

**ရေတာရှည် မတ် ၂၁**

တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော စစ်တောင်းတံတား အမှတ် (၃)၊ (ထန်းတပင်) ချဉ်းကပ်ပတ်ကွေ့လမ်းဆုံအတွက် မြေနှင့် သီးနှံလျော်ကြေး ငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသက်မောင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းလှိုင်က မြေလျော်ကြေးနစ်နာကြေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာမှူး (မြို့ပြ)ဒေါ်ဝင်းဝင်းမော်က မြေနှင့်သီးနှံလျော်ကြေးငွေများကို သက်ဆိုင်ရာတောင်သူ ၁၂ ဦးထံ ငွေကျပ် ၄၇၅၇၈၃၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ဆိုလာစနစ်ဖြင့် မီးလင်း

**ဖျာပုံ မတ် ၂၁**

ဖျာပုံမြို့နယ်တွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြပ်၍ Amber Star General Trading Co.,Ltd. မှ တာဝန်ယူလျက် ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာရှိ အိမ်ခြေစုစုပေါင်း ၃၄၈၆ အိမ်ကို ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မတ်လ ဒုတိယပတ်က ကျေးရွာလေးရွာကို တပ်ဆင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ကစားနည်း ၁၈ မျိုးအား ဝင်ကြေးပေး ကြည့်ရှုရမည်

**ရန်ကုန် မတ် ၂၁**

စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် စုစုပေါင်း အားကစားနည်း ၃၆ မျိုးမှ ၁၈ မျိုးကို ဝင်ကြေးပေးကြည့်ရှုရမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သိရသည်။

စင်ကာပူနိုင်ငံတွင် ဇွန် ၅ ရက်မှ ၁၆ရက်အထိ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ဝင်ကြေးပေးကြည့်ရှုရမည့် အားကစားပွဲများမှာ လက်ဝှေ့၊ ဂျူဒို၊ ပန်ကြပ်ဆီလတ်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ ဘတ်စကက်ဘော၊ ဘီလိယက်နှင့် စနူကာ၊ ဓားသိုင်း၊ Rugby 7s အားကစားနည်း၊ Netball အားကစားနည်း၊ ဘော်လီဘော၊ ရေကူး၊ မြင်းစီး၊ ကျွမ်းဘား၊ ဘောလုံး၊ ကြက်တောင်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲတို့ ဖြစ်သည်။

"လာမယ့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ အိမ်ရှင်စင်ကာပူနိုင်ငံက အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပတဲ့အခါမှာ ကျွန်တော်တို့မြန်မာ နိုင်ငံအနေနဲ့ အားကစားနည်း ၃၁ နည်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တယ်။ သူတို့က ဝင်ရောက်ယှဉ်ပြိုင်တဲ့ နည်းတွေထဲက ၁၈ နည်းကို ဝင်ကြေးပေးကြည့်ရှုရမယ်လို့ပြောတယ်။ ဝင်ကြေးကတော့ အသီးသီး သတ်မှတ်ထားတယ်။ ဒါတွေကတော့ သူတို့ဆီမှာ ပြည်သူတွေအများစုစိတ်ဝင်စားတဲ့ အားကစားနည်းတွေဖြစ်တယ်"ဟု အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

အားကစားနည်းအမျိုးအစားများနှင့် ဝင်ကြေးသတ်မှတ်မှုနှုန်းထားများမှာ လက်ဝှေ့၊ ဂျူဒို၊ ပန်ကြပ်ဆီလတ်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒိုနှင့် ဝူရှူးပြိုင်ပွဲတို့ကို တစ်ပွဲလျှင် စင်ကာပူဒေါ်လာ ငါးဒေါ်လာဖြင့် လည်းကောင်း၊ ဘတ်စကက်ဘော၊ ဘီလိယက်နှင့်စနူကာ၊ ဓားသိုင်း၊ Rugby 7s အားကစားနည်း၊ Netball အားကစားနည်းနှင့် ဘော်လီဘောပြိုင်ပွဲတို့တွင် တစ်ပွဲလျှင် စင်ကာပူဒေါ်လာ ၁၀ ဒေါ်လာဖြင့် လည်းကောင်း၊ ရေကူး၊ မြင်းစီး၊ ကျွမ်းဘား၊ ဘောလုံး၊ ကြက်တောင်နှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲတို့ကို ဝင်ကြေးအဖြစ် တစ်ပွဲလျှင် စင်ကာပူဒေါ်လာ ၂၀ နှုန်းဖြင့် လည်းကောင်း သတ်မှတ်ထားသည်။ ပြိုင်ပွဲများ၌ ကြိုတင်လက်မှတ်များ ဝယ်ယူမည်ဆိုပါက www.Seagame 2015.com နှင့် ဖုန်း-၆၅ ၃၁၅၈၈၀၈၀ တို့သို့ ဆက်သွယ်နိုင်ပြီး ပွဲစဉ်တစ်လျှောက်လုံး ကြိုတင်လက်မှတ်ဝယ်ယူမည် ဆိုလျှင် ၅၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ ပြီးခဲ့တဲ့ အိမ်ရှင် (၂၇)ကြိမ်မြောက်ဆီးဂိမ်းတုန်းကတော့ ဘောလုံးတစ်ခုလောက်ပဲ ဝင်ကြေးတောင်းခံခဲ့တယ်။ ဒီနှစ် စင်ကာပူမှာကတော့ သူတို့ဆီက ပြည်သူတွေစိတ်ဝင်စားတဲ့ အားကစားနည်း ထက်ဝက်လောက်ကို ဝင်ကြေးသတ်မှတ်ပြီး ကောက်ခံမှာဖြစ်တယ်။ ဒါကလည်း အိမ်ရှင်သဘောပေါ့။ သူတို့သတ်မှတ်လို့ရတာပဲလေ။ ကိုယ့်ဆီနဲ့ သူတို့ဆီကတော့ ဘယ်တူပါ့မလဲ။ ပြောရရင် သူတို့ဆီက ကြည့်ရှုတဲ့သူ ပိုများတယ်လို့ပဲ ပြောရမှာပေါ့" ဟု ဦးသက်လွင်က ပြောသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၆၈ ခုဖြင့် အရှေ့တောင်အာရှနိုင်ငံ အလိုက်တွင် ဒုတိယနေရာ၌ ရပ်တည်ခဲ့သော်လည်း ယခုနှစ် (၂၈)ကြိမ်မြောက်တွင် နိုင်ငံအလိုက် ဇယားထိပ်ဆုံးမှ မရပ်တည်နိုင်သည့်တိုင် နောက်ဆုံးမှ မဖြစ်စေရန် အစွမ်းကုန်ကြိုးစားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အဖွဲ့ချုပ်များ၊ တာဝန်ရှိသူများက မျှော်မှန်းပြောဆိုခဲ့သည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**



ပြည်တွင်းသတင်း

# ရာဇဂြိုဟ်ဆည်ရေစတင်သိုလှောင်မှုကြောင့် ရေမရရှိသောကျေးရွာများ ရေတွင်း၊ ရေကန်များတူးဖော်ပေးလျက်ရှိ



ကလေး မတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးတွင် နေရဉ္စရာမြစ်ကို ပိတ်၍ ရာဇဂြိုဟ်ရေလှောင်တမံ တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ တမံချောင်းပိတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရာဇဂြိုဟ် ရေလှောင်တမံသို့ နှစ်စဉ်စီးဝင်ရေပမာဏမှာ ဧကပေ ၂၄၀၀၀၀ ကျော်ရှိပြီး တမံရေသိုလှောင်ပမာဏမှာ ၅၂၀၀၀ ဧကပေ သာရှိ၍ ပိုလျှံသောရေများမှာ ရေပိုလွှဲမှတစ်ဆင့် နေရဉ္စရာမြစ်အတွင်းသို့ ပြန်လည်စီးဝင်မည်ဖြစ်သောကြောင့် တမံရေစုဆောင်းချိန် ငါးလခန့်အကြာ ဇူလိုင်လကုန်မှစ၍ နေရဉ္စရာမြစ်မှာ မူလသဘာဝအတိုင်း ပြန်လည်စီးဆင်းနေမည်ဖြစ်သည်။

ချောင်းပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကြောင့် သောက်သုံးရေ အခက်အခဲရှိနိုင်သော မြစ်အောက်ဘက်ရှိ ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲမရှိစေရန်အတွက် လိုအပ်သော နေရာများတွင် ကျောက်ခွေချ သောက်သုံးရေတွင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတူးဖော်ပေးခြင်း၊ အဆိုပါရေတွင်း၊ ရေကန်များတွင် လက်နှိပ်တုံကင်များ တပ်ဆင်ပေးခြင်းနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ မဝင်ရောက်စေရန်အတွက် ခြံခတ်ပေးခြင်းများကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ရာဇဂြိုဟ်ကျေးရွာတွင် မတ် ၆ ရက်အထိ ရေကန် ခုနစ်ကန်နှင့် ရေတွင်းငါးတွင်း၊ အရှေ့ခုံသာကျေးရွာတွင် ရေကန်နှစ်ကန်၊ အနောက်ခုံသာကျေးရွာတွင် ရေကန် သုံးကန်၊ ကြက်ဖနက်ကျေးရွာတွင် ရေကန် သုံးကန်၊ ကံသာကျေးရွာတွင် ရေကန် နှစ်ကန် စုစုပေါင်း ရေတွင်းငါးတွင်းနှင့် ရေကန် ၁၇ ကန် တူးဖော်ပေးပြီးဖြစ်ကြောင်း သိရသည်။ "အခုချိန်မှာ ကျွန်တော်တို့ရွာအနေနဲ့ ရေအခက်အခဲမရှိပါဘူး။ နောင်အခက်အခဲရှိလာမယ်၊ မရှိလာမယ်ကတော့ မသိဘူးပေါ့။ အခက်အခဲရှိလာခဲ့ရင် ကူညီလုပ်ဆောင်ပေးပါ" ဟု ကြက်ဖနက်ကျေးရွာမှ ဦးကျော်ဝင်းက ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများနှင့် ကြက်ဖနက်ကျေးရွာ တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ ဆွေးနွေးပွဲတွင် ပြောကြားသွားသည်။ "မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်တဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေ၊ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိသူတွေပူးပေါင်းပြီး မတ် ၁၆ ရက်ကလည်း ကျေးရွာတွေမှာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာသူ ကျေးရွာသားတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး သောက်သုံးရေ လိုအပ်ချက်မရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ ဒီကဝန်ထမ်းတွေက ဌာနမြေတူးစက်တွေနဲ့ ကြီးကြပ်ပြီးအရင်က တူးဖော်ပေးထားတဲ့ရေတွင်း ငါးတွင်းနဲ့ ရေကန် ၁၇ကန်အပြင် နောက်ထပ် ရာဇဂြိုဟ်ကျေးရွာမှာ ရေတွင်းတစ်တွင်း၊ အရှေ့ခုံသာကျေးရွာမှာ ရေကန် သုံးကန်၊ အနောက်ခုံသာကျေးရွာမှာ ရေကန်တစ်ကန်နဲ့ ရေတွင်း ၁၀ တွင်း၊ ကြက်ဖနက်ကျေးရွာမှာ ရေတွင်းနှစ်တွင်း၊ ကံသာကျေးရွာမှာ ရေကန် သုံးကန်၊ ကံဦးကျေးရွာမှာ ရေကန် နှစ်ကန်၊ ကံကြီးကျေးရွာမှာ ကျွဲ၊ နွား၊ တိရစ္ဆာန်သောက်ရေနဲ့ မီးဘေးကာကွယ်ရေး ရေကန်သုံးကန်တို့ကို ဒီရက်ပိုင်းအတွင်းမှာပဲ ပြီးစီးအောင် ထပ်တူးပေးမယ်။ မိုးရာသီ မတိုင်မီအထိ ကျေးရွာတွေမှာ သောက်သုံးရေ လိုအပ်ချက်မရှိအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကောင်းမြတ်အောင်က ပြောပြပါတယ်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ (၄) MW စက်တပ်ဆင်အင်အားရှိပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၂၁ သန်း ထုတ်လုပ်ဖြန့်ဖြူးပေးမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**

# ဂန့်ဂေါဓာတ်အားခွဲရုံကို အဆင့်မြှင့်တင် တည်ဆောက်ပြီးစီး

ဂန့်ဂေါ မတ် ၂၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးရွာအချို့ကိုလည်း မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိရာ ကျေးရွာဦးရေ တိုးချဲ့လျက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဂန့်ဂေါဓာတ်အားခွဲရုံအား မတ် ဒုတိယပတ်တွင် အဆင့်မြှင့်တင် တပ်ဆင်တည်ဆောက်ရေးလုပ်ငန်းများ နေ့ချင်းဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ဂန့်ဂေါမြို့တွင် 66/11KV, 2MVA ဂန့်ဂေါ ဓာတ်အားခွဲရုံကို တည်ဆောက်တပ်ဆင်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ စတင်၍ မြို့နယ်အတွင်း မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာမှ ယခုအခါ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ဂန့်ဂေါဓာတ်အားခွဲရုံအား 66/11KV, 5MVA ဓာတ်အားခွဲရုံအဖြစ်သို့ အဆင့်မြှင့်တင် တပ်ဆင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဂန့်ဂေါမြို့နယ်တွင် မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာ ၁၁ ရွာတို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ထပ်မံ၍ ကျေးရွာ ၁၁ ရွာတွင် လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးနိုင်ရန် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပြီဖြစ်ရာ မြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာစုစုပေါင်း ၂၂ ရွာ မီးလင်းတော့မည်ဖြစ်သည်။ ယခုအခါ ဂန့်ဂေါဓာတ်အားခွဲရုံကို အဆင့်မြှင့်တင်ပြီးဖြစ်၍ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းချိတ်ဆက်ပြီးစီးသော မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ကြပြီဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အားမရရှိသေးသော ကျန်ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း မြို့နယ်လျှပ်စစ်ဌာနက သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**




ပြည်တွင်းသတင်း

# လောက်ကိုင်မှတိုက်ပွဲရှောင်လာသူများအား ငွေနှင့်အစားအသောက်များ ထောက်ပံ့



**လားရှိုး မတ် ၂၁**

လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်လာသော ပြည်သူများ လာရောက်ခိုလှုံနေထိုင်သည့် လားရှိုးမြို့ (၁၂) ရပ်ကွက်ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဒုက္ခသည်များကူညီကယ်ဆယ်ရေးစခန်းသို့ ရန်ကုန်မြို့ရှိ We Are One Myanmar လူငယ်ပရဟိတအသင်းက ငွေကျပ်သိန်း ၂၅၀ ကျော်နှင့် အစားအသောက်များကို မတ် ၁၈ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

We Are One Myanmar လူငယ်ပရဟိတအသင်းမှ မန္တလေးမြို့တွင် အလှူခံရရှိခဲ့သည့် ငွေကျပ် ၂၅၀၃၄၀၀၀ ကျပ်နှင့် အစားအသောက်များ၊ အဝတ်အထည်များနှင့် အချိုရည် ကျပ်သိန်း ၅၀ ဖိုးခန့်ကို အသင်းဥက္ကဋ္ဌဦးဝေမင်းမောင်နှင့်အသင်းဝင်များဖြစ်သော သရုပ်ဆောင်သီရိရှင်းသန့်၊ သရုပ်ဆောင်ခရစ္စတီးနား၊ ဦးထွန်းနေစိုး( MD-Myanmar Media 7)၊ အဆိုတော်သိန်းလင်းစိုးတို့က ကိုယ်တိုင်လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လားရှိုးမြို့သို့ရောက်ရှိနေသည့် လောက်ကိုင်ကိုးကန့်ဒေသမှ တိုက်ပွဲရှောင်ပြည်သူ ဒုက္ခသည်များအား ထမင်းထုပ်၊ ထောက်ပံ့ငွေ၊ သောက်ရေသန့်များနှင့် စားသောက်ကုန်များကို ကိုယ်တိုင်ကိုယ်ကျ ထောက်ပံ့လှူဒါန်းခဲ့ကြသလို ထိုကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် လားရှိုးမြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံသို့လည်း တိုက်ပွဲရှောင်ပြည်သူများအတွက် အသုံးပြုထောက်ပံ့ကူညီမှုများပြုလုပ်နိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို လှူဒါန်းခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဦးဝေမင်းမောင်က ပြောသည်။

We Are One Myanmar လူငယ်ပရဟိတအသင်းသည် သရုပ်ဆောင်များ၊ မော်ဒယ်များနှင့် အဆိုတော်များ၊ အနုပညာလုပ်ငန်းရှင်များ စုပေါင်းဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုဖြစ်ပြီး ၂၀၁၄ခုနှစ်ဒီဇင်ဘာတွင်စတင်ဖွဲ့စည်းခဲ့ကာ ပြည်သူများထံမှ ကောက်ခံရရှိသော အလှူငွေများကို ပရဟိတကိစ္စများအတွက် ပြန်လည်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ယခု လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအတွက် လှူဒါန်းခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် အလှူငွေကျပ် ၂၁၆ သိန်းကို ကချင်ပြည်နယ်မှ တိုက်ပွဲရှောင်ပြည်သူများအား လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**လင်းလင်း(လားရှိုး)**

## တနိုင်းမြို့နယ် တရုံချောင်းတံတား တည်ဆောက်မှု မကြာမီ ပြီးစီးမည်

**တနိုင်း မတ် ၂၁**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့နယ်ခွဲ တရုံကျေးရွာအနီးတည်ဆောက်နေသည့် တရုံချောင်းကူးတံတားတည်ဆောက်မှုလုပ်ငန်းများသည် မတ် ၁၇ ရက်တွင် ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကာ မကြာမီအတွင်း တည်ဆောက်မှုအားလုံးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင် မော်တော်ကားလမ်းပေါ်၌တည်ရှိသော အဆိုပါတရုံချောင်းကူးတံတားကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မေလတွင်ဖွင့်လှစ်နိုင်ရန် နေ့ရောညပါ တည်ဆောက်ခဲ့ကြောင်း သိရသည်။ တံတားမှာ အရှည် ၂၀၀၀ ပေ၊ အကျယ် ၂၃ ပေ၊ ၂ လမ်းသွား ဘေလီတံတားဖြစ်ကာ ခရိုင်ဆောက်လုပ်ရေးအဖွဲ့၊ ပါဝါဗျူးကုမ္ပဏီနှင့် ဆော့လော်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းတည်ဆောက်နေခြင်းဖြစ်သည်။

တံတားတည်ဆောက်ပြီးစီးသွားပါက တနိုင်း၊ နန်းယွန်းနှင့် ပန်ဆောင်မြို့နယ်များအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၏ ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**



ပြည်တွင်းသတင်း

## သတင်းတိုများ

### ပန်းတနော်မြို့နှင့် ဂုံမင်းကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်း

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နှင့် ဂုံမင်းကျေးရွာချင်းဆက်လမ်း အရှည် ၂ မိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၇၄ ဒသမ ၈ သန်းဖြင့် အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်လမ်းခင်းမှုများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်က လမ်းအရှည် ၁ မိုင် ၆ ဖာလုံခန့် ပြီးစီးပြီဖြစ်ကြောင်းသိရသည်။ ကွန်ကရစ်လမ်းခင်းနေမှုကို မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသန်းလင်းထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်နှင့်အဖွဲ့ မတ် ၁၅ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။ **ခင်မောင်ဇော်မြင့်**

### ဘွဲ့တံဆိပ်တော်ရဆရာတော်အား ပူဇော်ပွဲကျင်းပ

နိုင်ငံတော်အစိုးရက ပူဇော်ချီးမြှင့်သည့် သာသနဓဇမဟာစရိယအောင် ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် ရေးမြို့နယ် ကလော့ကျေးရွာကျောင်းသစ်ကျောင်းတိုက်ဆရာတော် အရှင်ဖုသဓေအား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၉ ရက်က စည်ကားစွာကျင်းပခဲ့ပြီး ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်းနှင့် ကျေးရွာအတွင်းလှည့်လည်အပူဇော်ခံခြင်းများ ပြုလုပ်ခဲ့ကာ မတ် ၂၁ ရက်တွင်လည်း ပင့်ဖိတ်ထားသော သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။ ဂုဏ်ပြုပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ရွာလယ်ကွင်း၌ မွန်ဇာတ်ပွဲနှင့် မွန်တေးသံရှင်များပါဝင်သည့် စင်တင်တေးဂီတဖျော်ဖြေပွဲများဖြင့် မတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# နှင်းပန်းသီးများ ပေါ်ချိန်ရောက်ပြီး အရောင်းသွက်နေ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံနှင့် ကျိုက်လတ်မြို့နယ်များတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများသည့် နှင်းပန်းသီးများ ယခုလများအတွင်း လှိုင်လှိုင်ပေါ်ထွက်လာပြီး အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နှင်းပန်းသီးများကို ဖျာပုံနှင့်ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျုံတာ၊ ရှမ်းကွင်း၊ သလိပ်ကြီး၊ သလိပ်ကလေး၊ ကလပ်ရပ်၊ ထင်းကွင်း၊ မော်ဝန်းစု၊ ဂုံညှင်းတန်းနှင့် မယ်ညိုကျေးရွာများတွင် စိုက်ပျိုးအောင်မြင်ကြောင်း သိရသည်။



"နှင်းပန်းသီးပင်က ကိုင်းကူးပြီးစိုက်ရတာပါ။ စိုက်ပြီး နှစ်နှစ်ကျော်တာနဲ့ စပြီးအသီးသီးပါတယ်။ နှင်းနဲ့ကြီးပြီး နှင်းနဲ့သီးတဲ့ အပင်မျိုးပါ။ အသီးသီးချိန်မှာ ရေလောင်းစရာမလိုပါဘူး။ နှင်းကျတဲ့ကာလမှာ နှင်းရည်သောက်ပြီး သီးတဲ့အပင်မျိုးဖြစ်လို့ အဖူးဖူးတဲ့ကာလမှာ ရချင်ဇောနဲ့ရေလောင်းလို့ မရပါဘူး။ ရေလောင်းလိုက်ရင် အသီးတွေက ရေဓာတ်ကြောင့် အချိန်မတန်ဘဲ ချက်ချင်းထိုးပွပြီး ကြွေကျတတ်ပါတယ်"ဟု ကျုံတာရွာမှ ခြံလုပ်ငန်းရှင် ဦးဝင်းသိန်းက ပြောသည်။ ဆောင်းနှောင်းရက်ဖြစ်သည့် တပေါင်းလဆုတ်နှင့် တန်ခူးလဆန်းပိုင်း အချိန်များတွင် အသီးဖြစ်ထွန်းမှုအားကောင်း၍ ရောင်းတမ်း ခူးနိုင်ပြီဖြစ်ကြောင်း၊ လက်ရှိပေါက်ဈေးအနေဖြင့် ကျေးရွာဈေး တစ်လုံးလျှင် ၂၅ ကျပ်မှ ၅၀ ကျပ်အထိရှိကာ မြို့ပေါ်တွင် ဈေးပိုရကြောင်း သိရသည်။

အဆိုပါနှင်းပန်းသီးသည် အေး၊ ဖန်အရသာရှိကာ အပူဦးစီးသော အနာများကိုနိုင်နင်းခြင်း၊ ဆီးရောဂါများကို အထိုက်အလျောက် ပျောက်ကင်းသက်သာစေခြင်း၊ ရေဓာတ်ကိန်းအောင်းမှုများသဖြင့် အသားအရည်စိုပြည်ခြင်း စသောအကျိုးကျေးဇူးများရှိကြောင်း သိရသည်။ **သပြေထွန်း**

## သီးနှံပျက်စီးသော တောင်သူများအား လျော်ကြေးငွေပေးအပ်

**နတ်တလင်း မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အတွင်း ဓာတ်ငွေ့ပိုက်လိုင်းဖောက်လုပ်သွယ်တန်းမှုကြောင့် ပျက်စီးခဲ့သော ဒေသခံတောင်သူ ၁၀ ဦး၏ စိုက်ပျိုးသီးနှံများအတွက် လျော်ကြေးများကို မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၉ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း အုတ်ဖို-ပြည်အပိုင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရာတွင် တောင်သူ ၁၀ ဦး၏ ပျက်စီးသွားသောသီးနှံများအတွက် လျော်ကြေးငွေကျပ် ၁၉၁၁၆၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်လွင်က သီးနှံများပျက်စီးမှုနှင့်ပတ်သက်၍ တောင်သူဦးကြီးများအတွက် နစ်နာမှုမရှိစေဘဲ မျှတသောတွက်ချက်မှုနှုန်းထားများနှင့် ပေးချေခြင်းဖြစ်ပါကြောင်း လျော်ကြေးငွေပေးအပ်ပွဲတွင် ရှင်းလင်းပြောကြားပြီး တောင်သူတစ်ဦးချင်းစီအား လျော်ကြေးငွေများ ပေးအပ်ခဲ့သည်။သီးနှံလျော်ကြေးငွေပေးအပ်ပွဲသို့ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမောင်မောင်သန်း၊ ပင်မဓာတ်ငွေ့ပိုက်လိုင်းကြီးကြပ်အင်ဂျင်နီယာဦးမျိုးဇော်မင်းနှင့် တောင်သူများတက်ရောက်ခဲ့ကြသည်။ **တင်မြင့်(နတ်တလင်း)**

ဂျပန်နိုင်ငံသို့ ၂၀၁၅ခုနှစ် အောက်တိုဘာတန်းခွဲသို့ ပညာတော်သင်သွားရောက်လိုသူများအတွက် အထူးဝန်ဆောင်မှု

၂၀၁၅ခုနှစ် ပညာသင်နှစ်၏ အောက်တိုဘာတန်းခွဲသို့ ပညာသင်ရင်း အချိန်ပိုင်းအလုပ် လုပ်ကိုင်လိုသူများအတွက် လျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ရာ အထူးဝန်ဆောင်မှုများ အနေဖြင့် ပညာသင်ဝန်ဆောင်မှု၊ လေယာဉ်လက်မှတ် လက်ဆောင်ပေးခြင်း အစရှိသည့် အခြားဝန်ဆောင်မှုများကိုလည်း အထူးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အသေးစိတ်မေးမြန်းလိုပါက အောက်ပါဆက်သွယ်ရန်လိပ်စာသို့ လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။
Building No. A-3-2, Room (102), Myanma Gonyi Housing, Upper Pansodan Road, Mingalar Taung Nyunt Towship, Yangon, Myanmar. Tel : (95-1) 393370, 09-421147070. Email : tokyo.fukushi.myanmar@gmail.com
လူဦးရေအကန့်အသတ်ရှိပါသည်။

STRATEGY FIRST
shaping you for sustainable edge



ICM single subject diploma in management theory & practice

လုပ်ငန်းရှင်တိုင်း၊ မည်သည့် ကဏ္ဍတွင်မဆို တာဝန်ယူထားသော မန်နေဂျာတိုင်း ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် သိထားသင့်သည့် သဘောတရားများ

Course Contents
- Developments in Management Theory
- Classical Theories of Management
- Human Relations & Motivation Theories
- Leadership & Group Behavior
- Systems & Contingency Approaches
- Organisation as Systems
- Modern Approaches to Management
- Types of Business Organisation
- Organisation Culture
- Women In Management
- International Context of Management
- Strategies Aspects of Management
- Objectives, Policies & Ethics
- Performance Standards
- Decision Making in Organisation
- Human Resource Planning
- Work Structuring, Job Design
- Business Process Re-engineering
- Organisational Structure
- Delegation & Empowerment
- Managing Change
- Organisational Development
- Communication in Organisations
- Time Management & Personnel Effectiveness

Lecturer: Dr. Daw Ohnmar Myint,
Ph.D (HRM, Delhi), M.Com., B.Com. (Hons) (YIE)
Wednesdays - 6 to 8:30 PM | March to the end of August
Program Fees: 345,000 Kyat + ICM Exam Fees

မတ်လ (၁၈) ရက် ဗုဒ္ဓဟူးနေ့တွင် အတန်းစမည်။

စာမေးပွဲ ဖြေဆိုအောင်မြင်ပါက ICM Single Subject Diploma in Management Theory & Practice ရရှိမည်ဖြစ်ပါသည်။

single subject diploma in
ICM logistics and supply chain

ထောက်ပံ့ ဖြည့်စည်းကွန်ယက်ဆိုင်ရာပညာရပ်ကို ပြည့်စုံစွာလေ့လာလိုသူများအတွက်

Course Contents
- Competing Through Logistics
- Material & Information Flow
- Supply Chain Strategies
- Setting Customer Service Priorities
- Value & Logistics Costs
- Balanced Measurement Portfolio
- Managing Logistics Internationally
- Managing the Lead Time Frontier
- Supply Chain Operations Reference Model
- Time-based Mapping
- Managing Timeliness
- Just-In-Time & Lean Thinking
- The Agile Supply Chain
- Collaborative Supply Chain Planning
- Forecasting & Replenishment
- Supply-based Rationalisation
- Supplier Network Development

မတ်လ (၂၄) ရက် အင်္ဂါနေ့တွင် အတန်းစမည်။

Lecturer: Capt. Aung Khin Myint,
EMBA (YIE), Chairman (MIFFA)
Tuesday – 6:00 to 8:30 PM | March to the end of August
Program Fees – 345,000 Kyat + ICM Exam Fees
Institute of Commerical Management မှ စာမေးပွဲ ဖြေဆိုအောင်မြင်ပါက ICM Single Subject Diploma in Logistics and Supply Chain ရရှိမည်ဖြစ်ပါသည်။



သတိပြုရန်။ ဈေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အရှုံ့ MLM လုပ်ငန်းများနှင့် ၎င်းတို့၏ ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။
#8, 1st Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon.
CALL NOW: 09 250717166-68

နိုင်ငံတကာအားကစား

# မက်ဆီနဲ့ စီရော်နယ်ဒိုတို့ အားစမ်းပွဲလာပြီ

မိုးမြင့်လင်းလက်

လာလီဂါပွဲစဉ် (၂၈)ကို မတ် ၂၃ ရက် နံနက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့အခါ စပိန်ထိပ်သီးကလပ်နှစ်သင်းရဲ့ ချန်ပီယံလုပွဲအဖြစ် ပြင်းထန်တဲ့ ရင်ဆိုင်မှုတွေနဲ့ ထိပ်တိုက်ဆုံတွေ့မှုက ပေါက်ကွဲတဲ့သံစဉ်တွေ ထွက်ပေါ်လာဦးမှာပါ။ ဘာစီလိုနာကွင်းမှာ ကစားရမယ့် ဒီပွဲစဉ်က ရီးရဲမက်ဒရစ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ဘယ်အသင်းက တန်းစီဇယားကို စိုးမိုးသွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

တန်းစီဇယားပထမနေရာကို တစ်မှတ်အကွာနဲ့ ဦးဆောင်နေတဲ့ ဘာစီလိုနာတို့အတွက် ရီးရဲမက်ဒရစ်တို့က ဖယ်ထုတ်ပစ်နိုင်ဖို့ စွမ်းအားတွေရှိနေတာတော့ အမှန်ပါပဲ။ ရီးရဲမက်ဒရစ်ရဲ့ ဘင်ဇီမာ၊ ဂါရက်ဘေးလ်နဲ့ စီရော်နယ်ဒိုတို့ရဲ့ ဘီဘီစီတိုက်စစ်တွေက ဂိုးသွင်းပြိုင်ဆိုင်သလို မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ တိုက်စစ်ပုံစံကလည်း ပြိုင်ဘက်တိုင်းကို ခြိမ်းခြောက်နေတာပါပဲ။

ပြီးခဲ့တဲ့ ဘောလုံးရာသီတုန်းက လာလီဂါဖလားကို လက်လွတ်ခဲ့ရတဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့အတွက် ကြီးမားတဲ့ ရင်ဆိုင်ပွဲဖြစ်ပြီး ဒီပွဲနိုင်ရင် ဒီနှစ်လာလီဂါဖလားကို ရယူဖို့ အရေးပါတဲ့ ခြေလှမ်းတစ်လှမ်းကို ခြေလှမ်းပုံဖော်လိုက်နိုင်တာလို့မှတ်ယူရမှာဖြစ်ပါတယ်။

ဘာနေဗျူးကွင်းမှာ ကစားခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာ ရီးရဲမက်ဒရစ်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပြီး ဘာစီလိုနာရဲ့ တစ်လုံးတည်းသော ချေပဂိုးကို နေမာက သွင်းယူခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာ မက်ဆီရော ဆွာရက်ဇ်ပါ ခြေစွမ်းပြဖို့ အကောင်းဆုံးအနေအထားရှိနေပြီး ရှုံးကြွေးကို ပြန်ဆပ်ဖို့ အခွင့်အရေးကောင်းအဖြစ် အပိုင်အသုံးချတော့မှာဖြစ်ပါတယ်။

ဘာစီလိုနာတို့က ဆွာရက်ဇ်၊ ရာကီတစ်နဲ့ ဂိုးသမား ဘရာဗိုတို့က အသင်းမှာ အပြည့်အဝ ပေးဆပ်ဖို့ အသင့်အနေအထားရှိနေပြီး ဆွာရက်ဇ်ကလည်း သူ့ရဲ့ပုံမှန်ခြေစွမ်းပြန်ရနေတာမို့ တိုက်စစ်မှာ မက်ဆီ၊ နေမာတို့နဲ့အတူ တိုက်စစ်ကို ရုပ်လုံးကြွအောင် ပုံဖော်ပါလိမ့်မယ်။ အဝေးကွင်းမှာ တိုက်စစ်အားကောင်းပေမယ့် ခံစစ်ပိုင်းအားနည်းတတ်တဲ့ ရီးရဲမက်ဒရစ်တို့အတွက် စိုးရိမ်စရာတော့ကောင်းနေပါတယ်။

ရလဒ်တွေ အကောင်းဘက်ပြန်လှည့်လာတဲ့ ရီးရဲမက်ဒရစ်တို့က အခုပွဲကို သေသေချာချာ ပြင်ဆင်ခဲ့ပြီး အကောင်းဆုံးပုံစံနဲ့ ရင်ဆိုင်မှာဖြစ်တာမို့ ဘာစီလိုနာတို့လည်း ပွဲမချောင်ပါဘူး။ လီဗန်တေးကို အနိုင်ကစားပြီး စိတ်ဓာတ်တက်ကြွလာတဲ့ ရီးရဲမက်ဒရစ်အဖွဲ့သားတွေကတော့ ဘာစီလိုနာကို ပွဲအစကတည်းက တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။

တိုက်စစ်မှူး မက်ဆီက ဒီနှစ်ဘောလုံးရာသီပြိုင်ပွဲစုံမှာ ဘာစီလိုနာအတွက် ၄၃ ဂိုးသွင်းယူထားနိုင်သလို စီရော်နယ်ဒိုကလည်း ဒီနှစ်ပြိုင်ပွဲစုံမှာ ရီးရဲမက်ဒရစ်အတွက် ဂိုးပေါင်း ၄၁ ဂိုးသွင်းယူထားနိုင်ပါတယ်။ ဒ့ါအပြင် မက်ဆီ၊ နေမာ၊ ဆွာရက်ဇ် တိုက်စစ်အတွဲက စုစုပေါင်း ၈၂ ဂိုး သွင်းယူထားနိုင်ပြီး စီရော်နယ်ဒို၊ ဘေးလ်နဲ့ ဘင်ဇီမာတို့ တိုက်စစ်တွေက စုစုပေါင်း ၇၇ ဂိုးသွင်းယူထားနိုင်တာမို့ ဘာစီလိုနာတိုက်စစ်အတွဲက နှာတစ်ဖျားအသာရှိနေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ်သင်းရဲ့ ထိပ်တိုက်ဆုံတွေ့မှုက ပြင်းထန်ပြီး ခြေကုန်ဖွင့်ကြမှာမို့ ဒီနှစ် လာလီဂါဖလားလုပွဲရဲ့ အကောင်းဆုံးပွဲတစ်ပွဲအဖြစ် ရသမျိုးစုံကို ပေးစွမ်းဦးမှာ ဖြစ်ပါတယ်။ ။

## ၂၀၂၂ ကမ္ဘာ့ဖလား ဒီဇင်ဘာ ၁၈ ရက် ကစားဖို့အတည်ပြု

ကာတာနိုင်ငံမှာ ကျင်းပမယ့် ၂၀၂၂ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှာ ကစားဖို့ ဖီဖာက အတည်ပြုလိုက်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက ဖီဖာက ကာတာကမ္ဘာ့ဖလားပွဲကို ဆောင်းရာသီမှာ ကျင်းပဖို့ ဆွေးနွေးခဲ့တဲ့အပေါ်မှာ အခြေခံပြီး ဒီဇင်ဘာ ၁၈ ရက်မှာ ကစားဖို့ ဆုံးဖြတ်ခဲ့တယ်လို့ ဖီဖာကပြောပါတယ်။ ဖီဖာက ၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလားပွဲကို တောင်ကိုရီးယားမတိုင်မီ ပြင်သစ်နိုင်ငံမှာ ကျင်းပဖို့လည်း ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံဟာ ၂၀၁၈ ခုနှစ်မှာ အသက် ၂၀ အောက် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပဖို့လည်း စီစဉ်ထားပါတယ်။

## နည်းပြအလုပ်ကို မန်ယူတွင် ဗန်ဟားလ်အဆုံးသတ်မည်

နည်းပြဗန်ဟားလ်က သူ့အနေနဲ့ မန်ယူမှာ နည်းပြအလုပ်ကို အဆုံးသတ်မှာဖြစ်တဲ့အကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အသက် ၆၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နည်းပြ ဗန်ဟားလ်အနေနဲ့ ၂၀၁၇ ခုနှစ်အထိ စာချုပ်ထားပါတယ်။ နည်းပြဗန်ဟားလ်ဟာ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ အိုင်းယက်စ်တို့အပါအဝင် ဥရောပထိပ်သီးအသင်းများမှာ နည်းပြလုပ်ခဲ့သူဖြစ်ပါတယ်။



## ချန်ပီယံလိဂ်နဲ့ လွဲချော်သွားတဲ့ ပေါလ်ပေါ့ဘာ

ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာဟာ ဒေ့ါမွန်နဲ့ကစားတဲ့ပွဲမှာ တံကောက်ကြောထိခိုက်ဒဏ်ရာ ရရှိသွားခဲ့တဲ့အတွက် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲနဲ့ လွဲချော်ဖွယ်ရှိပါတယ်။ အသက် ၂၂ နှစ် အရွယ်ရှိတဲ့ ပေါ့ဘာဟာ ဂျူဗင်တပ်စ်က ဒေ့ါမွန်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ပထမပိုင်းအတွင်း ထိခိုက်ဒဏ်ရာရခဲ့တဲ့အတွက် အနည်းဆုံး ရက် ၅၀ ပြိုင်ပွဲများနဲ့ လွဲချော်မှာဖြစ်ပါတယ်။ မန်ယူကစားသမားဟောင်း ပေါ့ဘာဟာ ဘရာဇီးနဲ့ ဒိန်းမတ်နိုင်ငံတို့နဲ့ ကစားမယ့် ပြင်သစ်အသင်းအတွက် နိုင်ငံတကာပွဲတွေလည်း လွဲချော်မှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ဂျူဗင်တပ်စ်က စီးရီးအေမှာ ရမှတ် ၁၄ မှတ်အသာနဲ့ လေးကြိမ်ဆက်တိုက် စီးရီးအေဖလားဆွတ်ခူးဖို့ ဦးဆောင်နေပြီဖြစ်ပါတယ်။ ပေါ့ဘာအနေနဲ့ စီးရီးအေနောက်ဆုံးပွဲ သုံးပွဲရောက်မှ ပြန်လည်ကစားနိုင်ဖွယ်ရှိပါတယ်။ ချန်ပီယံလိဂ်မှာလည်း ဆီမီးဖိုင်နယ်ဒုတိယအကျော့ရောက်မှ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။ **ကောင်းမြတ်သူ-စုစည်းသည်။**



ကြော်ငြာ


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

ဆွေသဟာ
ပရိုမိုးရှင်းအစီအစဉ်

၁မိနစ်လျှင် ၂၅ကျပ်
နှစ်သက်ရာ MPT မိုဘိုင်း
နံပါတ်(၃)ခု






ပျော်ရွှင်စရာ အထူးဈေးနှုန်းများကို ရယူနိုင်ဖို့ MPT ၏ ဆွေသဟာအစီအစဉ်ကို ယခုပင် ဝင်ရောက်လိုက်ကြရအောင်!

ဆွေသဟာအစီအစဉ်ကိုရယူရန်

Prepaid သုံးစွဲသူများအတွက် **SWE** ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။

Postpaid သုံးစွဲသူများအတွက် **POSTSWE** ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။

နှစ်သက်ရာ MPT ဖုန်းနံပါတ် ၃ခု စာရင်းသွင်းရန်

Prepaid သုံးစွဲသူများအတွက် **ADD 09XXXXXXX** ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။

- GSM နှင့် WCDMA အသုံးပြုသူများအတွက်ဖြစ်ပါသည်။
- ဖုန်းခေါ်ဆိုမှုအထူးအစီအစဉ်အနေဖြင့် နှစ်သက်ရာ MPT မိုဘိုင်းနံပါတ် (၃)ခုကို (၁)မိနစ်လျှင် ၂၅ကျပ်နှုန်းဖြင့် ခေါ်ဆိုနိုင်ပါသည်။ ပထမဆုံးနံပါတ်ကို စတင်စာရင်းသွင်းသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်းအသုံးပြုနိုင်ပါသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁)ရက်မတိုင်မီ စာရင်းပေးသွင်းခြင်းများအတွက်သာ အကျုံးဝင်ပါသည်။

CALL CENTER 106
နေ့စဉ် (၂၄)နာရီလုံး အခမဲ့ ခေါ်ဆိုနိုင်ပါသည်။

ဝေါဟာရနှင့် သတ်မှတ်ချက်များအား အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage

ကြော်ငြာ





Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar

LIEBHERR

Mixing Drum Size : 3 m³ to 9 m³
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)

SUITABLE FOR ALL TRUCK CHASSIS. (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)

Price Starting From

| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |




Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR

ကြော်ငြာ


စွယ်တော် စီးတီး အိမ်ရာ
မင်္ဂလာဒုံမြို့နယ်
SWEDAW CITY
ROYAL MINGALARDON GOLF COURSE
MINGALADON TOWNSHIP
KHAYAE PIN ROAD
AUNG MINGALAR HIGHWAY COMPLEX
THIRIYADANAR WHOLESALE MARKET
NO.3 HIGHWAY ROAD
YANGON INTERNATIONAL AIRPORT
ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီလက်ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။
မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင် တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။
ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ Post -Tensioned စနစ်ဖြင့် 10” Concrete Slab၊ ငလျင်ဒဏ် ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။
Living Room Interior Perspective
Bedroom Interior Perspective
900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms
အဆောက်အဦတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire protection & Fire alarm system,Back up Generator systemများ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်းUnder ground cable များ ကိုသာအသုံးပြုသွားပါမည်။
ရေကူးကန်များ၊စားသောက်ဆိုင်၊ Fitness center ၊ SPA၊ Steam၊ Sauna၊ Jacuzzi၊ Convenience Store၊ကလေးကစားကွင်း၊ဘတ်စကက်ဘောကွင်းနှင့် လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်သောClubhouse တစ်ခု ပါဝင်ပါမည်။
(၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့်အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။
Function Lawn
Family Pool
Kids Pool
Lap Pool
Plunge Pool
Infinity Edge
Lake
Seating & BBQ Area
Jogging Track through grand promenade
The Promenade
Boardwalk
Lake Area
Jogging Track
Fountain
The flower field
Fitness Station
& BBQ Area
The Canal
Starting from 1Sq-Ft MMK 75,000ks/-
Early Register Now!
ဆက်သွယ်ရန်- ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊ဘားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၁-၅၁၆၅၃၃၊ ၅၁၆၅၃၄၊ ၅၁၆၅၃၅၊ ၅၁၆၅၃၆

ကြော်ငြာ

# အသိပေးကြေညာချက်

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းတွင်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ငပလီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်သောရွှေမြယာ(၂)အဆင့်မြင့်အိမ်ရာစီမံကိန်းမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်း(၇၆)ခန်းအား ဒေသပေါက်ဈေးအတိုင်းဝယ်ယူလိုသူများအား မဲနှိုက်ရောင်းချပေးခဲ့ရာ တိုက်ခန်းဝယ်ယူခွင့်ရရှိသူများမှ သတ်မှတ်ရက်အတွင်း ငွေပေးသွင်းခြင်းမရှိသည့် အောက်ပါတိုက်ခန်း(၆၇)ခန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)တွင် လွတ်လပ်စွာလျှောက်ထားဝယ်ယူနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်-

(က) Building A ဓာတ်လှေကား နှစ်စင်းပါသောBasement(CarParking)+ရှစ်ထပ် အဆောက်အအုံမှ ၂၂၀၃ စတုရန်းပေရှိအခန်း(၁၉)ခန်း(တစ်ခန်းလျှင် ကျပ် ၂၆၄၃.၆သိန်း)

(ခ) Building B ဓာတ်လှေကား နှစ်စင်းပါသော Basement (Car Parking)+ ၉ထပ်အဆောက်အအုံမှ ၂၆၈၃.၅ စတုရန်းပေရှိ အခန်း(၄၈)ခန်း (တစ်ခန်းလျှင် ကျပ် ၃၂၂၀.၂သိန်း)

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဖုန်း-၀၁-၃၇၄၃၆၆ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။လျှောက်လွှာနမူနာပုံစံနှင့် ငွေပေးချေမှုစနစ်အား ၁၀ ထပ်ရုံး မြေညီထပ် ကြော်ငြာဘုတ်တွင် ကပ်ထားပေးပါမည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

---

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
### ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
### ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါအဆောက်အအုံများ ဆောက်လုပ်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | တည်နေရာ | အဆောက်အအုံအမျိုးအစား |
|---|---|---|---|
| ၁။ | မကွေးတိုင်းဒေသကြီး | မကွေးမြို့ | ရုံးအဆောက်အအုံ သံကူကွန်ကရစ်(ပေ၆၀×ပေ၄၀) |
| ၂။ | ကယားပြည်နယ် | လွိုင်ကော်မြို့ | ရုံးအဆောက်အအုံ သံကူကွန်ကရစ်(ပေ၆၀×ပေ၄၀) |
| ၃။ | ကရင်ပြည်နယ် | ဘားအံမြို့ | ရုံးအဆောက်အအုံ သံကူကွန်ကရစ်(ပေ၆၀×ပေ၄၀) |
| ၄။ | ချင်းပြည်နယ် | ဟားခါးမြို့ | ရုံးအဆောက်အအုံ သံကူကွန်ကရစ်(ပေ၆၀×ပေ၄၀)<br>အရာရှိနေအိမ် (၂ခန်းတွဲ) သံကူကွန်ကရစ် (ပေ၄၀×၂၈ပေ)<br>အမှုထမ်းနေအိမ် (၂ခန်းတွဲ) သံကူကွန်ကရစ်(ပေ၄၀×၂၈ပေ) |

၂။ စိတ်ပါဝင်စားသည့် ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် သိရှိလိုသော အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာများတွင် ဆက်သွယ်စုံစမ်း၍ အဆိုပြုလွှာပုံစံများရယူနိုင်ပါသည်-

(က) မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၀၃၄၊ ၀၆၃-၂၃၀၃၆

(ခ) ကယားပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး သစ်တောဦးစီးဌာန၊ လွိုင်ကော်မြို့။ ဖုန်း-၀၈၃-၂၁၀၃၈

(ဂ) ကရင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး သစ်တောဦးစီးဌာန၊ ဘားအံမြို့။ ဖုန်း-၀၅၈-၂၁၉၂၃၊ ၀၅၈-၂၁၂၁၆

(ဃ) ချင်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ဟားခါးမြို့။ ဖုန်း-၀၇၀-၂၁၀၈၈၊ ၀၇၀-၂၁၁၀၇

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးရုံးချုပ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၀၆၄-၄၃၁၃၄၂

၃။ အဆိုပြုလွှာပုံစံများအား ထုတ်ယူသည့်နေရာတွင် ၇-၄-၂၀၁၅ရက် (အင်္ဂါနေ့)ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ပေးပါရန် ဖော်ပြအပ်ပါသည်။

---

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
### သစ်တောဦးစီးဌာန
### တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်လိုသည့် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ခြင်း
### (Expression of Interest)

သစ်တောဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အရွယ်အစား/အမျိုးအစား | တည်နေရာ |
|---|---|---|---|
| ၁ | ခရိုင်ရုံးအဆောက်အအုံဆောက်လုပ်ခြင်း | (၅၀'×၃၀'×၁၁')၊ သံကူကွန်ကရစ်၊ 4 Angle အမိုး | ဥတ္တရသီရိမြို့နယ်၊နေပြည်တော် |
| ၂ | **သစ်စေ့ဓာတ်ခွဲခန်းအဆောက်အအုံနှင့်ဆက်စပ်လုပ်ငန်းများဆောက်လုပ်ခြင်း**<br>- အဆောက်အအုံဆောက်လုပ်ခြင်း<br>- မီးစက်ရုံဆောက်လုပ်ခြင်း<br>- အတွင်းလျှပ်စစ်ဆက်သွယ်ခြင်း<br>- ရေစင်ဆောက်လုပ်ခြင်းနှင့်ရေသွယ်တန်းခြင်း | (၅၆'×၃၈'×၁၂')၊ သံကူကွန်ကရစ် 4 Angle အမိုး<br>(၁၀'×၈')အုတ်ညှပ်၊ နံရံကာ၊ကွန်ကရစ်ခင်း၊သွပ်မိုး | ဇေယျာသီရိမြို့နယ်၊<br>ရေဆင်း၊ နေပြည်တော် |
| ၃ | လမ်းကျောက်ကတ္တရာထပ်ပိုးလွှာခင်းခြင်း | (၃၆၀၀'×၁၆'×၄.၅") | ။ |
| ၄ | (၄)လက်မအချင်း အဝီစိတွင်းတူးခြင်း | | ။ |
| ၅ | ဂါလန် (၃၀၀၀၀)ဆံ့၊ မြေအောက်ရေသိုလှောင်ကန်ဆောက်လုပ်ခြင်း | (၃၀'×၂၀'×၈') | ။ |
| ၆ | စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ခြင်း | (၇၅'×၄၆'×၂၄')၊ သံကူကွန်ကရစ်၊<br>(၂)ထပ်၊ 4 Angle အမိုး | ။ |
| ၇ | လမ်းကျောက်ကတ္တရာထပ်ပိုးလွှာခင်းခြင်း | (၃၁၇၅'×၁၆'×၄.၅") | ။ |
| ၈ | မြေထိန်းနံရံ နှစ်ဆင့်ဆောက်လုပ်ခြင်း | (၃')အကျယ်၊ (၁')ထု၊<br>သံကူကွန်ကရစ်<br>ခါးဖြတ်ရက်မများဖြင့်-<br>အောက်အဆင့် (၁၂၀'×၁၆'×၃')<br>အထက်အဆင့် (၁၂၀'×၁၂'×၂'၃")<br>(၃'×၁'×၁၆')မြင့် သံကူကွန်ကရဏ်<br>မတ်ထောက်များအပါအဝင် | ။ |
| ၉ | ကျောင်းသား (၅၀)ဆံ့ အိပ်ဆောင်ဆောက်လုပ်ခြင်း | (၁၅၀'×၃၆'×၂၅') သံကူကွန်ကရစ်၊<br>(၂)ထပ်၊ 4 Angle အမိုး | ။ |

၂။ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန်အတွက် လုပ်ငန်းနှင့်ပတ်သက်သည့်အချက်အလက်များ အသေးစိတ်ရှင်းလင်းပြောကြားခြင်းကို သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်တွင် ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၃။ တင်သွင်းရမည့်အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အထက်အပိုဒ်ပါ ရက်/နေရာတွင် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပေးသွင်းမှုကို ၃၀-၄-၂၀၁၅ရက် ညနေ ၁၆း၀၀နာရီတွင်ပိတ်ပါမည်။

၅။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ် (၃၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၀၀၁သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၆၆၆၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

---

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၃-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၆-၃-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မြတ်သူ ၁၀/မဒန(နိုင်)၁၁၂၄၃၁ ၏ PP No-719977 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၀၀၄၂၀**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/9194 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

### ပညာရေးဝန်ကြီးဌာန
### အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
### National Management College (NMC) နှင့်
### MPDC Education
### တို့ပူးပေါင်း၍ဖွင့်လှစ်သော
## Certificate in Marketing Management(CMM)
### အမှတ်စဉ်(၇)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC)နှင့် Myanmar Professional Development Center-MPDC Education တို့ပူးပေါင်း၍ Certificate in Marketing Management(CMM) သင်တန်းအမှတ်စဉ်(၇)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်း**အောင်မြင်ပြီးသူများ**နှင့် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ(၆)လဖြစ်ပြီး ၂၀၁၅ ခုနှစ် မေလ ၁၆ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Management အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၄။ ပညာအရည်အချင်းအထောက်အထား(မူရင်း)နှင့်မိတ္တူ ၂ စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်မိတ္တူ ၂စုံ၊ လိုင်စင်ဓာတ်ပုံ(၅)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

**အသေးစိတ်သိရှိလိုပါက -** **အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**
**(လေးထပ်စာသင်ဆောင်၊** MPDC **ရုံးခန်း)၊**
**ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။**
**ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၁**

---

## တော်ဝင်ရတနာပုံတယ်လီကွန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## (Royal Yatanarpon Telecom Public Company Limited)
## ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြည်သူများသို့တင်ပြခြင်း

တော်ဝင်ရတနာပုံတယ်လီကွန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Royal Yatanarpon Telecom Public Company Limited)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၅၆၂၉/ ၂၀၁၄-၂၀၁၅(၁၇-၂-၂၀၁၅) ရက်စွဲဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

တော်ဝင်ရတနာပုံတယ်လီကွန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် အကျိုးပြုရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာအဆင့်ရှိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်ခွင့်ပြုချက်နှင့်အညီ တည်ထောင်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာရောင်းချခြင်းနှင့်ပတ်သက်သော အသေးစိတ်အကြောင်းအရာများကို ဆက်လက်အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီ၏ရုံးခန်းကို အမှတ်(၂၅)၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

**(ဒါရိုက်တာအဖွဲ့)**
**တော်ဝင်ရတနာပုံတယ်လီကွန်း**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

ကြော်ငြာ

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ သိုလှောင်ရုံ (၃၀)လုံး၊ အခန်း(၂)ခန်းတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ် သက်တမ်း (၆)လ တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး၊ ရုံးချုပ်မှ သိုလှောင်ရုံ(၂)လုံး**

Lot (1) (၁) သိုရုံ-၁၅/၁၆ (၂)လုံးတွဲ (၁)လုံး၊ (၁၂၀'×၆၀'×၂၀') (သွပ်၊ သွပ်၊ ကွန်) နာဂသိုလှောင်ရုံအုပ်စု(၁)၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်

Lot (2) (၂) သိုရုံ-၁၉/၂၀ (၂)လုံးတွဲ(၁)လုံး၊ (၁၂၀'×၆၀'×၂၀') (သွပ်၊ သွပ်၊ ကွန်) နာဂသိုလှောင်ရုံ အုပ်စု (၁)၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်

(ခ) **ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၅)လုံး**

Lot (3) (၁) သိုရုံ-၅(၈၀'×၃၄'×၁၄')(အင်္ဂတေ၊ သွပ်/အုတ်၊ ကွန်) ဒေါပုံမြို့နယ်၊ စတီးဝင်း

Lot (4) (၂) သိုရုံ-၉(၈၀'×၃၄'×၁၄')(အင်္ဂတေ၊ သွပ်/အုတ်၊ ကွန်) ဒေါပုံမြို့နယ်၊ စတီးဝင်း

Lot (5) (၃) သိုရုံ-၁၁(၈၀'×၃၄'×၁၄')(အင်္ဂတေ၊ သွပ်/အုတ်၊ကွန်) ဒေါပုံမြို့နယ်၊ စတီးဝင်း

Lot (6) (၄) သိုရုံ-၁၂(၈၀'×၃၄'×၁၄')(အင်္ဂတေ၊ သွပ်/အုတ်၊ကွန်) ဒေါပုံမြို့နယ်၊ စတီးဝင်း

Lot (7) (၅) ပက်စဖီး-၅(၁၄၄'×၅၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်) ကျောက်တန်းမြို့၊ ရွှေကုန်းရပ်

(ဂ) **ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၁၃)လုံး**

Lot (8) (၁) အေဒီဘီ-၂ သိုလှောင်ရုံမှ အခန်း(၅)ခန်း(၂၂၅'×၅၀'×၁၄')(သွပ်၊ သံ၊ ကွန်) ကျုံပျော်မြို့နယ်၊ တောချောင်းကျေးရွာ၊ ဆင်ချောင်းရပ်၊ ၆၆/ခဲဘောင်

Lot (9) (၂) နှစ်ဆန်း-၁(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (10) (၃) နှစ်ဆန်း-၂(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (11) (၄) နှစ်ဆန်း-၃(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (12) (၅) နှစ်ဆန်း-၄(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (13) (၆) နှစ်ဆန်း-၅(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (14) (၇) နှစ်ဆန်း-၆(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (15) (၈) နှစ်ဆန်း-၇(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (16) (၉) နှစ်ဆန်း-၈(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (17) (၁၀) နှစ်ဆန်း-၉(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (18) (၁၁) နှစ်ဆန်း-၁၀(နှစ်လုံးတွဲ ၁)လုံး၊ (၈၀'×၇၀'×၂၄') (သွပ်၊ သွပ်/အုတ်၊ ကွန်) မြောင်းမြမြို့နယ်၊ ပမ္မဝတီ

Lot (19) (၁၂) မြဲ-၄ (၈၀'×၄၀'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) ကြံခင်းမြို့နယ်၊ ရုံးဝင်း

Lot (20) (၁၃) မြဲ-၅ (၈၀'×၄၀'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) ကြံခင်းမြို့နယ်၊ ရုံးဝင်း

(ဃ) **မန္တလေးတိုင်းဒေသကြီးမှ အခန်း (၂)ခန်း**

Lot (21) (၁) အခန်း (၂) (၁၀'×၁၂'×၁၄') (သွပ်၊ အုတ်၊ ကွန်) မန္တလေးမြို့၊ ၃၅လမ်း၊ ရန်ကြီးအောင်လမ်း၊ (၆၄×၆၅)လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်

Lot (22) (၂) အခန်း-၃ (၁၀'×၁၂'×၁၄') (သွပ်၊ အုတ်၊ ကွန်) မန္တလေးမြို့၊ ၃၅လမ်း၊ ရန်ကြီးအောင်လမ်း၊ (၆၄×၆၅)လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်

(င) **တနင်္သာရီတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၂)လုံး**

Lot (23) (၁) သိုရုံ-၁ (၁၈၀'×၄၀'×၁၂') (သွပ်၊ အုတ်၊ ကွန်) မြိတ်မြို့၊ ကလွင်လမ်း၊ တပ်ပြင်ရပ်

Lot (24) (၂) သိုရုံ-၁ (၅၈'×၂၃'×၁၅') (သွပ်၊ သွပ်၊ ကွန်) ထားဝယ်မြို့၊ သင်္ဘောဆိပ်

(စ) **ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၂)လုံး**

Lot (25) (၁) သိုရုံ -၄/၁(၁၄၄'×၅၁'×၁၃') (သွပ်၊ ပျဉ်၊ ပျဉ်) ဝေါမြို့၊ အရှေ့ဘက်ကမ်း

Lot (26) (၂) သိုရုံ -၁/၂၁(၁၄၄'×၄၃'×၁၃') (သွပ်၊ ပျဉ်၊ ပျဉ်) ပဲခူးမြို့၊ ကျောက်တွင်းကုန်း

(ဆ) **ရှမ်းပြည်နယ်(တောင်ပိုင်း)မှ သိုလှောင်ရုံ (၂)လုံး**

Lot (27) (၁) မြဲ-၂ (၇၂'×၇၂'×၁၇') (သွပ်၊ သွပ်၊ ကွန်) ရွှေညောင်မြို့၊ ဓနသိဒ္ဓိရပ်ကွက်

Lot (28) (၂) မြဲ-၃ (၇၂'×၇၂'×၁၇') (သွပ်၊ သွပ်၊ ကွန်) ရွှေညောင်မြို့၊ ဓနသိဒ္ဓိရပ်ကွက်

(ဇ) **ကချင်ပြည်နယ် သိုလှောင်ရုံ (၁)လုံး**

Lot (29) (၁) မြဲသိုရုံ (၁၀၀'×၄၀'×၁၂') (သွပ်၊ သွပ်၊ ကွန်) တနိုင်းမြို့

(ဈ) **ရခိုင်ပြည်နယ်မှ သိုလှောင်ရုံ (၃)လုံး**

Lot (30) (၁) မြဲပို-၆ (၈၀'×၃၇'×၁၄')(သွပ်၊ အင်္ဂတေ၊ အင်္ဂတေ)စစ်တွေမြို့၊ ရွာကြီးမြောက်

Lot (31) (၂) မြဲပို-၇ (၈၀'×၃၇'×၁၄')(သွပ်၊ အင်္ဂတေ၊ အင်္ဂတေ) စစ်တွေမြို့ ရွာကြီးမြောက်

Lot (32) (၃) မြေက-၂၁(၁၀၀'×၃၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်) ဘူးသီးတောင်မြို့၊ ၇ရပ်ကွက်

(ည) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၃-၂၀၁၅ ရက်မှ ၁-၄-၂၀၁၅ ရက်ထိ
**အချိန်** - နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ

(ဋ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၂-၄-၂၀၁၅ ရက် ၁၂း၀၀ နာရီ

(ဌ) **တင်ဒါပိတ်မည့်/အချိန်** - ၂-၄-၂၀၁၅ ရက် မွန်းလွဲ ၁၃း၀၀ နာရီ

(ဍ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲအမှတ် (၂၆၈/၃၁၄)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အမှတ်(၂၂၈/၂၄၀) ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့၊ ပုသိမ်မြို့၊ ပဲခူးမြို့၊ ထားဝယ်မြို့၊ ပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ စစ်တွေမြို့

(ဎ) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများ ကိုတင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကိုမြန်မာနိုင်ငံသားများဘဏ်(နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့)၊ မြန်မာ့စီးပွားရေးဘဏ်(ပုသိမ်မြို့၊ တောင်ကြီးမြို့၊ ထားဝယ်မြို့၊ ပဲခူးမြို့၊ မြစ်ကြီးနားမြို့၊ စစ်တွေမြို့)တို့တွင် P.O) Cheque ဖြင့် ဝယ်ယူပေးသွင်းရမည် ဖြစ်ပါသည်။

(ဏ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်

(တ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ(၃၀)လုံး၊ အခန်း(၂)ခန်းတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၂၂၂၄၈၊ ၂၁၆၄၂၀၊ ၀၂- ၃၆၃၃၈၊ ၀၄၂-၂၄၅၂၃၊ ၀၈၁-၂၁၂၁၆၂၇၊ ၀၅၉-၂၁၀၆၉၊ ၀၅၂-၂၁၈၄၄၊ ၀၇၄-၂၂၄၅၉၊ ၀၇၁-၂၃၄၂၆၊ ၂၁၁၁၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး(ပဲခူး)၊ ခရိုင်(၃)ခရိုင်ရှိ ရုံးသုံးပရိဘောဂပစ္စည်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းနှင့်ဌာနသုံး/လုပ်ငန်းသုံးပစ္စည်းတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **တည်နေရာ** - ပဲခူးတိုင်းဒေသကြီး(ပဲခူး)၊ ပဲခူးခရိုင်၊ တောင်ငူ

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၃-၂၀၁၅ ရက်မှ ၁-၄-၂၀၁၅ ရက်အထိ
**အချိန်** - နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ

(ဂ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်ရက်/အချိန်** - ၂-၄-၂၀၁၅ ရက် ၁၂း၀၀ နာရီ

(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၄-၂၀၁၅ ရက် ၁၃း၀၀ နာရီ

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး (ပဲခူး)၊ ဖုန်း-၀၅၂-၂၁၀၃၆

(စ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေကျပ်(၃၅)သိန်းတိတိဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်၊ နေပြည်တော်၊ ရန်ကုန်နှင့်မြန်မာ့စီးပွားရေးဘဏ် ပဲခူးမြို့ တို့တွင်(Po)Cheque ဝယ်ယူပေးသွင်းရမည်။

(ဆ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်

(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါ ပုံသေပိုင်ပစ္စည်းတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာခရိုင်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၅၂-၂၁၀၃၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန**
**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

## အိတ်ဖွင့်လေလံရောင်းချရန်ကြော်ငြာ

၁။ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်မြို့၊ ကမ်းနားလမ်းနှင့် ကန်လမ်းထောင့်ရှိ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ရုံးဟောင်း(ယခင် ပြည်ဟိုတယ်)တည်ရှိရာ အောက်ခံမြေနှင့် အဆောက်အအုံများအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံရောင်းချမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်လေလံစည်းကမ်းနှင့် လျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်၊ နေရာ** - ၆-၄-၂၀၁၅ ရက်၊ တနင်္လာနေ့ ၁၀း၀၀ နာရီ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကမ်းနားလမ်း၊ပြည်မြို့

(ခ) **အိတ်ဖွင့်လေလံလျှောက်လွှာပိတ်သိမ်းမည့် ရက်၊ အချိန်** - ၄-၅-၂၀၁၅ ရက်၊တနင်္လာနေ့ ၁၆း၃၀ နာရီ

(ဂ) **အိတ်ဖွင့်လေလံရောင်းချမည့်ရက်၊ အချိန်၊ နေရာ** - ၇-၅-၂၀၁၅ ရက်၊ ကြာသပတေးနေ့၊ ၁၀း၀၀နာရီ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကမ်းနားလမ်း၊ ပြည်မြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၅၂-၂၀၀၀၇၄၊ ၀၅၂-၂၀၀၀၇၅၊ ၀၅၃-၂၄၁၈၈၊ ၀၅၃-၂၄၃၀၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၃။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့်၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့်၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း(အဆင့်၁) | တက္ကသိုလ်ဝင်တန်း |
| ၆။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး (အဆင့် ၁) | ဤသင်တန်းဌာနမှအခြေခံသင်တန်း (အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။ |
| ၇။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/ဘဏ္ဍာ) | စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| | (အခန်းဌာန) | တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီးဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ |
| | (အစားအစာနှင့်အဖျော်ယမကာဌာန) | အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

**သင်တန်းကာလ** ၄-၅-၂၀၁၅ ရက်မှ ၂၆-၆-၂၀၁၅ ရက်အထိ

**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၃၉၄၈၃၆**

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

၁၀-၃-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒေါ်နီလာ ၃/မဝတ(နိုင်)၀၀၉၇၄၄ အား ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းအပ်ပါသည်။

**ဦးသန်းဦး**
**၃/မဝတ(နိုင်)၀၀၀၉၄၂**

## ဆရာကန်တော့ပွဲမှာ ဆုံကြပြီး သူငယ်ချင်းတွေ ညစာအတူတူစားကြရအောင်နော်

၁၉၇၂-၁၉၇၆ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒဘွဲ့ရ ကျောင်းသားကျောင်းသူများရဲ့ ဆရာကန်တော့ပွဲနှင့် သူငယ်ချင်းတွေ ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပေးကြပါရန် ဖိတ်ကြားပါသည်။

| | **ဆရာကန်တော့ပွဲအစီအစဉ်** | **ညစာစားပွဲအစီအစဉ်** |
|---|---|---|
| **နေ့ရက်** | ၂၈-၃-၂၀၁၅ရက် (စနေနေ့) | ၂၈-၃-၂၀၁၅ရက် (စနေနေ့) |
| **အချိန်** | နံနက် ၀၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ | ညနေ ၆း၃၀နာရီမှ ၉း၃၀နာရီအထိ |
| **နေရာ** | ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ | ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ |

**ဆက်သွယ်ရန်-**

| | |
|---|---|
| ကိုသက်လွင်(ဟိုတယ်ရွှေဂုံတိုင်) | ဖုန်း-၀၉-၅၁၃၁၁၈၉ |
| ကိုစိုးမြင့် | ဖုန်း-၀၉-၅၀၇၉၄၈၆ |
| ကိုကံငွေး | ဖုန်း-၀၉-၅၁၆၇၄၅၃ |
| ကိုတင်ဝင်း(ဆလုံ) | ဖုန်း-၀၉-၄၅၀၀၄၀၇၄၁ |
| မကျင်နွဲ့ | ဖုန်း-၀၉-၄၂၀၁၃၇၇၄၈ |
| မခင်မြင့်မြင့် | ဖုန်း-၀၉-၅၁၇၂၀၀၂ |

## စစ်တွေမြို့နယ်အသင်းဖိတ်ကြားလွှာ

(၁၂)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲ(ရန်ကုန်)တွင် ပထမအကြိမ်ပါဝင်မည့် စစ်တွေမြို့နယ်အသင်း၏ ရေလောင်းမဏ္ဍပ်တွင် ပါဝင်ရေကစားလိုသူ အသက် ၂၅အောက် စစ်တွေမြို့နယ်သူများ ၂၅-၃-၂၀၁၅ ရက်နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံတွင်လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းကြပါရန်။

ဒေါ်ဦးစောခင် ဖုန်း-၀၉-၄၉၃၂၁၂၆၈၊ ၀၉-၇၉၉၆၃၆၆၅
ဦးသိန်းထွန်း ဖုန်း-၀၉-၂၅၀၂၄၁၁၉၀

**သင်္ကြန်ပွဲကျင်းပရေးကော်မတီ**
**စစ်တွေမြို့နယ်အသင်း(ရန်ကုန်)**

## အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၂၀၁၅ ခုနှစ် (၁၁)ကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြ ဆရာကြီးများနှင့် (၁၈)ကြိမ်မြောက် တပ်မတော်(အငြိမ်းစား)ဘောလုံးဒိုင်လူကြီးများ အာစရိယပူဇော်ပွဲကို ၂၉-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘောလုံးအားကစားကွင်း (မင်္ဂလာဒုံ)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

## အထက (၃) သဃ်္ဃန်းကျွန်း (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက(၃)၊ သဃ်္ဃန်းကျွန်း၊ ကျောင်းသား/ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်ဆရာပူဇော်ပွဲ (၁၁)ကြိမ်မြောက်အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်ဖြစ်ပါ၍ အထက(၃) သဃ်္ဃန်းကျွန်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား/ကျောင်းသူများအားလုံးပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၉-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၈း၃၀ နာရီ
**ကျင်းပမည့်နေရာ** - မြညီလာခန်းမ၊ အထက(၃) သဃ်္ဃန်းကျွန်း

အလှူငွေများထည့်ဝင်လိုပါက အောက်ပါကျောင်းသား/ကျောင်းသူ များထံတွင် ဆက်သွယ်နိုင်ပါသည်။

| | | |
|---|---|---|
| ကိုခင်မောင်ညွန့် | - | ဖုန်း-၀၉-၅၀၆၃၀၉၀ |
| ကိုဇော်မင်းနိုင် | - | ဖုန်း-၀၉-၅၀၈၇၁၃၁ |
| ကိုခင်မောင်ကျော် | - | ဖုန်း-၀၉-၂၅၀၀၂၀၈၀၀ |
| ကိုမျိုးအောင်နိုင် | - | ဖုန်း-၀၉-၄၂၁၁၂၉၇၉၃ |
| မခင်ခင်မြ | - | ဖုန်း-၀၉-၂၅၃၈၄၈၃၇၁ |
| မခင်မော်မော် | - | ဖုန်း-၀၉-၄၂၁၁၀၄၁၃၅ |
| မခင်ခင်သန်း | - | ဖုန်း-၀၉-၂၅၀၀၈၃၃၉၅ |

## ခရမ်းမြို့နယ်၊ ဘုရားပျိုကျေးရွာ အထက ဒုတိယအကြိမ်မြတ်ဆရာ ပူဇော်ပွဲဖိတ်ကြားခြင်း

ခရမ်းမြို့နယ်၊ ဘုရားပျိုကျေးရွာ အထက်တန်းကျောင်း၊ ကျောင်းသား/သူဟောင်းများ၏ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲတွင် အသက်(၆၀) ပြည့် ဆရာကြီး၊ ဆရာမကြီးများ (တွဲဖက်ဆရာ/မများအပါအဝင်)အား ပူဇော်ကန်တော့ပွဲနှင့်တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဆရာ/မများနှင့် ကျောင်းသား/သူဟောင်းများ၏ မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများ ကျောင်းသား/သူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲအစီအစဉ်** - ၁၃၇၆ ခုနှစ် တန်ခူးလဆန်း ၁၀ရက် ၂၉-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့)

**ကြိုပို့အစီအစဉ်** - ရန်ကုန်အောဘီစီကားဂိတ်သို့ နံနက် ၇း၀၀နာရီအရောက် လာပါရန်

**ဆက်သွယ်ရန်** - ဦးလှသိန်း
ဖုန်း-၀၉-၄၉၇၃၈၈၃၉၊ ၀၉-၂၅၀၀၇၉၂၀၀
ဦးသန်းဇော်
ဖုန်း-၀၉-၈၆၄၆၀၇၁
ဦးဇော်မင်းအောင်
ဖုန်း-၀၉-၄၅၀၀၄၈၈၁၄၊ ၀၉-၇၉၉၃၇၃၇၀၀

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

**ဦးကျော်အေး (ကျောက်မြောင်း)**

ဦးစီးအရာရှိ(ငြိမ်း)၊ (စိုက်/မွေး)

အသက်(၈၁)နှစ်

ဗိုလ်ကြီးကျော်မိုးအေး(ငြိမ်း) (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ဥမ္မာလွင်တို့၏ဖခင်သည် ၂၁-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း(၈၆)၊ စည်သူတပ်ခွဲမှ**
**ကျောင်းဆင်းအရာရှိနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

**ဦးကျော်အေး (ကျောက်မြောင်း)**

ဦးစီးအရာရှိ(ငြိမ်း)၊ (စိုက်/မွေး)

အသက်(၈၁)နှစ်

ဗိုလ်ကြီးကျော်မိုးအေး(ငြိမ်း) လက်ထောက်မန်နေဂျာ (ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) - ဒေါ်ဥမ္မာလွင်တို့၏ ဖခင်သည် ၂၁-၃-၂၀၁၅ရက်(စနေနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာန**
**ဒုတိယအထွေထွေမန်နေဂျာနှင့်ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ကပ္ပတိန် ရှိန်ဟုန်ထွန်းသည် ၁၉-၃-၂၀၁၅ရက် နံနက် ၉နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် MYANMAR SEAFARER EMPLOYMENT SERVICES FEDERAION (Maritime Tra-ining Centre) ဝန်ထမ်းများမှ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား**
**ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**Capt. ရှိန်ဟုန်ထွန်း**

(ဒု-ညွှန်ကြားရေးမှူး)

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အသက်(၅၅)နှစ်

ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ် (၉၉-E1)နေ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး Capt. ရှိန်ဟုန်ထွန်းသည် ၁၉-၃-၂၀၁၅ရက် နံနက် ၉နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ နှမြောတသဖြစ်မိပါသည်။

**MYANMAR EXCELLENT STARS**
**MARITIME TRAINING CENTRE**

## ဒေါက်တာစန္ဒာအေး

အသက်(၄၆)နှစ်

ရန်ကုန်မြို့နေ (ဒေါ်အေးကြည်)၊ ဒေါ်သန်းသန်းရွှေ-ဦးကျော်မြင့်တို့၏တူမ၊ ဒေါ်စောကြည်-ဦးကျော်မြင့်၊ ဒေါ်စောရီ-ဦးမြင့်သိန်း၊ ဒေါ်စန်းစန်းလွင်-ဦးညီညီတို့၏ညီမ၊ ကိုကံထွန်း-မသီရိလင်း၊မခင်မျိုးတင့်၊ မတိုးတိုးခိုင်-ကိုကျော်စိုးလွင်တို့၏အစ်မ၊ မခင်စိုးမြင့်၊ မအေးအေးသက်၊ ကိုဇော်မင်းသိန်း၊ မလဲ့ဝတ်ရည်ဖူး၊ မောင်ဝေယံမျိုးအောင်၊ မစိမ့်ဇာဝေနှင်း၊ မောင်ဝေမင်းပိုင်တို့၏အဒေါ်သည ၂၀-၃-၂၀၁၅ရက် (သောကြာနေ့) ည ၁၀း၂၃နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ [အမှတ် ၃၊ ပေါက်စေတီလမ်းသွယ်-၁၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူဆွေမျိုး၊ညီအစ်ကိုမောင်နှမများ

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်အေးကျင် (ဝေါမြို့)

ရောမင်းသိန်း(မန္တလေး)ဆောက်လုပ်ရေးကုမ္ပဏီ၊နဝဒေးအော့ဖ်ဆက်နှင့် ငြိမ်းချမ်းကောင်းကင်စာပေဖြန့်ချိရေး

အသက်(၉၈)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ ၃၁လမ်း၊ ၆၃×၆၄လမ်းကြား၊ အမှတ် ၁၂၅နေ ဒေါ်ခင်စောဝင်း၊ ဦးအေးသိန်း-ဒေါ်ခင်ချိုမြင့်၊ ဦးစိုးမြင့်၊ ဦးသိန်းမြင့်(ဒု-ဥက္ကဋ္ဌ၊ မန္တလေးတိုင်း ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)-ဒေါ်မိုးစန္ဒာထွန်းတို့၏မိခင်၊ (ဦးစိန်မောင်)၏ဇနီးသည် ၂၁-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စု(ခ)ဒေါ်လုံး (အောင်သုခမ္မရိပ်သာ ယောဂီဟောင်း)

အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဘုရားပြိုကျေးရွာနေ (ဦးမြတ်မောင်-ဒေါ်ဖွားကျင်)တို့၏သမီး၊ ဝေါမြို့နေ (ဦးဘိုးလှိုင်-ဒေါ်နှင်းငွေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးအာဘော်-ဒေါ်ကြွေ)၊ ဝေါမြို့နေ (ဒေါ်ခင်တင့်)၊ ဘုရားပြိုကျေးရွာနေ (ဦးကျော်စိုး-ဒေါ်ကြွယ်)၊ ရန်ကုန်မြို့နေ (ဦးအောင်ဘော်-ဒေါ်မြညွန့်)တို့၏ညီမ၊ရန်ကုန်မြို့နေ(ဦးကြည်သန်း-ဒေါ်မြင့်)၊ဝေါမြို့နေ(ဦးသိန်းဟံ)-ဒေါ်ငွေရီတို့၏အစ်မ၊ ပဲခူးမြို့၊ မော်ကန် ၄လမ်းနေ ဒေါ်အေးအေးငြိမ်း၊ ရန်ကုန်မြို့နေ ဦးချို-ဒေါ်မြင့်မြင့်စန်း၊ ဦးသန်းလှိုင်-ဒေါ်ယုယုထွန်း၊ ပဲခူးမြို့၊ ဂေါ်သဇင်လမ်းနေ ဦးသိန်းလင်း-(ဒေါ်ခင်ဝေ)၊ ဦးစိုးလှိုင်၊ ဝေါမြို့နေ ဦးစောလှိုင်-ဒေါ်အေးအေးမော်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား၊ (ဦးကျော်ညွန့်)၏ဇနီးသည် ၂၁-၃-၂၀၁၅ရက်(စနေနေ့)နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့၊ မော်ကန်း ၄လမ်း၊ အမှတ် ၆၈၅နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်လှ(ခ)ဒေစီမောင်

အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးခင်မောင်သန်း-ဒေါ်ညွန့်ရီ)တို့၏ညီမ၊ (ဦးမြင့်ကြွယ်၊ စာရေးဆရာကြီးမောင်မြင့်ကြွယ်)၏ဇနီး၊ ဦးမြင့်မြတ်စိုး(ကိုကို)၊ ဦးမျိုးမြတ်စိုး(ညီညီ)၊ ဦးကျော်ဆန်းတင့်-ဒေါ်ဥမ္မာ၊ ဒေါ်မြသူဇာ-ဦးမြတ်ဇော်၊ ဦးအောင်ကျော်မိုး(ဒါရိုက်တာအောင်သြဘာ)-ဒေါ်ဝင်းမမယဉ်တို့၏မိခင်၊ ဒေါ်မာမာ-ဦးထိန်လင်း၊ ဒေါက်တာဒေါ်ဖြူဖြူမေသန်း-ဦးကျော်ကျော်သိန်းထို၊ ဒေါက်တာထင်အောင်သန်း (မိုးသက်တင်)တို့၏အဒေါ်၊ မောင်ကောင်းမြတ်ထွန်း၊ မသက်ထားအဉ္ဇလီ၊ မောင်ခန့်စည်သူ၊ မအင်ကြင်းမိုးတို့၏အဘွားသည် ၁၉-၃-၂၀၁၅ရက် ညနေ ၅း၁၅နာရီတွင် ကျုံပျော်မြို့နယ်၊ ချောင်းစောက်ကျေးရွာ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၅ရက် ချောင်းစောက်ကျေးရွာသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၃F/၁၉၊ သဇင်လမ်း၊ (၁၁၀)ရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါက်တာစန္ဒာအေး

M.B.,B.S (ygn). M.Sc (Public Health)

ဦးစီးအရာရှိ(ငြိမ်း)၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန

General Manager, East Asia United Co.,Ltd.

ဗုဒ္ဓဝါဒအခြေခံဒီပလိုမာ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အပတ်စဉ်-၂

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပေါက်စေတီလမ်းသွယ်(၁)၊ အမှတ် ၃နေ(ဦးမောင်မောင်အေး)-ဒေါ်ခင်စန်းရီ(ခ)ဒေါ်ရီတို့၏သမီး၊(ဦးအောင်ကြည်-ဒေါ်ရီရီမြ)တို့၏သမီးချွေးမ၊ ဦးအေးလွင်-ဒေါ်ငွေငွေရီ၊ ဦးကံညွန့်-ဒေါ်မေမြတ်မော်၊ ဦးတိုက်စိုးအောင်-ဒေါ်မြသန္တာအောင်တို့၏ညီမ၊ ဒေါက်တာဇော်မင်းထက်-မသဲမြကြည်တို့၏အစ်မ၊ ဒေါက်တာသန်းထိုက်အောင်၏ဇနီး၊ မောင်ပိုင်မင်းထက်၏မိခင်၊ မကြည်လဲ့လဲ့ရွန်း၊ မလဲ့လဲ့ဝင့်ပို၊ မောင်စိုးမင်းထက်၊ မောင်ညီသူစံတို့၏အဒေါ်သည် ၂၀-၃-၂၀၁၅ရက်(သောကြာနေ့)ည ၁၀း၂၃နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

Great Nation Co.,Ltd. ၏ ဒါရိုက်တာ ဦးသန်းထိုက်အောင်၏ဇနီး ဒေါက်တာစန္ဒာအေး အသက်(၄၆)နှစ်သည် ၂၀-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MD၊ ဒါရိုက်တာနှင့်ဝန်ထမ်းများ**

**Strand Hotel (Sittwe)**

## ဒေါ်ရီရီဝင်း

(ဒုတိယကြီးကြပ်ရေးမှူး)

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ် ၁၁၁၁နေ (ဦးငွေရ-ဒေါ်စောလှ)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးသိန်းမြင့်) - ဒေါ်လှမြင့်တို့၏ သမီးချွေးမ၊ ဦးမျိုးမင်း(CHD Bank)၏ဇနီး၊ မောင်ဥက္ကာအောင် (စတုတ္ထနှစ်၊ ရေကြောင်းပညာတက္ကသိုလ်)၊ မအိရွှေအိမ် (အထက-၂၊ တောင်ဥက္ကလာပ)တို့၏မိခင်သည် ၂၁-၃-၂၀၁၅ရက်(စနေနေ့) နံနက် ၇း၃၀နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအတိုင်း ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ အမှတ် ၆၆၊ ၉၄ လမ်းနေ (ပန်းချီဆရာကြီး ဦးဘသစ်-ဒေါ်ခင်ယု)တို့၏သား၊ ဦးအောင်သန်း-ဒေါ်ဝေမာသန်း၊ (ဦးတင်ယု-ဒေါ်သန်းသန်းနွယ်)၊ ဦးစိန်သစ်၊ ဦးမျိုးသစ်-ဒေါ်ခင်ခင်ဦး၊ ဒေါ်ငွေငွေကြွယ်၊ ဦးငွေအောင် - ဒေါ်သင်းသင်းစိုးတို့၏ ညီ/မောင်၊ ဦးအောင်နိုင်ဦး-ဒေါ်ခင်မေသစ်၊ ဦးမင်းသူ-ဒေါ်သင်းသင်းအေး၊ ဦးအောင်ကျော်စိုး-ဒေါ်တင်တင်ထွေးတို့၏အစ်ကိုသည် ၁၆-၃-၂၀၁၅ရက် (တနင်္လာနေ့) ဂျပန်စံတော်ချိန် ၃း၅၉ နာရီတွင် ဂျပန်နိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်(မော်ဘီ၊ထန်းတပင်)

အသက်(၈၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၆၅၁၊ မာဃ ၈လမ်း(အောက်)၊ (၁၂)ရပ်ကွက်နေ (ဦးနော်တင်-ဒေါ်နယဉ်)တို့၏သား၊ လားရှိုးမြို့နေ ဦးစိန်ဟန်-ဒေါ်မေရှန်တို့၏ညီ၊ ကျောက်တန်းမြို့နေ (ဦးစိုးညွန့် - ဒေါ်မြင့်ရီ) တို့၏အစ်ကို၊ ဒေါ်စိမ်း၏ခင်ပွန်း၊ မောင်ဇော်မျိုးကျော် [B.Sc (Maths), 002 Dagon University]၊ မစန်းရီ၊ ဇော်မိုးကျော် - မသက်သက်မွန်တို့၏ ဖခင်၊ မဖူးမြတ်ကေခိုင်ကျော်၏အဘိုးသည် ၂၁-၃-၂၀၁၅ရက်မွန်းလွဲ ၁း၄၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှိုင်

အသက်(၈၀)

မန္တလေးမြို့၊ ၁၇လမ်း၊ ၈၀×၈၁ လမ်းကြားနေ ဦးကျော်လွင်-ဒေါ်ခင်အုံးမြင့်၊ဦးတင်မောင်၊ဒေါ်ခင်ဝင်းကြည် (ကထိက၊ ဓာတုဗေဒဌာန၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ)၊ဦးထွန်းဝေ-ဒေါ်ခင်ဝင်းစိန်၊ ဒေါ်ဝင်းဝင်းခိုင်၊ ဒေါက်တာတင်တင်မိုး(ကထိက၊ ဓာတုဗေဒဌာန၊ လှိုင်ကော်တက္ကသိုလ်)တို့၏ မိခင်၊ မသဲသဲ၊ မောင်ဇော်မင်းထွန်း၊ မောင်တင်မျိုးထွဋ်၊ မောင်သက်ပိုင်စိုးတို့၏အဘွား၊ မှိုက်သူကြီး(ဦးလှသိန်း) ရတနာမြေ၏ဇနီးသည် ၁၉-၃-၂၀၁၅ ရက်(ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင်အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ရပ်ဝေးရပ်နီးမှ မေးမြန်းကြသူများနှင့် ဈာပနတွင် ကူညီဆောင်ရွက်ကြသူများ၊ လိုက်ပါပို့ဆောင်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်

(M.T.T အုတ်လုပ်ငန်း)

အသက်(၆၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ထန်းတောကြီးလမ်းနေ (ဦးလှသောင်-ဒေါ်ခင်မေ)၊ (ဦးကုလားကြီး) - ဒေါ်ခင်နုတို့၏ သားသမက်၊ ဦးမင်းမင်းထွန်း-ဒေါ်သန္တာမြင့်၊ ဦးရဲညွန့်-ဒေါ်အေးစန္ဒာမြင့်၊ဦးအောင်ကျော်လွင်-ဒေါ်အေးဇာခြည်မြင့်၊ ဦးကျော်လင်းမောင် - ဒေါ်အေးသက်လျာမြင့်၊ ဦးခိုင်တင်ဟိန်း - ဒေါ်ဖွန့်ပွင့်ဦးတို့၏ဖခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ (ဒေါ်တင်သန်း)၊ ဒေါ်မြင့်မြင့်မော်တို့၏ ခင်ပွန်းသည် ၂၁-၃-၂၀၁၅ရက်(စနေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ထန်းတောကြီးလမ်းနေ (ဦးမြင့်)-ဒေါ်မြင့်မြင့်မော်တို့၏နေအိမ်မှ မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးတောင်ကြီး

တပ်မတော်-ရေ (ငြိမ်း)

(CDC 40137 V-Ship Shipping)

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ အမှတ် ၁၆၆/အေ၊ ခြောက်လွှာနေ (ဦးသာဟန် - ဒေါ်အုန်းကြည်)တို့၏ ချစ်လှစွာသောသား၊ (ဦးဗိုလ်သန်း)-ဒေါ်မြိုင်တို့၏သားသမက်၊ ဒေါ်ညီညီခင်၏ခင်ပွန်း၊(ဦးအောင်မြင့်)၊ ဒေါ်အေးအေးမြင့်တို့၏မောင်၊ (ဦးစန်းမြင့်)၊ ဦးပေါစံတို့၏အစ်ကို၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းနွဲ့၊ (ဦးဝင်း)-ဒေါ်ခင်စန်းဝေ၊ ဦးတင်မောင်ဝင်းတို့၏ညီ၊ ဒေါ်စုစုခင်၊ ဦးဝိမလ (ဦးလှိုင်ဘွား)၊ ဦးထွေးအောင်-ဒေါ်ကေသီရွှေ၊ ဦးမင်းဟိန်း-ဒေါ်ချိုသိမ့်စိုး၊ ဦးစိုးထိုက်-ဒေါ်မိုးကလျာဦး၊ဦးသန်းဦး-ဒေါ်သင်းသင်းလှိုင်၊ ဦးကောင်းမြတ်ထွန်း-ဒေါ်ခင်မြတ်ကြွယ်တို့၏အစ်ကို၊ မောင်စိုးညိမ်းစံ-မမြသန္တာ၊ မောင်ဇင်မင်းမောင်-မခင်မြိုင်လေးတို့၏ဖခင်၊ မောင်မျိုးဇော်ဝင်း၊ မယွန်းရတီမောင်တို့၏အဘိုးသည်၂၀-၃-၂၀၁၅ရက်(သောကြာနေ့) ည ၈း၄၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစောလှမောင် (ကြို့ပင်ကောက်)

လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း(သဃ်္ဃန်းကျွန်းမြို့နယ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ရပ်ကွက်ကောင်စီအတွင်းရေးမှူး(ဟောင်း)

မင်္ဂလာတောင်ညွန့်မြို့နယ် တရားသူကြီး(ဟောင်း)

အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ(ဦးဘိုးကင်း-ဒေါ်သက်)တို့၏သား၊ (ယခင်)ရန်ကုန်မြို့၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်းနေ (ဦးအုန်းမောင် - ဒေါ်အုန်းမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၁)၊ ဝေဇယန္တာလမ်း၊ တိုက် ၂၊ အခန်း ၇-C/Dနေ ဒေါ်သန်းရွှေ၏ခင်ပွန်း၊ ဦးတင်ဝင်းလွင်(ပန်းချီ)၊ ဦးခင်မောင်လတ်-ဒေါ်အေးအေးမြင့်၊ ဦးကျော်ကျော်၊ ဒေါ်ငွေငွေဝင်း၊ ဦးအောင်ကျော်စိုး-ဒေါ်အေးအေးသန့်၊ ဦးရဲဝင်း-ဒေါ်ငွေငွေရီတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၀-၃-၂၀၁၅ရက်(သောကြာနေ့)ည ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၃-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

## ဦးကျော်အေး (ကျောက်မြောင်း)

ဦးစီးအရာရှိ(ငြိမ်း)၊ (စိုက်/မွေး)

အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးစံပြရပ်ကွက်၊ အောင်ဘာလေလမ်း၊ အမှတ် ၁၃နေ (ဦးအပ်-ဒေါ်ချစ်)တို့၏သား၊ (ဦးကြည်-ဒေါ်ခင်သောင်း)တို့၏သားသမက်၊ ဒေါ်မြမြသွင်၏ခင်ပွန်း၊ (အလုပ်သင်ဗိုလ်မောင်မောင်အေး)(တေဇ-၉)၊ ဒေါ်နွယ်နီအေး(စက်မှုသီးနှံ)၊ ဗိုလ်ကြီးကျော်မိုးအေး(ငြိမ်း) (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ဥမ္မာလွင်၊ ဦးတင်မျိုးအေး-ဒေါ်နှင်းသီသီလွင်၊ ဦးဇော်မိုးအေးတို့၏ဖခင်ကြီး၊ ကိုကျော်တေဇအေး-မခိုင်ခင်ထွန်း၊ ကိုဝေဖြိုးသီဟအေး၊ မောင်မျိုးမင်းပိုင်တို့၏အဘိုးသည် ၂၁-၃-၂၀၁၅ရက်(စနေနေ့)နံနက် ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်မော်ကြည်

အထပြ(ငြိမ်း)

အထက(၂)လသာ

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊အမှတ် ၂၇၄နေ(ဦးမော်-ဒေါ်ကြည်)တို့၏တစ်ဦးတည်းသောသမီး၊ ဒေါ်ထက်ထက်အောင်၏မွေးစားမိခင်သည် ၂၁-၃-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဆီးနှင့်ကျောက်ကပ်အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမိုဟာမတ်ဟာရွန်(ခ)

**ဘာရားဟာရွန်**

B.A (History)

အသက်(၅၂)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကျီးကန်းပြင်ကျေးရွာနေ (ဦးဂျော်မိလ်အာမတ် - ဒေါ်ဆောမ်မဲရ်)တို့၏ မြေး၊ (ဟာဂျီ ဦးဘော်ရှိရ်အာမတ်-ဒေါ်ဘေဂွမ်)တို့၏သားဦး၊ စပါယ်ကုံးကျေးရွာနေ [ဟာဂျီ ဦးအာဘူအာလောမ် (ချော်ဒရီ)-ဟာဂျီမ ဒေါ်အာမီနာ]တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ Central Tower နေ ဟာဂျီ ဦးအာဘုလ်နာဆဲရ် (ခ) ဦးဝင်းလှိုင်-ဟာဂျီမဒေါ်ခင်ခင်မြင့်တို့၏ညီ/မောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း ၁၄၀ နေ ဦးမူဟာမတ်ဟာလိမ်-ဒေါ်ဆလ်မာတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၁၃၀ (လေးလွှာ)နေ ဟာဂျီမဒေါ်ခင်စန္ဒာမြင့်(ခ)ဟာဖ်ဆာဘေဂွမ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇော်ဝင်းအေး(ပထမနှစ်၊ဒဿနိကဗေဒ)၊ မချောစုလှိုင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၄-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၇း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမာဇ်အပြီး ရေဝေးစွန္နီကဗာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်မြတ်စိုး

စက်မှု၊လက်မှုအထက်တန်းကျောင်း

အမှတ်(၂)၊ ရန်ကုန်

(ကန်တော့ခံဆရာကြီး)

အသက်(၈၀)

ဘိုကလေးမြို့နေ (ဦးဘဖေ-ဒေါ်အေးရင်)တို့၏သား၊ လှိုင်မြို့နယ်နေ (ဦးသောင်း-ဒေါ်သန်း)တို့၏ညီ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁-တိုးချဲ့)ရပ်ကွက်၊ စီးပွား/ကူးသန်းဝန်ထမ်းအိမ်ရာ၊ တိုက် ၁၇၊ အခန်း၂၄နေ ဒေါ်အမြင့်၏ခင်ပွန်း၊ ကိုကျော်စန်းဝင်း-မနွယ်နွယ်ဦး၊ ကိုသန့်ဇေယျ-မဆွေဆွေနိုင်၊ မမြတ်မြတ်စိုးတို့၏ဖခင်၊ မောင်ဇော်ဝင်းနိုင်၊ မအေးချမ်းမိုးတို့၏အဘိုးသည် ၂၀-၃-၂၀၁၅ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသောင်းညွန့် (ထားဝယ်)

လက်ထောက်ဌာနမှူး(ငြိမ်း)

အင်ဂျင်နီယာဌာန(လမ်း/တံတား)

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၈)ရပ်ကွက်၊ သီရိမင်္ဂလာ ၂၈လမ်း၊ အမှတ် ၁၁နေ(ဦးတင်ညွန့်)-ဒေါ်ငြိမ်းပိုတို့၏သားကြီး၊ (ဦးမောင်ချစ်-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ဝင်း၏ခင်ပွန်း၊ ဦးကျော်နိုင်ဦး (NAT STEEL ASIA PTE, LTD, SINGAPORE)-ဒေါ်ဖြူမာသန့်တို့၏ဖခင်၊ ဦးထိန်မြင့် - ဒေါ်သောင်းရီ၊ ဦးသောင်းရှိန်-ဒေါ်မိုးမိုးမြင့်၊ ဦးမောင်မောင်လေး၊ ဦးထွန်းထွန်းလတ်-ဒေါ်ရီရီအေးတို့၏အစ်ကိုကြီး၊ မဖူးမြတ်သဇင်၊ မခြူးဟေသဇင်တို့၏ အဘိုးသည် ၂၁-၃-၂၀၁၅ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ရင်းနှီးမြှုပ်နှံမှုနှင့်အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ခြင်းဖြင့် လူထုယုံကြည်မှုရရှိနိုင်မည်



**ရန်ကုန် မတ် ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က) ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် သီလဝါအထူး စီးပွားရေးဇုန်အပိုင်း(က)၌ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လျက်ရှိသော KOYORAD MYANMAR FACTORY PROJECT သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းရှိ မြန်မာအလုပ်သမား ၂၀၀ ကျော်တို့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းတည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လျက်ရှိသည့် GOLDEN TOKYU Construction သို့ ရောက်ရှိပြီး လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ Construction မှာ ယခုနှစ် နိုဝင်ဘာလတွင် ပြီးစီးမည်ဖြစ်ပြီး ဒီဇင်ဘာလတွင် လုပ်ငန်းလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳

## မြန်မာ-မလေးရှား နိုင်ငံတကာခြေစမ်းပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၁** အာရှယူ - ၂၃ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၂ လက်ရွေးစင်အသင်းနှင့် မလေးရှားယူ-၂၂ အသင်းတို့သည် မတ် ၂၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ယှဉ်ပြိုင်ကစားနေမှုကို မြန်မာ့ရုပ်မြင်သံကြား News Channel, Entertaintment Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့ ခြေစမ်းမည်

**ရန်ကုန် မတ် ၂၁**

အာရှယူ -၂၃ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ ယူ -၂၂ အသင်းနှင့် မလေးရှား ယူ -၂၂



အသင်းတို့သည် မတ် ၂၂ ရက် (ယနေ့) ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ- ၂၂ အသင်းတို့မှာ ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်လျက်ရှိပြီး မလေးရှားအသင်းမှာ နောက်ဆုံးပြင်ဆင်သည့် အနေဖြင့် ရန်ကုန်မြို့၌ လာရောက်လေ့ကျင့်နေခြင်းဖြစ်သည်။ မလေးရှား ယူ-၂၂ အသင်းမှာ မတ် ၁၆ ရက်ကတည်းက လာရောက်လေ့ကျင့်နေခြင်း ဖြစ်ပြီး မတ် ၁၉ ရက်တွင် မြန်မာယူ -၂၀ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၃* ○

**ရန်ကုန် မတ် ၂၁**

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည့် မြန်မာ ယူ- ၂၀ အသင်းသည် ဥရောပနိုင်ငံများ၌ လေ့ကျင့်မှုများပြုလုပ်ရန် မတ် ၂၂ ရက် (ယနေ့ )ညပိုင်းတွင် ဆားဘီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် ဥရောပနိုင်ငံများ၌ မေလဆန်းပိုင်းအထိ တစ်လကျော်ကြာသွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ပထမဆုံးအဖြစ် ဆားဘီးယားနိုင်ငံသို့ သွားရောက်ခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ဆားဘီးယားနိုင်ငံ၌ ဆားဘီးယား ယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ဂျာမနီ၊ဟော်လန်၊ ဟန်ဂေရီနှင့် ဆလိုဗက်ကီးယားနိုင်ငံများသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၃* ❒

## မြန်မာယူ - ၂၀ အသင်း ဥရောပနိုင်ငံများ၌လေ့ကျင့်ရန် ယနေ့ထွက်ခွာမည်

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**









မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS